# အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

# တည်ထောင်ခြင်းနှင့် ဖြစ်ထွန်းတိုးတက်လာမှု

# သမိုင်းကြောင်း



# အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် မြန်မာနိုင်ငံမှ သမိုင်း ကြောင်းနောက်ခံကွဲပြားသည့် တိုင်းရင်းသူ အမျိုးသမီးအဖွဲ့အစည်းများဖြင့် စုပေါင်းဖွဲ့စည်းထားသော ပထမဦးဆုံးအဖွဲ့ဖြစ်သည်။ ဤအဖွဲ့ချုပ်တွင် မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသော ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့မှ နယ်စပ်ဒေသများရှိ အမျိုးသမီးအဖွဲ့အစည်း (၁၃) ဖွဲ့ ပါဝင်သည်။ ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် တည်ထောင်ဖွဲ့စည်းခဲ့သည်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)သည် အမျိုးသမီးများ၏အခွင့်အတန်းတိုးတက်မြင့်မားလာစေရေးနှင့် အရည်အချင်း ပြည့်ဝစေရေးတို့အတွက် သာမက အရည်အချင်းမြှင့်တင် ခြင်း၊ စည်းရုံးချဉ်းကပ်ခြင်း၊ သုတေသနပြုခြင်းနှင့် မှတ်တမ်းတင်ခြင်းများမှတဆင့် ဒီမိုကရေစီရေးလှုပ်ရှားမှု၊ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးအပါအဝင် ကဏ္ဍများအားလုံးတွင် အမျိုးသမီးများ ပိုမိုပါဝင်လုပ်ကိုင်လာစေရေးအတွက် လှုပ်ရှားဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်သည်။

## ရည်ရွယ်ချက်များ

- အမျိုးသမီးများစွမ်းရည်မြင့်မားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး
- ကျား၊ မ တန်းတူရေး
- အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှု အားလုံး ပပျောက်ရေး
- လူမှုကဏ္ဍအသီးသီးနှင့် ဆုံးဖြတ်ချက်ချသည့် အဆင့်တိုင်းတွင် အမျိုးသမီးများ ပိုမိုပါဝင်လာရေး
- ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီရေး

# မာတိကာ

**နိဒါန်း** ---------------------------------------------------------------- ၁
**အကြောင်းရင်းနောက်ခံ** --------------------------------------------------------- ၄
**အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) တည်ထောင်ခြင်းဆီသို့ ဦးတည်ခဲ့သော ဖြစ်စဉ်ရက်စွဲများ** ---- ၁၁
ဈ၉၉၂ – ၁၉၉၇ ၊ အမျိုးသမီးအုပ်စုအသစ်များ၊ အမျိုးသမီးများအတွက် စိန်ခေါ်ချက်အသစ်များ -- ၁၁
၁၉၉၈ – ၁၉၉၉။ မဟာမိတ်အဖွဲ့ချုပ်တခု ဖွဲ့စည်းရန် စုစည်းခြင်း ---------------------- ၂၀
အဖွဲ့ချုပ် တည်ထောင်ခြင်းအပေါ် ပြန်လည်သုံးသပ်ချက် -------------------------- ၅၁
**ပထမအကြိမ်ညီလာခံ** ----------------------------------------------------- ၅၄
**အခြေခံဥပဒေပါ အဓိကအချက်များ** -------------------------------------- ၅၆
**ရည်ရွယ်ချက်များ** -------------------------------------------------------- ၅၇
**ဖွဲ့စည်းပုံ** ------------------------------------------------------------- ၅၉
**အဖွဲ့ဝင်ဖြစ်မှု** ---------------------------------------------------------- ၆၂
**WLB အတွင်း အဖွဲ့ဝင် အပြောင်းအလဲများ။ ၂၀၀၀ – ၂၀၁၀** --------------------------- ၆၅
**လှုပ်ရှားမှုအတွင်း တခြားအဖွဲ့အစည်းများနှင့် ဆက်ဆံမှု** ------------------------ ၇၀
တခြားအမျိုးသမီးအုပ်စုများ၊ အမျိုးသမီးလုပ်ငန်းအစီအစဉ်များဖြင့် ဆက်ဆံရေး ------------ ၇၀
နိုင်ငံရေးအဖွဲ့အစည်းများ၊ မဟာမိတ်များနှင့် ဆက်ဆံရေး ------------------------ ၇၁
**အောင်မြင်မှုများနှင့် စိန်ခေါ်ချက်များ** ------------------------------------------ ၇၃
**အနာဂတ်** ---------------------------------------------------------------- ၈၂
**နောက်ဆက်တွဲများ**
နောက်ဆက်တွဲ (က) အမည်အတိုကောက်များ စာရင်း -------------------------- ၈၃
နောက်ဆက်တွဲ (ခ) တွေ့ဆုံမေးမြန်းခဲ့သူများ စာရင်း ----------------------------- ၈၄
နောက်ဆက်တွဲ (ဂ) စာဖြင့်ရေးသားထားသော ကိုးကားစာတမ်းများ စာရင်း ------------ ၈၅

# နိဒါန်း

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၏ လုပ်ငန်းများနှင့် ၎င်းလုပ်ငန်းအစီအစဉ်များ၏ ထိရောက်မှုကို လေ့လာရန်အတွက် ပြန်လည်သုံးသပ်ချက်အစီအစဉ်တခုကို ၂၀၀၆ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည်။ တချိန်တည်းတွင် ပြန်လည်သုံးသပ်ချက်အတွက် စုဆောင်းရရှိသော သတင်းအချက်အလက်များကို အသုံးပြု၍ အဖွဲ့ချုပ် တည်ထောင်ခြင်း သမိုင်းကြောင်းကို ရေးသားရန် အဖွဲ့ချုပ်အတွင်း ဆွေးနွေးမှုတခုလည်း ရှိခဲ့သည်။ အဖွဲ့ချုပ်၏ ၂၀၀၇ ခုနှစ် ညီလာခံတွင် ညီလာခံကိုယ်စားလှယ်များမှ ၂၀၀၇ –၂၀၀၈ ခုနှစ် သက်တမ်းအတွင်း အဖွဲ့ချုပ် သမိုင်းကြောင်း ရေးသားခြင်းလုပ်ငန်းကို အသစ်ရွေးချယ်ခံရမည့် အတွင်းရေးမှူးအဖွဲ့က ကြီးကြပ်သင့်သည်ဟု သဘောတူညီခဲ့ကြသည်။ ၂၀၀၆ ခုနှစ် ပြန်လည်သုံးသပ်ခြင်းအစီအစဉ်အတွင်း စုဆောင်းရရှိခဲ့သော သတင်းအချက်အလက်များသည် ပြီးပြည့်စုံသော သမိုင်းကြောင်းတခုကို ပုံဖော်ရေးသားရန် မလုံလောက်သေးသဖြင့် နောက်ထပ် သုတေသနတချို့ ထပ်မံလုပ်ဆောင်ရန် လိုအပ်လိမ့်မည်ဟုလည်း ကိုယ်စားလှယ်များက နားလည်သဘောပေါက်ခဲ့သည်။ သို့သော် ၂၀၀၇ – ၂၀၀၈ အတွင်းရေးမှူး သက်တမ်းတွင် ထိုဆုံးဖြတ်ချက်ကို အကောင်အထည် မဖော်နိုင်ဖြစ်ခဲ့ရသည်။ အကြောင်းမှာ ရွှေဝါရောင်တော်လှန်ရေးနှင့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း ကျရောက်တိုက်ခတ်မှုများအတွက် တုန့်ပြန်ဆောင်ရွက်ရသော အပိုဆောင်းလုပ်ငန်းများ ရှိခဲ့သောကြောင့်ဖြစ်သည်။ ၂၀၀၉ ခုနှစ် ညီလာခံတွင် ညီလာခံကိုယ်စားလှယ်များ မှ ၂၀၀၉ – ၂၀၁၀ သက်တမ်းအတွင်း အတွင်းရေးမှူးအဖွဲ့မှ ကြီးကြပ်၍ အဖွဲ့ချုပ်၏ သမိုင်းကြောင်းကို ရေးသားရန်ဟူသော ဆုံးဖြတ်ချက်ကို ထပ်မံအတည်ပြုခဲ့သည်။ သမိုင်းကြောင်းရေးသားသူသည် အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)နှင့် အဖွဲ့ချုပ်၏ အဖွဲ့ဝင်အဖွဲ့အစည်းများအကြောင်းကို သိရှိသူဖြစ်သင့်သကဲ့သို့ မည်သည့်အဖွဲ့အစည်းတွင်မှ တိုက်ရိုက်ပါဝင်ပတ်သက်သူ မဖြစ်သင့်ဟူ၍လည်း သဘောတူခဲ့သည်။ ခရစ်စတွီနာဖင့်ကို ၂၀၀၉ ခုနှစ် နှစ်လည်ပိုင်းတွင် သမိုင်းအထွေပြွတ္တိ ရေးသားပေးရန် ချဉ်းကပ်ခဲ့ရာ သူမမှ သဘောတူခဲ့သည်။

အကြောင်းအချက်များစွာအတွက် အဖွဲ့ချုပ်၏ သမိုင်းကြောင်းကို ရေးသားထားရှိရန် အရေးကြီးသည်ဟု အဖွဲ့ချုပ် အဖွဲ့ဝင်များက ခံစားမိခဲ့ကြသည်။ ယခုလို တပ်ပေါင်းစု တစ်ခုတည်ထောင်ရန်အတွက် မည်မျှအားထုတ်ကြိုးပမ်း ခဲ့ရသည်ကို အဖွဲ့ဝင်အများစုက အဖွဲ့ချုပ်အဖွဲ့ဝင်များ၏ နောင်မျိုးဆက်သစ်များနှင့် အခြားသူများအား သိစေချင်ခဲ့သည်။ အဖွဲ့ဝင်များက သမိုင်းကြောင်း မပျောက်မပျက် ကျန်ရှိစေရန်အတွက်လည်း အဖွဲ့ချုပ်တည်ထောင်ခြင်း လုပ်ငန်းစဉ်တခုလုံးကို မှတ်တမ်းတင်ထားလိုကြသည်။ ထို့အပြင် စာဖြင့်ရေးသားထားသော အဖွဲ့ချုပ်၏ သမိုင်းကြောင်း ရှိထားပါက အဖွဲ့ချုပ်သို့လာရောက်ဆက်သွယ်ကာ အဖွဲ့ချုပ်အကြောင်း ပိုမိုသိရှိနားလည်လိုသူ မြန်မာလူမျိုးများနှင့် နိုင်ငံခြားသားများအတွက် အဆင်သင့် ဖတ်စရာတခုအဖြစ်လည်း အသုံးဝင်လိမ့်မည်ဟု အဖွဲ့ ဝင်များက ခံစားမိခဲ့သည်။

၂၀၁၀ ခုနှစ်ဇန်နဝါရီလတွင်သမိုင်းကြောင်းရေးသားရေးလုပ်ငန်းစီမံချက်ကြီးကြပ်ရေးကော်မတီက သမိုင်းကြောင်း ရေးသားရာတွင် အောက်ဖော်ပြပါခေါင်းစဉ်များ ပါဝင်သင့်သည်ဟု သဘောတူခဲ့သည်။

- အမျိုးသမီးများ၏ မဟာမိတ်အဖွဲ့တခု ပေါ်ပေါက်ရေး စိတ်ကူးပေါ်ထွက်လာပုံ
- အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) တည်ထောင်ခဲ့ပုံ
- အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၏ အဖွဲ့ဝင်အဖွဲ့စည်းအဖြစ် သတ်မှတ်ချက် စံနှုန်းများ နှင့် စံနှုန်း သတ်မှတ်ချက်၏ အကြောင်းရင်းခံများ
- အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ကြုံတွေ့ခဲ့ရသော ဖွဲ့စည်းပုံစိန်ခေါ်ချက်များနှင့် ကနဦးက အဖွဲ့ချုပ်သို့ မဝင်ရောက်သော အဖွဲ့အစည်းများ (သို့မဟုတ်) နောက်ပိုင်းတွင် အဖွဲ့ချုပ်မှ ထွက်ခွာသွားသော အဖွဲ့အစည်းများ အပါအဝင် ဖြေရှင်းသည့် နည်းလမ်းများ
- တခြားအမျိုးသမီးအဖွဲ့အစည်းများနှင့် ဆက်ဆံရေး
- လူပ်ရှားမှုအတွင်း တခြားအဖွဲ့အစည်းများနှင့်ဆက်ဆံရေး

- အဖွဲ့ချုပ် သမိုင်းကြောင်း၏ ပထမဆယ်နှစ်တာ သက်တမ်းအတွင်း အဓိကအောင်မြင်မှုများ
- တွေ့ဆုံမေးမြန်းခြင်းမှ ပေါ်ထွက်လာသော တခြားဆက်နွယ်သည့်အကြောင်းအရာများ

သမိုင်းကြောင်းရေးသားရန်အတွက် တွေ့ဆုံမေးမြန်းခြင်းများကို လူကိုယ်တိုင်သော်လည်းကောင်း၊ တယ် လီဖုန်းဖြင့်သော်လည်းကောင်း၊ အီးမေးလ်ဖြင့်သော်လည်းကောင်း ၂၀၀၉ ဒီဇင်ဘာလမှ ၂၀၁၀ ဖေဖော် ဝါရီလအထိ ဆောင်ရွက်ခဲ့သည်။ စာရေးသူသည် အဖွဲ့ချုပ်တည်ထောင်ခြင်း၊ ဖြစ်ပေါ် တိုးတက်လာခြင်းနှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၊ BWU၊ SWAN၊ Images Asia နှင့် BRC တို့မှ ပေးပို့သော အထောက်အထားများတွင် လည်း အားပြုခဲ့ပါသည်။ နောက်ဆက်တွဲ (ဂ) တွင် အကိုးအကား စာရင်းများကို ဖော်ပြထားပါ သည်။

မြန်မာနိုင်ငံတွင် ပုံမှန်အားဖြင့် အမျိုးသမီးများကို လေးစားသမှုဖြင့် အမည်ရှေ့တွင်တပ်၍ခေါ်သော ခေါင်းစဉ်များ (ဒေါ်၊ မ) အသုံးမပြုထားခြင်းကို သတိချပ်သင့်သည်။ အဘယ်ကြောင့်ဆိုသော် ဘာ သာစကားမျိုးစုံတွင် ထိုကဲ့သို့ ခေါင်းစဉ်တပ်ခေါ်ခြင်းများစွာရှိခြင်းကြောင့် ထိုခေါင်းစဉ်ကိုအမျိုးသမီးအ မည်၏ တစိတ်တဒေသ အဖြစ် စာဖတ်သူများ ရောထွေးသွားမည်ကို စိုးရိမ်ခြင်းကြောင့် ဖြစ်သည်။ ထို့အပြင် "မြန်မာလူမျိုး" ဟူသော အသုံးအနှုန်းကို အသုံးပြုသောအခါတွင် မြန်မာနိုင်ငံမှ ပြည် သူအားလုံးသို့ ရည်ညွှန်းပါသည်။

အဖွဲ့ချုပ်၏ သမိုင်းကြောင်းကို သုတေသနပြုခြင်းနှင့် ရေးသားခြင်းသည် အလွန်အကျိုးရှိသော အ တွေ့အကြုံတခုဖြစ်ခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် အဖွဲ့ချုပ်တည်ထောင်ရေးကို ဦးတည်စေ သော ကာလတွင် ပါဝင်ခဲ့သူ အားလုံးက အမျိုးသမီးအခွင့်အရေးနှင့် အမျိုးသမီးစွမ်းရည်မြှင့်တင် ရေးအပေါ်တွင် အာရုံစိုက် ဆောင်ရွက်မည့် မြန်မာနိုင်ငံ အမျိုးသမီးများ၏ ပထမဦးဆုံးသော အမျိုး သမီးအဖွဲ့ချုပ် ရုပ်လုံးပေါ်လာစေရေးအတွက် တတပ်တအား ပါဝင်ခဲ့ရသည့်အပေါ် အထူးဂုဏ်ယူ နေကြခြင်းကြောင့်ပင် ဖြစ်ပါသည်။

# အကြောင်းရင်းနောက်ခံ

အမျိုးသမီးအဖွဲ့ချုပ် (မြန်မာနိုင်ငံ) တည်ထောင်နိုင်ခဲ့ခြင်းကို အထူးတလည် အောင်မြင်မှုကြီးတခု အဖြစ် မည်သည့်အတွက်ကြောင့် သတ်မှတ်ရခြင်းကို နားလည်ရန်အတွက် လွန်ခဲ့သော နှစ်ပေါင်းခြောက်ဆယ်ကျော်ကြာမှစ၍ ဖြစ်တည်ခဲ့သော မြန်မာ့နိုင်ငံရေး အခင်းအကျင်းကို ကြည့်ရှုရန်လိုအပ်သည်။ ဗမာမဟုတ်သော တိုင်းရင်းသား လူမျိုးများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တော်လှန်ရေးနှင့် ဒီမိုကရေစီရေးအတွက် တိုက်ပွဲဝင်နေသော တော်လှန်ရေး နှစ်ရပ်စလုံးသည် ဆယ်စုနှစ်များစွာကြာဖြစ်ထွန်းလာနေဆဲဖြစ်သော်လည်း အမြဲတစေချိတ်ဆက်နေသည် မဟုတ်ပေ။ ထို့အပြင် အမျိုးသမီးများသည် ၎င်းတို့အခွင့်အရေးအတွက် တောင်းဆိုတိုက်ပွဲဝင်ခြင်းကို မဆိုထားနှင့် နိုင်ငံရေးတွင်ပါဝင်ရန်ကိုပင် အားပေးခြင်း မခံခဲ့ရပေ။ ဤသို့မတူညီသော တော်လှန်ရေးနှစ်ခုတွင် ပါဝင်ခဲ့ကြသည့်အမျိုးသမီးများတွင် မတူညီသော နောက်ခံသမိုင်းကြောင်းနှင့် အတွေ့အကြုံများ ရှိခဲ့ကြသည်။ ထိုမတူညီသော အမျိုးသမီးများက မဟာမိတ်အဖွဲ့ချုပ်တခု ဖွဲ့စည်းရန်အတွက် အတူတကွ စုဆုံရန်မှာလွယ်ကူသော လုပ်ငန်းတခုမဟုတ်ခဲ့ပေ။

ပထဝီဝင်အနေအထားအရ မြန်မာပြည်သူများသည် တကွဲတပြား တည်ရှိနေထိုင်ကြသည်။ ရေးပဝေသဏီနှင့် ယနေ့ကာလထိတိုင် တောင်တန်းများပေါ်တွင် နေထိုင်ကြသော ပြည်သူများသည် မြေပြန့်ဒေသတွင် နေထိုင်သူ ပြည်သူများနှင့် ဆက်သွယ်မှု မဆိုမျှလောက်သာ ရှိကြသကဲ့သို့ မြေပြန့်နေပြည်သူများသည်လည်း ထို့အတူပင် ဖြစ်သည်။ တောင်ပေါ်ဒေသများအကြားတွင်လည်း ဆက်သွယ်မှုသည် အကန့်အသတ်ပင် ဖြစ်နေဆဲဖြစ်သည်။ ကိုလိုနီခေတ်အတွင်း တောင်ပေါ်ဒေသများသို့လမ်းများ ဖောက်လုပ်ခဲ့သည်။ သို့သော် အုပ်ချုပ်ရေးယန္တရားသည် မြေပြန့်ပြည်မနှင့် တောင်တန်းဒေသများအကြား ခွဲခြားထားခဲ့သည်။ ပြည်မမြန်မာနိုင်ငံကို အင်္ဂလိပ်တို့က တိုက်ရိုက်အုပ်ချုပ်ခဲ့ပြီး တောင်တန်းဒေသများကို အင်္ဂလိပ်အစိုးရကို သစ္စာစောင့်သိသရွေ့ နယ်စားပယ်စားများအား အုပ်ချုပ်ခွင့်ပြုခဲ့သည်။ အင်္ဂလိပ်ထံမှ လွတ်လပ်ရေးမရခင် ၁၉၄၇ ခုနှစ်တွင် ဗမာခေါင်းဆောင် ဗိုလ်ချုပ်

အောင်ဆန်းနှင့် တခြားတိုင်းရင်းသား ကိုယ်စားလှယ်များက ပင်လုံသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ပင်လုံသဘောတူ စာချုပ်က တိုင်းရင်းသားပြည်နယ်များတွင် လွတ်လပ်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးမည်ဟု ကတိပြုခဲ့သည်။ သို့သော် လွတ်လပ်ရေးရပြီးနောက် မဆိုသလောက်သော အာဏာကိုသာ တိုင်းရင်းသား ပြည်နယ်များသို့ လွှဲပြောင်း အပ်နှင်း ပေးခဲ့သည်။ တိုင်းရင်းသားဒေသများအတွင်း ဖွံ့ဖြိုးတိုးတက်မှု အတွက်ကိုလည်း ဗဟိုအစိုးရက အထူး တလည် အာရုံ စိုက်ခြင်းမရှိခဲ့ပေ။

၁၉၄၀ ခုနှစ်များ နှောင်းပိုင်းများမှစ၍ မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် ပြည်တွင်းစစ်မီးသည် တောက်လောင်နေခဲ့သည်။ ကွန်မြူနစ်နှင့် တိုင်းရင်းသား လက်နက်ကိုင်တပ်များက ဒေသတော်တော်များများကို သိမ်းပိုက်ထားခဲ့သည်။ အထူးသဖြင့် တိုင်းရင်းသားပြည်နယ်များတွင် ဖြစ်ခဲ့သည်။ တိုင်းရင်းသား လက်နက်ကိုင် တပ်များသည် ၄င်းတို့ ဒေသအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့် အဆင့်တခု ရရှိရန်အတွက် တိုက်ပွဲဝင်ခဲ့ကြကာ လက်နက်ကိုင် တော်လှန်ရေးဖြင့်သာ ၄င်းတို့ရည်မှန်းချက်အောင်မြင်နိုင်မည်ဟု တိုင်းရင်းသားများက မှတ်ယူခဲ့သည်။ မြန်မာပြည် ကွန်မြူနစ် ပါတီသည် ကွန်မြူနစ်စနစ်အကောင် အထည်ဖော်နိုင်ရန်အတွက် လက်နက်ကိုင်တော်လှန်ရေးအတွင်းသို့ ဝင်ရောက်ခဲ့သည်။ ၁၉၆၂ ခုနှစ် တွင် ဗိုလ်ချုပ်ကြီးနေဝင်း အာဏာသိမ်းအပြီးတွင် တိုင်းရင်းသား ပြည်နယ်များရှိ မဖြစ်စလောက် အာဏာကိုပါ ဖယ်ရှားခံလိုက်ရသည်။ လွတ်လပ်သော အဖွဲ့အစည်းများ အားလုံးနီးပါး ဖျက်သိမ်းပေးခဲ့ရသည်။

၁၉၈၉ ခုနှစ်တွင် မြန်မာပြည်ကွန်မြူနစ်ပါတီ ပြိုလဲခဲ့သည်။ ၁၉၈၉ ခုနှစ် နှင့် ၁၉၉၅ ခုနှစ်အကြား တိုင်းရင်းသားလက်နက်ကိုင်တပ်များသည်စစ်အစိုးရနှင့်အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်များ ချုပ်ဆိုကာ ၄င်းတို့ ဒေသများအတွင်း တိုက်ခိုက်မှုများကို အဆုံးသတ်ခဲ့သည်။ သို့သော် မျှော်လင့်တောင့်တသော နိုင်ငံရေး အပြောင်းအလဲများကိုတော့ မဆောင်ကျဉ်းနိုင်ခဲ့ပေ။ မြန်မာနိုင်ငံအရှေ့ဖက် ခြမ်းဒေသအများစုတွင် ပြည်တွင်းစစ် ဆက်လက်ဖြစ်ပွားခဲ့သည်။ တိုင်းရင်းသားပြည်နယ်များအတွင်း ပြည်တွင်းစစ်ဖြစ်ပွားရာဒေသများတွင် မြန်မာစစ်တပ်သည် အရပ်သား ပြည်သူများကို အကြမ်းဖက်ခြင်း၊ ရိက္ခာရုံများကို ဖျက်ဆီးပစ်ခြင်း၊ ရွာများကို မီးရှို့ခြင်း၊ အမျိုးသမီးများနှင့် မိန်းမငယ်

များအား အခမ့်ပြုကျင့်ခြင်း၊ တိုင်းရင်းသား တော်လှန်ရေးတပ်များအတွက် လုပ်ကိုင် ပေးသူဟု သံသယဖြစ်ခံရသူ ရွာသားများအား နှိပ်စက်ခြင်း ၊ သတ်ဖြတ်ခြင်းကို ကျူးလွန်ကြသည်။ ရွာသား တော်တော်များများသည် ၎င်းတို့မိသားစုနှင့် လူထုအပေါ် မြန်မာစစ်တပ်၏ မတရားပြုကျင့်မှုအပေါ် မခံရပ်နိုင်ဖြစ်ကာ တိုင်းရင်းသားလက်နက်ကိုင်တပ်များထံသို့ ဝင်ရောက်ခဲ့ကြသည်။ ထို့အပြင် ဖြစ်စဉ်တော်တော်များများ၌ ပြည်တွင်းစစ် ဖြစ်ရာဒေသများတွင် နေထိုင်သော ဗမာများသည် မြန်မာစစ်တပ်၌ ဝင်ရောက်စစ်မှုထမ်းကြသည်။ ထိုအချက်က မည်သည့်ဗမာကိုမဆို မယုံကြည်ရဟူသော ခံစားမှုကို ထွက်ပေါ်လာစေခဲ့သည်။ တိုင်းရင်းသား တော်လှန်ရေး ခေါင်းဆောင်များက မည်သည့် ဗမာအစိုးရပင် ဖြစ်စေ တိုင်းရင်းသားအခွင့်အရေးကို လေးစားလိုက်နာမည့်အပေါ် သံသယရှိသည်ဟု ထုတ်ဖော်ပြော ဆိုခဲ့ကြသည်။ တိုင်းရင်းသားပြည်နယ်များ၏ လူသူ အရောက်အပေါက်နည်းသော ဒေသများတွင် မြန်မာစကားကို လည်လည်ပတ်ပတ် မပြောနိုင်ကြပေ။ တချို့က ရန်သူ့စကားဟုပင် သတ်မှတ်ထားကြသည်။

စစ်တပ်က ၁၉၆၂ ခုနှစ် အာဏာသိမ်းယူခဲ့ပြီးနောက် လူပ်ရှားတက်ကြွသူများသည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြန်လည် ဖော်ဆောင်ရေးအတွက် သံမဏိဇွဲနှင့် အားထုတ်လုပ်ဆောင်ခဲ့ကြသည်။ အခါအခွင့်သင့်သလို အကြမ်းမဖက် ဆန္ဒပြပွဲများမှတဆင့် အပြောင်းအလဲတခု ဖော်ဆောင်ရန် အားထုတ်ခဲ့ကြသည်။ သို့သော် စစ်တပ်၏ အကြမ်းဖက် ဖြိုခွင်းမှုကိုခံခဲ့ရပြီး၊ အဖမ်းဆီးခံခေါင်းဆောင်များသည် နှိပ်စက်ညှဉ်းပန်းခံရခြင်းနှင့် နှစ်ရှည်ထောင်ဒဏ်များ ချခံခဲ့ကြရသည်။ ၁၉၈၈ ခုနှစ်တွင် အကြီးမားဆုံး ဆန္ဒပြပွဲကြီးဖြစ်ပွားခဲ့သည်။ နိုင်ငံအဝှမ်းမြို့ကြီး မြို့ငယ်များတွင် လူထုလူတန်းစား အလွှာစုံ ပြည်သူများသည် လမ်းမများပေါ်သို့ထွက်ကာ ပါတီစုံဒီမိုကရေစီစနစ် ပြန်လည် တည်ဆောက်ရန် တောင်းဆိုခဲ့ ကြသည်။ ကိုလိုနီခေတ်တွင် ဗြိတိသျှတို့ကို တော်လှန်ခဲ့ကြသော နောင်တော် ကျောင်းသားမျိုး ဆက်များကဲ့သို့ပင် မတရားသော အုပ်ချုပ်မှုကို တွန်းလှန်တိုက်ခိုက်ရန် သမိုင်းပေးတာဝန်ရှိသည်ဟု ယုံကြည်သက်ဝင်ကြသော တက္ကသိုလ်ကျောင်းသားများက နေရာဒေသ အတော်များများတွင် ဆန္ဒပြပွဲများကို ဦးဆောင်ခဲ့ကြသည်။ ရက်သတ္တပတ် လေးပတ်မျှအကြာတွင် စစ်သားများ စစ်တန်းလျားများသို့ ပြန်လည်ဆုတ်ခွာပေးခဲ့သဖြင့် ဆန္ဒပြပွဲများတွင် ပါဝင်ခဲ့သူများအတွက် အောင်ပွဲခံ

သော ကာလတခုဖြစ်ခဲ့သည်။ နှစ်ပေါင်း ၂၀ အတွင်း ပထမဦးဆုံး အကြိမ်အဖြစ် ပြည်သူများ လွတ်လပ်စွာ ပြောဆို၊ စည်းရုံးနိုင်ခဲ့သည်။ သို့သော် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် စစ်တပ်က အာဏာပြန်သိမ်းယူသောအခါတွင် လမ်းမများပေါ်သို့ စစ်သားများ အစုလိုက် အပြုံလိုက် ဝင်ရောက်လာကာ အင်အားသုံးထိန်းချုပ်ခဲ့သည်။ တစ်သောင်းထက် မနည်းသော ဒီမိုကရေစီအရေး လှုပ်ရှားတက်ကြွသူများသည် အဖမ်းခံရမည်ကို ရှောင်တိမ်းရန်နှင့် တော်လှန်ရေးကို ဆက်လက် သယ်ပိုးရန်အတွက် မြန်မာနိုင်ငံနယ်စပ်တရိုးရှိ တိုင်းရင်းသားလက်နက်ကိုင်ဒေသများသို့ ထွက်ခွာခဲ့ကြသည်။ လူပေါင်းထောင်နှင့်ချီ၍ အိမ်ပြန်ခဲ့ကြသော်လည်း နယ်စပ်ဒေသများတွင် လူပေါင်းသုံးထောင်ခန့် ဆက်လက် ကျန်ရစ်ခဲ့သည်။ အများစုသည် တိုင်းရင်းသားလူမျိုးများ၏ တော်လှန်ရေး (သို့မဟုတ်) တိုင်းရင်းသား နယ်မြေများအတွင်းရှိ အရပ်သားပြည်သူများ၏ ဘေးဒုက္ခများကို လုံးဝနီးပါး မသိကြချေ။ တောတွင်းသူပုန်များနှင့် ပတ်သက်သော စစ်အစိုးရ၏ ဝါဒဖြန့်မှုကိုသာ သိထား ကြသူများ ဖြစ်ခဲ့ကြသည်။ တဆက်တည်းတွင် ပြည်တွင်းစစ်ဒေသများရှိ ပြည်သူများသည်လည်း ဒီမိုကရေစီတိုက်ပွဲနှင့်ပတ်သက်၍ အနည်းအကျဉ်းမျှကိုသာ သိထားခဲ့သည်။

၎င်းတို့ဒေသအတွင်း လှုပ်ရှားတက်ကြွသူများ တည်ရှိခြင်းနှင့် ကြုံတွေ့လာနိုင်သည့် အခက်အခဲများအပေါ် စိုးရိမ်မှုများ ရှိခဲ့သော်လည်း တိုင်းရင်းသားလူမျိုး လက်နက်ကိုင်တပ်များက တက်ကြွလှုပ်ရှားသူလူငယ်အများစုကို ၎င်းတို့ဒေသများအတွင်း အခြေချခွင့်နှင့် လက်နက်ကိုင်အုပ်စုများ တည်ထောင်ခွင့်ပေးခဲ့သည်။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတွင် အရွေးချယ်ခံခဲ့ရသော်လည်း အာဏာအပ်နှင်းခြင်း မခံခဲ့ရသော လွှတ်တော်အမတ်တစုသည် အဖမ်းခံရမည့်အရေးကို ရှောင်ရှားရန်နှင့် လှုပ်ရှားမှုကို ဆက်လက်သယ်ပိုးရန်အတွက် ၁၉၉၀ ခုနှစ်တွင် တိုင်းရင်းသားလူမျိုးများ၏ အမာခံစခန်းများဆီသို့ ရောက်ရှိလာခဲ့ကြသည်။ တက်ကြွလှုပ်ရှားသူ အများစုသည် ထိုင်းနယ်စပ်တလျှောက်နှင့် ထိုင်းမြို့ကြီး၊ မြို့ငယ်များတွင် နေထိုင်ခဲ့ကြသည်။ ဒီမိုကရေစီအရေး တက်ကြွလှုပ်ရှားသူ တချို့နှင့် တိုင်းရင်းသား လက်နက်ကိုင် အုပ်စုဝင်များ၏ အဖွဲ့ဝင်များသည် အိန္ဒိယနိုင်ငံတွင် ခိုလှုံခဲ့ကြပြီး၊ မြန်မာနယ်စပ် အနီး အရှေ့မြောက်ဒေသနှင့် မြို့တော်ဒေလီတွင် ရုံးများဖွင့်လှစ် အခြေစိုက်ခဲ့ကြသည်။ အရေအတွက်အားဖြင့် ပိုနည်းသော တိုင်းရင်းသားလက်နက်ကိုင်များနှင့် ဒီမိုကရေစီအရေး လှုပ်ရှားတက်ကြွသူ

များက တရုတ်–မြန်မာနယ်စပ်နှင့် ဘင်္ဂလားဒေ့ရှ် မြန်မာနယ်စပ် တလျှောက်တွင် အခြေစိုက်ခဲ့သည်။

မတူညီသောအဖွဲ့အစည်းများ ပုံမှန်တွေ့ဆုံနိုင်ရန်နှင့် ဘုံရည်မှန်းချက်တခုဆီသို့ အတူတကွလျှောက် လှမ်းနိုင်ရန်အတွက် မတူညီသော တိုင်းရင်းသားလူမျိုးစု အဖွဲ့အစည်းများနှင့် ဒီမိုကရေစီအဖွဲ့အစည်း များအကြားနိုင်ငံရေးနှင့်စစ်ရေးမဟာမိတ်အဖွဲ့များကိုထိုကာလများအတွင်းတည်ထောင်ခဲ့ကြသည်။ တိုင်းရင်းသား တော်လှန်ရေး တပ်များ၏ စစ်ရေးမဟာမိတ်တခုဖြစ်သော အမျိုးသားဒီမိုကရေစီတပ် ပေါင်းစု (NDF) ကို ၁၉၇၆ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ဒီမိုကရေစီ လက်နက်ကိုင်အုပ်စုများနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအတူတကွ စုစည်းကာ ၁၉၈၈ ခုနှစ် နှောင်းကာလတွင် မြန် မာပြည်ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ် (DAB) ကို ဖွဲ့စည်းခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားကောင်စီ (NCUB) ကို ဖွဲ့စည်းခဲ့သည်။ NCUB တွင် ဒီမိုကရေစီ အင်အားစုများနှင့် တိုင်းရင်းသားလှုပ်ရှားမှုမှ လက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံရေးပါတီ နှစ်မျိုးစလုံးပါဝင်ခဲ့သည်။ လှုပ်ရှား မှုအတွင်းရှိ လူငယ်များအကြား ညီညွတ်ရေးနှင့် ပိုမိုနီးစပ်မှုရှိစေရန် ရည်ရွယ်ကာ တိုင်းရင်းသား လူ ငယ်များနှင့် ဒီမိုကရေစီအင်အားစုမှ လူငယ်များ၏ မဟာမိတ်အဖွဲ့တခုအဖြစ် မြန်မာနိုင်ငံကျောင်း သား လူငယ်များကွန်ဂရက် (SYCB) ကို ၁၉၉၆ ခုနှစ် ဖွဲ့စည်းခဲ့သည်။ တဖွဲ့ချင်းစီ၏ သီးခြားနောက်ခံ သမိုင်းကြောင်းနှင့် တော်လှန်ရေးနောက်ခံ၊ မယုံကြည်မှုအဆင့်ကွဲပြားမှု၊ မတူညီသော ဘာသာစကား များကြောင့် ဆက်သွယ်ရေး အခက်အခဲများနှင့် ခရီးသွားလာရေး အခက်အခဲစသည့် အခက်အခဲမျိုး စုံကို ၎င်းမဟာမိတ်အဖွဲ့များက ကျော်လွှားခဲ့ရသည်။

အမျိုးသမီးများသည် တိုင်းရင်းသားများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတော်လှန်ရေး နှင့် ဒီမိုကရေစီ တော် လှန် ရေး နှစ်ခုလုံး တွင် တစိတ်တပိုင်းအဖြစ် ပါဝင်နေကြသည်။ သို့သော် ၁၉၉၀ ခုနှစ်တိုင်သည် အထိ အမျိုးသမီးများသည် အမျိုးသမီးအခွင့်အရေးတခုတည်းကို အာရုံစိုက်လုပ်ဆောင်ခဲ့ခြင်း မရှိ သေးပေ။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း တော်တော်များများတွင် အမျိုးသမီးအဖွဲ့များ ထားရှိခြင်း (သို့မဟုတ်) အမျိုးသမီးအဖွဲ့များနှင့် နီးနီးကပ်ကပ် ဆက်နွယ်မှုများရှိခဲ့သည်။ ထိုအမျိုးသမီး အဖွဲ့အစည်းများသည် လူမှုဖူလုံရေး ကိစ္စရပ်များကို ပုံမှန်အားဖြင့် ဆောင်ရွက်ကြပြီး၊ တာဝန်ပေးအပ်

လာပါက သက်ဆိုင်ရာတပ်များသို့ ဝန်ဆောင်မှုလုပ်ငန်းများ ထောက်ပံ့ ကူညီပေးသည့် အဖွဲ့အစည်း များသာ ဖြစ်ခဲ့သည်။ မြန်မာပြည်ကွန်မြူနစ်ပါတီတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးများသမဂ္ဂဟု ခေါ်သော အမျိုးသမီးအဖွဲ့တခုလည်း ရှိခဲ့သည်။ ထိုအဖွဲ့ဝင်အမျိုးသမီးများသည် လူထုစည်းရုံးရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ၁၉၈၈ ခုနှစ် ဒီမိုကရေစီ လှုပ်ရှားမှုတွင် အမျိုးသမီးများ သည် ကျောင်းသား၊ လူငယ်နှင့် အတတ်ပညာရှင် အသင်းအဖွဲ့စသဖြင့် ကဏ္ဍမျိုးစုံတွင် ပါဝင်ခဲ့သည်။ ရွေးကောက်ပွဲ မဲဆွယ်စဉ် ကာလတွင်လည်း အမျိုးသမီးများသည် နိုင်ငံရေးပါတီများတွင် ဝင်ရောက် လှုပ်ရှားခဲ့ကြသည်။


တကယ်တမ်းအားဖြင့်ကြည့်သော် ၁၉၉၀ ခုနှစ်များမတိုင်ခင်အထိ မြန်မာနိုင်ငံတွင် အမျိုးသမီးအခွင့် အရေးနှင့် ပတ်သက်၍ အနည်းအကျဉ်းမျှသာ အသိအမှတ်ပြုမှု ရှိခဲ့သည်။ တချို့အမျိုးသမီးများသည် အမျိုးသားဦးဆောင်သော နိုင်ငံရေးနှင့် လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများတွင် ပါဝင်ခဲ့ကြ သော်လည်း သူတို့ ထိုသို့ ဆောင်ရွက် လာရန်အတွက် မည်သို့သော အားပေးအားမြှောက်ခြင်းမျိုးမှ မရှိခဲ့ပေ။ မြို့ပြအမျိုးသမီးများသည် အတတ်ပညာဆိုင်ရာ အသက်မွေးဝမ်းကြောင်းမှုတခုခုကို ဆောင်ရွက်နိုင်ချိန်တွင် ကျေးလက်နေအမျိုးသမီးများက လယ်လုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်း များတွင် ထဲထဲဝင်ဝင် ပါဝင်နေကြသောကြောင့် နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်လာရန် အတား အဆီးများစွာ ရှိနေသည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးများသည် တည်တည်ငြိမ်ငြိမ်နှင့် မိန်းမဝတ္တရား ကျေပြွန်သင့်သည်ဟု ယေ ဘုယျအားဖြင့် လက်ခံထားဆဲဖြစ်သည်။ အမျိုးသမီးတဦးတည်း ခရီးဝေးသွားလာခြင်းကို မသင့်တော် ဟု ယူဆခြင်း (သို့မဟုတ်) ညအချိန်တွင် အမျိုးသားများနှင့်အတူ အစည်းအဝေးများ မတက်သင့်ခြင်း နှင့့် အမျိုးသမီးများတွင် နိုင်ငံရေးလုပ်ရန် အရည်အချင်းမရှိဟူ၍ ယေဘုယျလက်ခံထားသော အယူ အဆများရှိသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် ကိုမူ ခြွင်းချက်ဖြင့် ဆက်ဆံကြသည်။ သူမ၏ ဖခင်သည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေး သူရဲကောင်းဖြစ် နေခြင်း၊ သူမ၏ ကိုယ့်ကိုကိုယ် ယုံကြည်မှုရှိခြင်း၊ နိုင်ငံရပ်ခြားတွင် သူမ စာသင်ကြားနေစဉ်နှင့် အလုပ်

လုပ်ကိုင်နေစဉ်အတွင်း တိုင်းပြည်အတွက် တဖက်တလှမ်းမှ သူမ အားထုတ်ခဲ့သော မျှော်မှန်းချက်များ ကြောင့် သူမကို ပို၍ လေးစားကြခြင်းဖြစ်သည်။

၁၉၉၁ ခုနှစ်တွင် စစ်အစိုးရသည် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကို တည်ထောင်ခဲ့သည်။ ထိုအသင်းကြီး၏ အဓိကတာဝန်မှာ ကျန်းမာရေးနှင့် ကျန်းမာရေးပညာပေးကဏ္ဍများတွင် လုပ်ဆောင်ရန်ဖြစ်ပြီး၊ စစ်အစိုးရက ခိုင်းသည့်အချိန်တွင် စစ်အစိုးရကို လူသိရှင်ကြား ထောက်ခံမှုများလည်း ဆောင်ရွက်ပေးရသည်။ သို့သော် အစိုးရထိန်းချုပ်သော နေရာဒေသများတွင် လွတ်လပ်သော အမျိုးသမီးအခွင့်အရေးအဖွဲ့အစည်းများ တည်ထောင်ခွင့် မပြုခဲ့ပေ။

သို့ပင်ငြားလည်း အမျိုးသမီးများ၏ အခန်းကဏ္ဍများ၊ အခွင့်အရေးများနှင့် ပတ်သက်သော မိရိုးဖလာစဉ်းစားချက်များသည် နယ်စပ်ဒေသများတွင် တစစဖြင့် စတင်စိန်ခေါ်ခံခဲ့ရသည်။ အမျိုးသမီးများနှင့် မိန်းမငယ်များသည် ၎င်းတို့၏ အဆင့်သတ်မှတ်ချက်၊ ၎င်းတို့လုပ်နိုင်စွမ်းများနှင့် ပတ်သက်သော စဉ်းစားချက်များကို စတင်ပြောင်းလဲလာခဲ့သည်။ ထိုပြောင်းလဲမှု လုပ်ငန်းစဉ်တခုလုံးတွင် အမျိုးသားများသည် အမြဲတစေ ထောက်ခံအားပေးသူများ မဟုတ်သည့်တိုင် စတင် သဘောပေါက်လာခဲ့ကြသည်။ တရားဝင် အစည်းအဝေးများ၊ အလွတ်သဘော ပြောဆိုမှုများ၊ အဖွဲ့အစည်းများအကြား ပြုလုပ်သော သင်တန်းများ၊ နိုင်ငံတကာမှ စီစဉ်သောသင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများ၊ မြန်မာအရေးဆောင်ရွက်နေသော အလှူရှင်များနှင့် အစိုးရမဟုတ် သော အဖွဲ့အစည်းများ၏ အားပေးမှုများကြောင့် စဉ်းစားမှုပုံစံနှင့် စု စည်းမှုပုံစံအသစ်များ ထွက်ပေါ်လာခဲ့သည်။



ထိုအရေးပါသော ရလဒ်များအနက် ရလဒ်တခုမှာ **အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)** ဖြစ်တည်မှု သမိုင်းကြောင်းပင်ဖြစ်ပါသည်။

## အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) တည်ထောင်ခြင်းဆီသို့ ဦးတည်ခဲ့သော ဖြစ်စဉ်ရက်စွဲများ

### ၁၉၉၂ — ၁၉၉၇၊ အမျိုးသမီးအုပ်စုအသစ်များ၊ အမျိုးသမီးများအတွက် စိန်ခေါ်ချက်အသစ်များ

၁၉၉၂ ခုနှစ် ပတ်ဝန်းကျင်တွင် မည်သူတဦးတယောက်ကမှ တရားဝင်အမျိုးသမီးအဖွဲ့ချုပ်တဖွဲ့ဖွဲ့စည်းရန် စဉ်းစားချက်မရှိခဲ့သော်လည်း ထိုနှစ်ပိုင်းခြား ကာလသည်ပင် သမိုင်းဖြစ်စဉ်ကာလသတ်မှတ်ချက် စတင်ရန် အသင့်တော်ဆုံး နှစ်တနှစ် ဖြစ်နေသည်။ ထိုနှစ်နှောင်းပိုင်းတွင် ချင်းမိုင်အခြေစိုက် အစိုးရမဟုတ်သော အဖွဲ့အစည်း တခုဖြစ်သည့် WEAVE အဖွဲ့တွင် အလုပ်လုပ်ကိုင်နေသော ကရင်တိုင်းရင်းသူတဦးဖြစ်သည့် အက်စတာစောလုံက ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့အခြေစိုက် လှုပ်ရှားတက်ကြွသူ အမျိုးသမီးများနှင့် အမျိုးသမီး အုပ်စုများပါဝင်သော အစည်းအဝေးတခု စီစဉ်ပေးခဲ့သည်။ ထိုအစည်းအဝေးတွင် ပါဝင်ခဲ့သော အမျိုးသမီးများတွင် နောင်တချိန်၌ ရခိုင်အမျိုးသမီးအစည်းအရုံးနှင့် အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) တည်ထောင်သူများအနက် တဦးဖြစ်ခဲ့သူ မြရာဇာလင်း၊ ကရင်နီဒုက္ခသည်စခန်းတခုမှ ကရင်နီတိုင်းရင်းသူတဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်–လွတ်မြောက်နယ်မြေ (တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ ထိန်းချုပ်သော ဒေသများတွင် အခြေစိုက်သည်။) မှ အမျိုသမီးအဖွဲ့ဝင် နှစ်ဦး၊ ကရင်အမျိုးသမီးအစည်းအရုံးမှ အဖွဲ့ဝင်အမျိုးသမီးလေးဦး၊ မွန်အမျိုးသမီးအဖွဲ့မှ အဖွဲ့ဝင်အမျိုးသမီး နှစ်ဦးတို့ဖြစ်သည်။ မေရီအုန်းသည် ကရင်တိုင်းရင်းသူ ကိုယ်စားလှယ်များအနက် ကိုယ်စား လှယ်တဦးဖြစ်ခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် အမျိုးသမီးမဟာမိတ်အဖွဲ့ချုပ်တခု ပေါ်ပေါက်ရေးအတွက် အားပေးလှုံ့ဆော်ပေးမှုတွင် သူမသည် အရေးကြီးသော အခန်းကဏ္ဍက ပါဝင်ဆောင်ရွက်ခဲ့သည်။

ကရင်အမျိုးသမီးအစည်းအရုံး (KWO) ကို ၁၉၄၉ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ၁၉၈၅ ခုနှစ်တွင် ပြန်လည် စုစည်းခဲ့သည်။ KWO သည် ကရင့်အမျိုးသားအစည်းအရုံး (KNU) နှင့်

၎င်း၏ စစ်ရေးလက်တံအဖွဲ့တခုဖြစ်သော ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) နှင့် နီးနီးကပ်ကပ်ဆက်နွယ်မှုရှိခဲ့သည်။ KNU ထိန်းချုပ်ရာ ဒေသများအားလုံးတွင် KWO ဌာနခွဲများ ရှိခဲ့သည်။ ၁၉၉၀ အစောပိုင်းနှစ်များတွင် KWO သည် လူမှုဖူလုံရေး လုပ်ငန်းများတွင် အဓိကပါဝင်ဆောင်ရွက်ခဲ့ပြီး ကျန်းမာရေး သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်းနှင့် သက်ကြီးစာတတ်မြောက်ရေး လုပ်ငန်းများတွင် ပါဝင်ခဲ့သည်။ မွန်အမျိုးသမီးအဖွဲ့ (MWO) ကို ၁၉၈၈ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ MWO ၏ ရည်ရွယ်ချက်များမှာ အမျိုးသမီးများသည် ၎င်းတို့နေထိုင်ရာ အသိုင်းအဝိုင်းတွင် ထိရောက်အရေးပါသူများ ဖြစ်လာစေရေးအတွက် မိမိကိုယ်မိမိ တာဝန်ယူနိုင်ရန်၊ မွန်အမျိုးသမီးများ တစုတစည်း တည်းဖြစ်လာစေရန်နှင့် မွန်အမျိုးသမီးနှင့် တခြားအမျိုးသမီးအဖွဲ့အစည်းများအကြား သွေးစည်းညီညွတ်မှုများ တိုးမြင့်လာစေရန်တို့ ဖြစ်သည်။ မွန်အမျိုးသမီးအဖွဲ့သည် မွန်ပြည်သစ်ပါတီနှင့် ပါတီ၏ လက်နက်ကိုင်တပ်ဖြစ်သော မွန်အမျိုးသား လွတ်မြောက်ရေး တပ်မတော်နှင့် နီးနီးကပ်ကပ် စပ်ဆက်မှုရှိခဲ့သည်။

၁၉၉၂ ခုနှစ်အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်သူ အမျိုးသမီးများက ၎င်းတို့ လုပ်ဆောင်နေသည့် လုပ်ငန်းများနှင့် ဘဝအတွေ့အကြုံများကို ဆွေးနွေးဖလှယ်ခဲ့ကြသည်။ အမျိုးသမီးများအကြားတွင် တဦးနှင့်တဦး အကြား အပြန်အလှန် အကူအညီပေးလိုခဲ့ကြ သော်လည်း မည်သို့လုပ်ရမည်နှင့်ပတ်သက်၍ ခိုင်မာသော အဖြေတော့ မရှိခဲ့ပေ။ ထိုအချိန်တွင် အဆက်အသွယ်လုပ်နိုင်သည့်နည်းလမ်းများမှာ စာဖြင့်သော်လည်းကောင်း၊ လိုင်းဖုန်းဖြင့်သော်လည်းကောင်း၊ ဖက်စ်ဖြင့်သော်လည်းကောင်း စသဖြင့်သာ ရှိခဲ့သည်။ အမျိုးသမီးအဖွဲ့ အများစုသည် တနေရာနှင့် တနေရာအလှမ်းကွာဝေးသော တောတွင်းနေရာများတွင် အခြေချသောကြောင့် ထိုနည်းလမ်းများ အသုံးပြုဖို့ပင် အလွန်ခက်ခဲခဲ့သည်။ သို့သော် WEAVE သည် ကရင်နှင့် ကရင်နီဒုက္ခသည် စခန်းများရှိ အမျိုးသမီးအုပ်စုများကို ကူညီထောက်ပံ့ပေးရန် တာဝန်ယူခဲ့သည်။ ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲရေး အတတ်ပညာများအပြင် နေ့ကလေးထိန်းကျောင်းများနှင့် ဝင်ငွေဖန်တီးပေးသော လက်ယက်ကန်းလုပ်ငန်းများအတွက်ပါ ထောက်ပံ့ပေးခဲ့သည်။

၁၉၉၃ ခုနှစ် ကရင်နီအမျိုးသမီးများသည် ကရင်နီဒုက္ခသည်စခန်းအမှတ် ၅ ဟုခေါ်သော နေရာတွင်

ကရင်နီအမျိုးသမီးအစည်းအရုံး (KNWO) ကို ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့အစည်းသည် ၁၉၈၀ ခုနှစ်များတွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ၏ ထိန်းချုပ်မှုအောက် ကရင်နီပြည်နယ်၏ နယ်မြေများတွင် တည်ရှိခဲ့ဖူးသည်။ သို့သော် အဖွဲ့အစည်း၏ လုပ်ငန်းထိထိရောက်ရောက်လည်ပတ်မှု ရပ်ဆိုင်းသွားခဲ့သည်။ ၁၉၈၉ ခုနှစ်စ၍ ကရင်နီပြည်နယ်အတွင်းရှိ ကျေးရွာများသို့ မြန်မာစစ်တပ် ဝင်ရောက်လာမှုကြောင့် ထောင်သောင်းချီသော အရပ်သား ပြည်သူ ကရင်နီတိုင်းရင်းသားများသည် ထိုင်းနိုင်ငံ အနောက်မြောက်ဖက် မယ်ဟောင်ဆောင်ခရိုင်အတွင်းသို့ ထွက်ပြေးခိုလှုံခဲ့ရသည်။ ၁၉၉၅ ခုနှစ် မယ်ဟောင်ဆောင်ခရိုင်အတွင်းရှိ တခြား ကရင်နီဒုက္ခသည်စခန်းနှစ်ခုမှ အဖွဲ့ဝင်များဖြင့် အဖွဲ့အစည်းကို တိုးချဲ့ခဲ့သည်။ ယခင်က အဖွဲ့အစည်း၏ ခေါင်းဆောင်မှုကို ၎င်းတို့ကိုယ်တိုင် ခန့်အပ်ခဲ့သော်လည်း KNWO သည် အကြီးတန်း တာဝန်များအတွက် ပထမဆုံးရွေးကောက်ပွဲကို ၁၉၉၇ ခုနှစ်တွင် ကျင်းပခဲ့သည်။

၁၉၉၃ ခုနှစ်တွင် ဌာနေတိုင်းရင်းသား အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Indigenous Women's Development Centre) ဟူသောအစိုးရမဟုတ်သောအဖွဲ့တဖွဲ့ကို ချင်းမိုင်မြို့တွင် ဖွဲ့စည်းခဲ့သည်။ WEAVE ကဲ့သို့ပင် IWDC သည် မွန်အမျိုးသမီးအဖွဲ့၊ ကရင်အမျိုးသမီးအစည်းအရုံးနှင့် ကရင်နီအမျိုးသမီးအစည်းအရုံးများအတွက် ဝင်ငွေဖန်တီးခြင်း လုပ်ငန်းစီမံချက်များ၊ နေ့ကလေးထိန်းကျောင်းလုပ်ငန်းစီမံချက်များနှင့် အဖွဲ့အစည်းလုပ်ငန်းဆိုင်ရာ သင်တန်းများအတွက် ထောက်ပံ့ပေးခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် မွန်အမျိုးသမီးအဖွဲ့သည် လူထုစည်းရုံးရေးနှင့် အမျိုးသမီးပူးပေါင်းပါဝင်မှုဆိုင်ရာ တလကြာသင်တန်းတခု ပြုလုပ်ခဲ့သည်။ ထိုသင်တန်းကာလအတွင်း IWDC ဝန်ထမ်းများက အမျိုးသမီးအခွင့်အရေးနှင့်ပတ်သက်၍ အခြေခံအချက်အလက်များ တင်ပြပေးခဲ့သည်။

၁၉၉၅ ခုနှစ် ဇန်နဝါရီလတွင် ထိုင်းမြန်မာနယ်စပ်အခြေစိုက် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) မှ အမျိုးသမီးတပ်ဖွဲ့ဝင်တချို့သည် မြန်မာ့ အမျိုးသမီးသမဂ္ဂကို တည်ထောင်ရန် ဆုံးဖြတ်ခဲ့သည်။ အမျိုးသမီးတပ်ဖွဲ့ဝင်အများစုသည် ၁၉၈၈ ခုနှစ်ဒီမိုကရေစီလှုပ်ရှားမှုတွင် ပါဝင်ခဲ့ကြပြီး နိုင်ငံရေးတွင် တက်တက်ကြွကြွ ဆက်လက် ပါဝင်လိုခဲ့ကြ

သည်။ သို့သော် ABSDF သည် ထိုအချိန်က တခြားနိုင်ငံရေး အဖွဲ့အစည်းများကဲ့သို့ပင် အမျိုးသားများ ဦးဆောင်သော အဖွဲ့အစည်းတခုဖြစ်ခဲ့ပြီး နိုင်ငံရေးဦးဆောင်မှုတွင် အမျိုးသမီးများ ပါဝင်လာရန် အခွင့်အလမ်းအနည်းငယ်သာ ပေးခဲ့သည်။ တခြားနိုင်ငံရေးအဖွဲ့အစည်းများကဲ့ သို့ပင် ABSDF ရှိ အဖွဲ့ဝင်အများစုက ယခုအချိန်သည် အမျိုးသမီးအခွင့် အရေးတိုက်ပွဲတွင် ၎င်းတို့၏ လုပ်နိုင်စွမ်းကို အသုံးပြုသည်ထက် ပိုကျယ်ပြန့်သော နိုင်ငံရေးရည်မှန်းချက်များအတွက်သာ အဓိကအာရုံစိုက်သင့်သည်ဟု ထင်မှတ်ခဲ့သည်။

BWU ကို တည်ထောင်သူ အမျိုးသမီးခေါင်းဆောင်များကမူ နိုင်ငံရေးတွင် အမျိုးသမီးများ၏ အသံကို ပိုမိုထုတ် ဖော်ပြသရန် အရေးကြီးသည့်အပြင် အမျိုးသမီးအခွင့်အရေးများကိုလည်း မြှင့်တင်ပေးရန် အရေးကြီးသည်ဟု ယုံကြည်ခဲ့ကြသည်။ အဖွဲ့အစည်းတည်ထောင်ပြီးနောက် အမျိုးသမီးသမဂ္ဂအဖွဲ့ဝင်များသည် အဖွဲ့ဝင်နှင့် ကိုယ်စားပြုမှုကို ချဲ့ထွင်ရန် အားထုတ်ခဲ့ကြသည်။ ထိုသို့ဆောင်ရွက်ရန်အတွက် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ၏ အခြား နယ်စပ်ဒေသများတွင် နေထိုင်နေသော မြန်မာအမျိုးသမီးများနှင့် အနောက်ဖက်ဒေသတွင် ပြန်လည် အခြေချ နေထိုင်သည့် မြန်မာအမျိုးသမီးများထံသို့ပါ ချဉ်းကပ်ခဲ့သည်။ ဌာနခွဲများကို တရုတ်မြန်မာနယ်စပ်နှင့် အိန္ဒိယ မြန်မာနယ်စပ်များတွင် တည်ထောင်ခဲ့သည်။ နိုင်ငံရပ်ခြားတွင် နေထိုင်နေသော အဖွဲ့ဝင်များက အမျိုးသမီးအခွင့်အရေးနှင့် တခြားနိုင်ငံများတွင် အမျိုးသမီးများနိုင်ငံရေးတွင် ပါဝင်မှုများနှင့် ပတ်သက်၍ ၎င်းတို့လေ့လာ ထားသမျှကို ပြန်လည် ဝေငှခဲ့ကြသည်။ BWU ၏ ရည်ရွယ်ချက်များမှာ နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍမြှင့်တင်ရေး၊ ဒီမိုကရေစီပြန်လည်ဖော်ဆောင်ရေးလုပ်ငန်းများတွင် အမျိုးသမီးများ ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်နိုင်ရေး၊ အမျိုးသမီးအခွင့်အရေးကို လေးစားလိုက်နာမှု ရှိလာစေရေးနှင့် စစ်အာဏာရှင်စနစ် ပြုတ်ကျသည်အထိ အဖွဲ့အစည်းပေါင်းစုံနှင့် အတူလက်တွဲ ဆောင်ရွက်နိုင်ရေးတို့ ဖြစ်သည်။ အချိန်ကြာလာသည်နှင့် အမျှ BWU သည် ABSDF နှင့် လုံးဝ တသီးတခြား ဖြစ်လာခဲ့သည်။

၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာနှင့် အခွင့်အရေးများဆိုင်ရာအဖွဲ့

(WRWAB) ကို အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် ဖွဲ့စည်းခဲ့သည်။ BWU ကဲ့သို့ပင် WRWAB သည် မြန်မာနိုင်ငံမှ တိုင်းရင်းသားပေါင်းစုံ အမျိုးသမီးများပါဝင်နိုင်သော အဖွဲ့အစည်းတခုဖြစ်သည်။ WRWAB သည် မည်သည့် နိုင်ငံရေးအဖွဲ့အစည်းနှင့်မျှ ပတ်သက်ခြင်းမရှိခဲ့ပေ။ အဖွဲ့အစည်း ဖွဲ့စည်းအပြီး နောက်တနှစ်တွင် အိန္ဒိယနိုင်ငံ အရှေ့မြောက်ဖက်ခြမ်း အထူးသဖြင့် မဏိပူနှင့် မီဇိုရမ်ဒေသ များတွင် နေထိုင်သော မြန်မာအမျိုးသမီးများ ပါဝင်နိုင်ရန် ချဲ့ထွင်ခဲ့သည်။ အဖွဲ့အစည်းတည်ထောင်သူ ခေါင်းဆောင်အမျိုးသမီးများသည် ၁၉၈၈ ခုနှစ် ဒီမိုကရေစီလှုပ်ရှားမှုတွင် ပါဝင်ခဲ့ကြပြီးနိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့(နဝတ)ကအာဏာသိမ်းအပြီးတွင် အိန္ဒိယ နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်လာခဲ့သူများဖြစ်ကြသော်လည်း တခြားအဖွဲ့ဝင် အမျိုးသမီး တော်တော်များများကမူ မြန်မာစစ်တပ်၏ စဉ်ဆက်မပြတ်ဖိနှိပ်မှုနှင့် ဆင်းရဲမွဲတေမှုကြောင့် အိန္ဒိယနိုင်ငံသို့ ထွက်လာခဲ့ကြသူများဖြစ်ကြသည်။ WRWAB ကို တည်ထောင်ခဲ့သည့်အချိန် က အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံတွင် BWU တည်ထောင်ပြီးဖြစ်သည်ကို မသိခဲ့ကြပေ။ တဖွဲ့နှင့် တဖွဲ့အကြား စာဖြင့် အဆက်အသွယ်ပြုလုပ်ကြပြီးနောက် တစစဖြင့် ရင်းနှီးမှု ပိုအားကောင်းလာခဲ့သည်။ သို့သော် အဖွဲ့အစည်းနှစ်ခုသည် သီးခြားရပ်တည်ခဲ့သည်။

၁၉၉၄ ခုနှစ် နိုဝင်ဘာလနှင့် ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလအကြားတွင် မြန်မာစစ်တပ်သည် ဒီမိုကရက်တစ်ကရင် ဗုဒ္ဓဘာသာတပ်မတော် (DKBA) နှင့် ပူးတွဲကာ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ကို အကြီးအကျယ် ထိုးစစ်ဆင်ခဲ့သည်။ KNU-KNLA ၏ ဌာနချုပ်ဖြစ်သော မာနယ်ပလောသိမ်းပိုက်မှုနှင့်အတူ စစ်ဆင်ရေးသည် အရှိန်အဟုန် အမြင့်မားဆုံးသို့ ရောက်ရှိခဲ့သည်။ မြန်မာနိုင်ငံမှ ဒုက္ခသည်ပေါင်း ခုနှစ်သောင်းကျော် ရှိနေပြီးဖြစ်သော ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများသို့ ပြည်သူပေါင်း ကိုးထောင်ကျော် ထပ်မံထွက်ပြေးလာခဲ့ရသည်။ KWO ခေါင်းဆောင်မှု တကွဲတပြား ဖြစ်ခဲ့ရပြီး ကရင်တိုင်းရင်းသူများသည် ထိုင်းနိုင်ငံတွင် အိုးအိမ်မဲ့ပြည်သူများအဖြစ် စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်ခဲ့ရသည်။

နောက်ပိုင်းနှစ်များတွင် ကရင်နှင့် ကရင်နီတော်လှန်ရေးတပ်များသည် မြန်မာစစ်တပ်နှင့် ၎င်း၏မဟာမိတ်စစ်တပ်များ လက်အတွင်းသို့ နယ်မြေများ ဆုံးရှုံးခဲ့ရသဖြင့် အမျိုးသမီး၊ အမျိုးသားနှင့်

ကလေးသူငယ် ထောင်သောင်းချီ၍ ထိုင်းနိုင်ငံသို့ ပြေးဝင်ခိုလှုံခဲ့ကြရသည်။ ဒုက္ခသည်များကို ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် ဝင်ရောက်နေထိုင်ခွင့်ပြုသော်လည်း ထိုင်းနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂ ဒုက္ခသည်များအဆင့်သတ်မှတ်ခြင်းဆိုင်ရာ သဘောတူ စာချုပ်ဝင် နိုင်ငံတနိုင်ငံမဟုတ်သောကြောင့် ဒုက္ခသည်များကို တရားဝင်အသိအမှတ်ပြုမှု မရှိခဲ့ပေ။ ဒုက္ခသည်များသည် ထိုင်းနိုင်ငံ၏ တခြားဒေသများသို့ သာမန်ခရီးသွားလာမှုများ မလုပ်နိုင်သည့်အပြင် ပြင်ပကမ္ဘာ (သို့မဟုတ်) တခြားခရိုင်များရှိ စခန်းများအတွင်း အခြေချသော အမျိုးသမီးအဖွဲ့များနှင့်လည်း အဆက်အသွယ် အလွယ်တကူ မလုပ်နိုင်ပေ။ ဒုက္ခသည်စခန်းများတွင် ဘဝရှင်သန်ရပ်တည်ရခြင်းသည် အလွန်အမင်း ခက်ခဲသော်လည်း စခန်းတွင်းနေ ဒုက္ခသည်အမျိုးသမီးများအတွက် အလုပ်ရုံဆွေးနွေးပွဲများကျင်းပရန်၊ ပညာပေးသင်တန်းများ တက်ရောက်ရန်နှင့် အမျိုးသမီးများအကြား စုစည်းခြင်းလုပ်ငန်းများကို လုပ်ကိုင်သော အခွင့် အရေး တချို့လည်း ရှိခဲ့သည်။ကရင်နှင့်ကရင်နီပြည်နယ်များအတွင်းရှိကျေးရွာများနှင့်မတူဒုက္ခသည်စခန်းများတွင် မိန်ကလေး အားလုံးနီးပါးသည် အထက်တန်းပညာရေးအဆင့်အထိ ကျောင်းပညာ သင်ကြားနိုင်သည့်အပြင် အရွယ်ရောက် အမျိုးသမီးများသည်လည်း ဆရာအတတ်သင် အတန်းများကို တက်ရောက်နိုင်သော အချိန်နှင့် အခွင့်အရေးများ ရခဲ့ကြသည်။ ဒုက္ခသည်စခန်းများတွင် အမျိုးသမီးများသည် ဝင်ငွေရရှိနိုင်သော အခွင့်အလမ်းများ ရရှိခဲ့ကြပြီး စခန်းအတွင်း အိမ်တွင်း အကြမ်းဖက်မှု အပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များကို စတင်ဖြေရှင်းလာခဲ့ကြသည်။

၁၉၉၅ ခုနှစ် မေလတွင် ထားဝယ်အမျိုးသမီးသမဂ္ဂကို တည်ထောင်ခဲ့သည်။ ထားဝယ်အမျိုးသမီးသမဂ္ဂသည် ကွန်မြူနစ်ပါတီ၏ အမျိုးသမီးလက်တံအဖွဲ့အစည်းတခုဖြစ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးသမဂ္ဂနှင့် ဆက်စပ်မှုရှိသော ထားဝယ်ခရိုင်အမျိုးသမီးသမဂ္ဂမှတဆင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ၁၉၉၅ ခုနှစ် ဇန်နဝါရီလတွင် မြန်မာပြည်ကွန်မြူနစ်ပါတီ(တနင်္သာရီတိုင်း) ကော်မတီကို ဖျက်သိမ်းခဲ့ပြီး လက်နက်ကိုင်တပ်အင်အား အနည်းငယ်ဖြင့် မြိတ်–ထားဝယ် ညီညွတ်ရေးတပ်ဦး (MDUF) ကို ပြန်လည်ဖွဲ့စည်းခဲ့သည်။ ထားဝယ်အမျိုးသမီးသမဂ္ဂသည် MDUF နှင့် ဆက်စပ်မှုရှိသော်လည်း အဖွဲ့၏ လုပ်ငန်းများကို သီးခြားဆောင်ရွက်ခဲ့သည်။ မြန်

မာစစ်တပ်သည် MDUF လှုပ်ရှားသော ဒေသအတွင်းရှိ နယ်မြေများကို တစစတိုး၍ သိမ်းပိုက်လာသောကြောင့် ထားဝယ်အမျိုးသမီးသမဂ္ဂအဖွဲ့ဝင်များသည် ထိုင်းနိုင်ငံ နယ်စပ်မြို့များသို့ ပြောင်းရွှေ့ဝင်ရောက်လာခဲ့သည်။

၁၉၉၅ ခုနှစ်တွင်ပင် အမျိုးသမီးများ အဆင့်အတန်းတိုးတက်မြင့်မားရေးဆိုင်ရာ ကော်မရှင် **(Commission on the Status of Women)** က ပီကင်းမြို့တွင် (၄) ကြိမ်မြောက်ကမ္ဘာ့ အမျိုးသမီးညီလာခံကို ကျင်းပခဲ့သည်။ ထိုညီလာခံသို့ မြန်မာနိုင်ငံမှ အမျိုးသမီးကိုယ်စားလှယ်တချို့အပါအဝင် အင်အား ၃၀၀၀၀ ခန့် (အမျိုးသမီးအများစုဖြစ်သည်။) တက်ရောက်ခဲ့သည်။ BWU က နိုင်ငံခြားတွင် နေထိုင်နေသော အဖွဲ့ဝင်နှစ်ဦးဖြစ်သည့် နှင်းနှင်းပြုံး နှင့် နော်ဝေနိုင်ငံအခြေစိုက် ဒီမိုကရက်တစ်မြန်မာ့အသံတွင် တာဝန်ထမ်းဆောင်နေသော သီတာတို့အား ညီလာခံတက်ရောက်ရန် စေလွှတ်ခဲ့သည်။ နောက်ပိုင်းတွင် ထိုင်းနိုင်ငံ၌ ရှမ်းအမျိုးသမီးရေးရာဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း **(SWAN)** တည်ထောင်သူတဦးဖြစ်လာမည့် ဆိုင်နောင့်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရခိုင်အမျိုးသမီးအစည်းအရုံး တည်ထောင်သူ တဦးဖြစ်လာမည့် မြရာဇာလင်းတို့လည်း ထိုညီလာခံသို့ တက်ရောက်ခဲ့ကြသည်။ ညီလာခံ၏ ရည်ရွယ်ချက်မှာ ကမ္ဘာလုံးဆိုင်ရာ ဆွေးနွေးမှုများတွင် အမျိုးသမီးအဆင့်အတန်းမြင့်မားလာစေရေးကို ပါဝင်ဆွေးနွေးရန်နှင့် လှုပ်ရှားမှုအတွက် မူဝါဒတခုပြင်ဆင်ရန် တို့ဖြစ်ခဲ့သည်။ အခြားနိုင်ငံများရှိ အမျိုးသမီးများသည် အမျိုးသမီးရေးရာ ကိစ္စရပ်များကို ဖြေရှင်းရန်နှင့် နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်မှုတိုးများလာရေးအတွက် တက်တက်ကြွကြွ ဆောင်ရွက်သည်ကို မြင်တွေ့လာခဲ့သဖြင့် ထိုညီလာခံသို့တက်ရောက်ခြင်းမှ ရရှိခဲ့သော အတွေ့အကြုံများသည် မြန်မာနိုင်ငံသို့ကိုယ်စားပြု တက်ရောက်သူအမျိုးသမီးများအပေါ် နက်နက်ရှိုင်းရှိုင်း သက်ရောက်မှုရှိခဲ့သည်။

နောက်ပိုင်း ၃ နှစ်အတွင်း BWU ဦးဆောင်အဖွဲ့ဝင်များသည် နိုင်ငံရေးတွင် အမျိုးသမီးများအသံ ပိုမိုထွက်ရှိလာရေးနှင့် ယေဘုယျအဆင့် အမျိုးသမီးအဆင့်အတန်းတိုးမြင့်လာရေးအတွက် ဆောင်ရွက်ရန် ပို၍ သံဓိဋ္ဌာန်ခိုင်မာစွာ ချမှတ် ဆောင်ရွက်လာခဲ့သည်။ သို့သော် ထိုရည်မှန်းချက်အထမြောက်စေရန်အလို့ငှာ အမျိုးသမီးများစွာ လက်တွဲပါဝင်ဆောင်ရွက်ရန် လိုအပ်သည်ဟု အမျိုးသမီးခေါင်းဆောင်များက သဘောပေါက်လာခဲ့သည်။ မူလအစတွင် BWU အဖွဲ့ဝင်တချို့

က တိုင်းရင်းသားလူမျိုးပေါင်းစုံမှ အမျိုးသမီးများကို စုစည်းရန် စိတ်ဝင်စားခဲ့သည်။ ထိုမှသာ BWU သည် မြန်မာနိုင်ငံမှ အမျိုးသမီးအားလုံးကိုယ်စား ပြောရေးဆိုခွင့်ရှိနိုင်လိမ့်မည်ဖြစ်သည်။ သို့သော် ထိုနည်းလမ်းသည် အောင်မြင်နိုင်မှုမရှိဟု မကြာခင် သဘောပေါက်လာခဲ့သည်။ လက်ရှိရှိပြီးသား အမျိုးသမီးအဖွဲ့ အစည်းများကို အသိအမှတ်ပြုလေးစားရန်လိုအပ်သည်။ ထို့ကြောင့် အမျိုသမီးအဖွဲ့အစည်းပေါင်းစုံ အတူတကွ လက်တွဲနိုင်သော အမျိုးသမီးမဟာမိတ် တဖွဲ့ ဖွဲ့သင့်သည်ဟု ယုံကြည်ခဲ့ကြသည်။

ဗမာမဟုတ်သော တခြားတိုင်းရင်းသားအမျိုးသမီးများက လူမျိုးကိုအခြေခံ၍ စုစည်းသင့်သည်ဟု မှတ်ယူခဲ့ကြသည်။ သို့သော် နောက်ပိုင်းတွင် ဗမာ၊ ဗမာ မဟုတ်သော တိုင်းရင်းသားနှင့် တိုင်းရင်းသားလူမျိုး နှစ်မျိုးထက်မက သွေးရောနှောသည့် အမျိုးသမီးများပါ အတူတကွ ပါဝင်ထားသော မဟာမိတ်အဖွဲ့ချုပ်တခုတွင် ပါဝင်လိုလာခဲ့ကြသည်။ လူမျိုးကို အခြေခံသော အမျိုးသမီးအဖွဲ့အစည်းများဖွဲ့စည်းရခြင်း၏ အကြောင်းရင်းများတွင် ကိုယ်ပိုင်ဘာသာ စကားဖြင့် မိမိယဉ်ကျေးမှုဓလေ့ထုံတမ်းအတွင်း လုပ်ရှားဆောင်ရွက်နိုင်သဖြင့် မိမိလူမျိုး အသိုင်းအဝန်းအတွက်သာ အဓိက ဦးတည်ဆောင်ရွက်ပေးလိုသော ဆန္ဒကြောင့်လည်း ပါဝင်သည်။ ၁၉၉၇ ခုနှစ်တွင် ချင်းအမျိုးသမီးအဖွဲ့ဝင်များသည် မြန်မာနိုင်ငံအမျိုးသမီးရေးရာနှင့် အခွင့်အရေးများဆိုင်ရာအဖွဲ့မှ ထွက်ခွာကာ ချင်းအမျိုးသမီးများအဖွဲ့ (CWO) ကို ဖွဲ့စည်းတည် ထောင်ခဲ့သည်။ တဆက်တည်းဆိုသလိုပင် WRWAB အဖွဲ့မှ လူရှိုင်းအမျိုးသမီးအဖွဲ့ဝင်များ ကလည်း မြန်မာနိုင်ငံလုံးဆိုင်ရာဒီမိုကရက်တစ် လူရှိုင်းအမျိုးသမီးများအဖွဲ့ (ABDLWO) ကို တည်ထောင်ခဲ့သည်။ လူရှိုင်းတိုင်းရင်းသားသည် ချင်းဘာသာ စကားပြောအုပ်စု၏ အစိတ်အပိုင်းတခုဖြစ်သော်လည်း လူရှိုင်းအမျိုးသမီးများက ၎င်းတို့၏ ချင်းညီအမများနှင့် တသီးတသန့်ခွဲခြား၍ စုစည်းဆောင်ရွက်လိုခဲ့ကြသည်။ ယင်းအဖွဲ့ နှစ်ဖွဲ့စလုံးကို ၁၉၈၈ ခုနှစ် ဒီမိုကရေစီလှုပ်ရှားမှုတွင် ပါဝင်ခဲ့ပြီး၊ နယူးဒေလီမြို့တွင် နေထိုင်နေသော အမျိုးသမီးများကဦးဆောင်ခဲ့ကြသည်။ သို့သော် ထိုအဖွဲ့အစည်းနှစ်ဖွဲ့စလုံးတွင် မြန်မာနိုင်ငံ အနောက်ဖက်ခြမ်းရှိ အလှမ်းကွာ ဝေးသော ကျေးရွာများမှ ထွက်ပြေးလာကြပြီး အိန္ဒိယနိုင်ငံ အရှေ့မြောက်ဖက်ခြမ်းတွင် ရုန်းကန်ရှင်သန်ရပ်တည်နေနေကြသည့် အမျိုးသမီးများလည်း ပါဝင်ခဲ့ကြသည်။

ထိုင်းနိုင်ငံမြောက်ဖက်ခြမ်းတွင် လားဟူ အမျိုးသမီးအဖွဲ့ (LWO) ကို ၁၉၉၇ ခုနှစ် ၎င်း၏ ပထမဦးဆုံးအကြိမ် ညီလာခံ အပြီးတွင် တရားဝင်ဖွဲ့စည်းခဲ့သည်။ လက်နက်ကိုင် အဖွဲ့ငယ်တဖွဲ့ဖြစ်သော လားဟူအမျိုးသားအဖွဲ့/တပ်မတော် ခေါင်းဆောင်မှုနှင့် မိသားစုတော်စပ်မှုရှိသော လားဟူအမျိုးသမီးလေးဦးက ၁၉၉၅ ခုနှစ်တွင် ထိုအဖွဲ့ကို သီးသန့် တည်ထောင်ခဲ့ပြီးဖြစ်သည်။ ထိုအမျိုးသမီး (၄) ဦးအနက် တဦးဖြစ်သူ အေးအေးမြင့်သည် ချင်းမိုင်မြို့တွင်းနေရာများ အပါအဝင် ထိုင်းမြန်မာနယ်စပ်၊ ချင်းမိုင်နှင့် မယ်ဟောင်ဆောင်ခရိုင်များအတွင်း တခြားမြို့နေရာများရှိ လားဟူ အသိုင်းအဝန်းများဆီသို့ စည်းရုံးရေးခရီးစဉ်များ သွားရောက်ခဲ့သည်။ အဖွဲ့အစည်းသို့ ပူးပေါင်းဝင်ရောက်လာသော အမျိုးသမီးအများစုသည် ရှမ်းပြည်နယ်ရှိ ကျေးလက် ဒေသများမှဖြစ်ကြပြီး ယခင်က နိုင်ငံရေးတွင် တက်တက်ကြွကြွ ပါဝင်ခဲ့ဖူးသူများ မဟုတ်ကြပေ။ လားဟူအမျိုးသမီးအဖွဲ့၏ ပထမဦးဆုံးသော လှုပ်ရှားမှုမှာ လားဟူကလေးများအတွက် မူကြိုကျောင်းတကျောင်း ဖွင့်ပေးခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်းတွင် ချင်းမိုင်မြို့၌ ရုံးခန်းတခု ဖွင့်လှစ်ခဲ့သည်။

နောက်ပိုင်းနှစ်များတွင် ဘင်္ဂလားဒေ့ရှ်နှင့် ထိုင်းနိုင်ငံတွင် တိုင်းရင်းသားအခြေပြုအမျိုးသမီးအဖွဲ့များ ပို၍ ပေါ်ပေါက်လာခဲ့သည်။ တချိန်တည်းတွင် KNLA ၏အခိုင်အမာ တပ်စခန်းများကို တိုက်ခိုက်မှုများကြောင့် နယ်စပ်ဒေသသို့ ဒုက္ခသည်အသစ်များ စုပြုံရောက်ရှိလာခဲ့ခြင်း၊ မဲဆောက်ဒေသရှိ ဒုက္ခသည်စခန်းတခုကို မီးရှို့တိုက်ခိုက်ခဲ့ခြင်းများ ဖြစ်ပေါ်ခဲ့သည်။ ထိုအရေးကိစ္စကို ကူညီဖြေရှင်းဆောင်ရွက်ပေးရန်အတွက် အဖွဲ့သုံးဖွဲ့သည် ပထမဦးဆုံး အကြိမ်အဖြစ် အတူတကွ ပူးပေါင်း လုပ်ဆောင်ခဲ့သည်။ မြန်မာပြည်သူများအတွက် ကျန်းမာရေး ဝန်ဆောင်မှုများ ကူညီပေးသော မဲဆောက်မြို့တွင် တည်ထောင်ထားသည့် မယ်တော်ဆေးပေးခန်း၊ ကရင်အမျိုးသမီးအစည်းအရုံးနှင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) အမျိုးသမီးအဖွဲ့တို့ ပူးပေါင်းကာ အကူအညီ လိုအပ်နေသော ဒုက္ခသည် များအတွက် အရေးပေါ် အထောက်အပံ့များ ကူညီပေးခဲ့သည်။

## ၁၉၉၈ – ၁၉၉၉။ မဟာမိတ်အဖွဲ့ချုပ်တခု ဖွဲ့စည်းရန် စုစည်းခြင်း

BWU သည် ၁၉၉၈ ခုနှစ် ဇန်နဝါရီလတွင် မယ်ဟောင်ဆောင်ဒေသ၌ ပထမဦးဆုံး ညီလာခံကို ကျင်းပခဲ့ပြီး ထိုဒေသတွင် အခြေစိုက်သော ကရင်နီအမျိုးသမီးအစည်းအရုံး၏ ကိုယ်စားလှယ်များကို လေ့လာသူအဖြစ် တက်ရောက်ရန် ဖိတ်ကြားခဲ့သည်။ BWU ၏ ဖွဲ့စည်း တည်ဆောက်ပုံနှင့် လုပ်ငန်းများကို လေ့လာနိုင်ရန်အတွက် လားဟူအမျိုးသမီး အဖွဲ့တည်ထောင်သူတဦးဖြစ်သူ အေးအေးမြင့်လည်း လေ့လာသူအဖြစ် တက်ရောက်ခဲ့သည်။ BWUသည် အမျိုးသမီး မဟာမိတ်အဖွဲ့တခု ဖွဲ့စည်းရေးကို အစပြုရန် စနစ်တကျ စတင်လုပ်ဆောင်သင့်သည်ဟု ညီလာခံက သဘောတူခဲ့သည်။ ၎င်းရည်မှန်းချက် အထမြောက် အောင်မြင်စေရန်အတွက် အမျိုးသမီးများ တရားဝင် ဆွေးနွေးနိုင်ရန် အမျိုးသမီးအဖွဲ့ပေါင်းစုံ၏ ကိုယ်စားလှယ်များ ပါဝင်သော ညီလာခံတခုကို ၂ နှစ်အတွင်း ကျင်းပရန် ကိုယ်စားလှယ်များက သဘောတူခဲ့ကြသည်။ အေးအေးလွင်၊ ခင်ဥမ္မာနှင့် နန်းယဉ်တို့ သုံးဦးအား ယင်းတာဝန်ကို ထမ်းဆောင်ရန် တာဝန်ပေးခဲ့သည်။

ခင်ဥမ္မာသည် နယ်စပ်သို့ပြန်ရောက်တာဝန်မထမ်းဆောင်ခင်တွင် အမေရိကန်ပြည်ထောင်စု၌ နှစ်အတန်ကြာ အလုပ်လုပ်ကိုင်ခဲ့သူဖြစ်ပြီး ဝါရှင်တန်ဒီစီ အခြေစိုက် အထောက်အပံ့ပေးသည့် အဖွဲ့တဖွဲ့ဖြစ်သည့် National Endowment for Democray နှင့် အဆက်အသွယ်ရှိခဲ့သည်။ အမေရိကန်ပြည်ထောင်စုသို့ သူမခေတ္တပြန်သွားကာ မိဆူးပွင့် ရေးသားထားသော BWU ၏ လုပ်ငန်းအဆိုပြုလွှာကို National Endowment for Democracy အဖွဲ့သို့ တင်ပြခဲ့သည်။ BWU မှ မြန်မာနိုင်ငံမှ အမျိုးသမီးများပါဝင်သော မျက်နှာစုံညီအစည်းအဝေးတရပ် ကျင်းပနိုင်ရေးနှင့် အစည်းအဝေးနှင့် ဆက်စပ်သောလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဘဏ္ဍာငွေ အကူအညီတောင်းခံခဲ့သည်။ အခြားအမျိုးသမီးများ၏ စိတ်ဝင်စားမှုနှင့် ပူးပေါင်းဆောင်ရွက်မှုရရှိရန်အတွက် BWU သည် မျက်နှာစုံညီ အစည်းအဝေး ကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် အမျိုးသမီးနိုင်ငံရေးတပ်ပေါင်းစု တခုဖွဲ့စည်းလိုသော စိတ်ကူးများကို ဆွေးနွေးရန် အမျိုးသမီးအဖွဲ့အစည်းများထံသို့ သွားရောက်ရန်စီစဉ်ခဲ့သည်။ အဖွဲ့အစည်းများထံမှ အဖွဲ့ဝင် အမျိုးသမီး ပါဝင်သော အခြေခံခေါင်းဆောင်မှုသင်တန်း တခုကိုလည်း BWU မှ စီစဉ်ခဲ့သည်။ ထို့အပြင် လစဉ်ထုတ်

ဝေသည့် "ချိုးလင်းပြာ" စာစောင်ကိုလည်း BWU က ပြန်လည် ထုတ်ဝေလိုခဲ့သည်။ ချိုးလင်းပြာ စာစောင်တွင် မြန်မာနိုင်ငံအနှံ့အပြားမှ တိုင်းရင်းသူ အမျိုးသမီးများအကြောင်း၊ ထင်ရှားသော အမျိုးသမီးခေါင်းဆောင်များ၏ ဘဝဖြတ်သန်းမှုနှင့် အမျိုးသမီးအခွင့်အရေးနှင့် ပတ်သက်သော အထွေထွေဗဟုသုတများပါဝင်သည်။

BWU သည် တခြားအမျိုးသမီးအဖွဲ့များထံသို့ စာဖြင့် စတင်ရေးသားဆက်သွယ်ခဲ့သော်လည်း အဖွဲ့အစည်း အများစုထံမှ တုန့်ပြန်ချက်တစုံတရာ မရရှိခဲ့ပေ။ အိန္ဒိယနိုင်ငံအခြေစိုက် WRWAB က စိတ်ဝင်စားကြောင်း ဖေါ်ပြခဲ့သော်လည်း ထိုင်း-မြန်မာနယ်စပ်အခြေစိုက် လူမျိုးကို အခြေပြု ဖွဲ့စည်းထားသည့် အမျိုးသမီးအဖွဲ့အစည်း အများစုက BWU စီစဉ်ဆောင်ရွက်မည့် အမျိုးသမီး ကွန်ဖရင့်နှင့်ပတ်သက်၍ စိုးရိမ်ချက်များ ရှိခဲ့သည်။ BWU သည် ABSDF နှင့် နီးနီးကပ်ကပ် ဆက်နွယ်မှုရှိသော အဖွဲ့အစည်းတခုအဖြစ် နားလည်ထားကြသလို BWU နှင့် ABSDF နှစ်ဖွဲ့ စလုံးကို ဗမာအဖွဲ့အစည်းများအဖြစ် ရှုမြင်ထားခဲ့ကြသည်။ တခြားအဖွဲ့အစည်းများမှ အဖွဲ့ ဝင်များက BWU ၏ စိတ်ကူးရည်ရွယ်ချက်အပေါ် စိုးရိမ်ခဲ့ကြသည်။ BWU သည် ဗမာများ ကြီး စိုးသော အမျိုးသမီးအဖွဲ့အစည်းတခုအတွင်းသို့ ၎င်းတို့ကို ဆွဲသွင်းနေသည်ဟု လည်း ကောင်း နောင်တချိန်တွင် ထိုအမျိုးသမီးများသည် ABSDF ၏ ထိန်းချုပ်မှု အောက်သို့ ရောက်ရှိသွား နိုင်သည်ဟု တချို့ကမှတ်ယူခဲ့ကြသည်။ အမျိုးသမီးအဖွဲ့စုံနှင့် တသီးပုဂ္ဂလ အမျိုးသမီးများ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်သော မျက်နှာစုံညီ အစည်းအဝေးပွဲတခု ဖြစ်လိုပါက တခြားလူ လေး စားသော အမျိုးသမီးများက ထိုအစည်းအဝေး ဖြစ်မြောက်အောင် စီစဉ်ရန် အရေးကြီးသည် ဟု BWU ခေါင်းဆောင်မှုက သဘောပေါက်ခဲ့သည်။ BWU ၏ ၁၉၉၈ ဇူလိုင်လ ဗဟိုဦးဆောင် ကော်မတီ အစည်းအဝေးတွင် မျက်နှာစုံညီ အစည်းအဝေး ကျင်းပရေးကော်မတီတွင် အောက် ဖော်ပြပါ ပုဂ္ဂိုလ်များ ပါဝင်သင့်သည်ဟု ဆုံးဖြတ်ခဲ့သည်။

- လူဝီဇာဘန်စင်ကရက်ချ် (အမေရိကန်ပြည်ထောင်စုတွင် နေထိုင်နေသော ထင်ရှားသည့် ကရင်အမျိုးသမီး)
- ဒေါက်တာ စင်သီယာမောင် (မဲဆောက်မြို့၊ မယ်ဆော်ဆေးခန်းတည်ထောင်သူ ဂုဏ်သရေရှိ ကရင်အမျိုးသမီး)

- ပေပါကာဝမ် (ချင်းမိုင်အခြေစိုက် Burma Relief Centre ၏ ဒါရိုက်တာဖြစ်ခဲ့သူ ရှမ်း–အင်္ဂလိပ်ကပြား အမျိုးသမီး)
- သက်သက်လွင် (သြစတေးလျနိုင်ငံမှ ပြန်ရောက်တာဝန်ထမ်းဆောင်သော BWU အဖွဲ့ဝင်တဦး နှင့်
- မော်လီ (အိန္ဒိယနိုင်ငံအခြေစိုက် WRWAB အဖွဲ့ဝင်တဦးဖြစ်ခဲ့သော မြန်မာရှေ့နေ အမျိုးသမီး) တို့ဖြစ်သည်။

ထိုကာလအတောအတွင်း ၁၉၉၈ ခုနှစ် နှစ်လည်ပိုင်းတွင် ဘရပ်ဆဲအခြေစိုက် ယူရို–မြန်မာရုံး ဒါရိုက်တာ ဟန်ညောင်ရွှေမှ ပေပါကာဝမ်အား ဆက်သွယ်ကာ အနာဂတ်တွင် လုပ်ရှားမှုအတွင်း အမျိုးသမီးပါဝင်မှု ပိုမိုများပြားလာစေရန် ရည်ရွယ်ချက်ဖြင့် အမျိုးသမီးမျက်နှာစုံညီ အစည်းအဝေးတခုကို သူမအနေဖြင့် စီစဉ်ကျင်းပသင့်ကြောင့် အကြံပြုခဲ့သည်။ အမျိုးသမီးများ၏ ပါဝင်လာမှုက လှုပ်ရှားမှုကို အားကောင်းစေနိုင်သကဲ့သို့ အမျိုးသမီးများသည်လည်း နိုင်ငံရေးတွင် ပါဝင်သင့်သည်ဟု သူကထင်မှတ်ခဲ့သည်။ ထိုအချိန်တွင် BRC သည် နယ်စပ်တလျှောက်ရှိ အဖွဲ့အစည်းများအား ဘဏ္ဍာငွေနှင့် အထောက်အပံ့များ ပံ့ပိုးကူညီနေသည့်ကာလဖြစ်သည်။ အမျိုးသမီးအဖွဲ့အစည်းနှင့် ပတ်သက်၍မူ BRC သည် KWO လုပ်ငန်းစီမံချက် တခုတည်းကိုသာ ဘဏ္ဍာငွေ ထောက်ပံ့ခဲ့သည်။ ဟန်ညောင်ရွှေသည် လူဝီဇာ ဘန်စင်ကရက်ချ်ကိုလည်း သူ၏ စဉ်းစားချက်ကို ဆွေးနွေးရန်ဆက်သွယ်ခဲ့သည်။

ထို့ကြောင့် BWU အနေနှင့် ပေပါကာဝမ်သို့ ဆက်သွယ်သည့်အချိန်တွင် အမျိုးသမီးများ၏ အစည်းအဝေးတခု ဆောင်ရွက်မည့်စိတ်ကူး သူမတွင်ရှိနေပြီးဖြစ်သည်။ အစည်းအဝေးစီစဉ်သူ တဦးအဖြစ် တာဝန်ယူပေးရန် သူမလက်ခံခဲ့သည်။ သို့သော် လူဝီဇာက သူမသည် အလှမ်းကွာဝေးသော နေရာတွင်နေထိုင်သူဖြစ်သောကြောင့် အစည်းအဝေး စီစဉ်သူတဦးအဖြစ် သူမ မထမ်းဆောင်နိုင်ပါဟု ဆုံးဖြတ်ခဲ့သည်။ အက်စတာစောလုံကို လူဝီဇာ၏နေရာတွင် တာဝန်ယူပေးရန် ပီပါက အကြံပြုခဲ့သည်။ နောက်ဆုံးတွင် ကျင်းပရေးကော်မတီတွင် ပီပါကာဝမ်၊ ဒေါက်တာ စင်သီယာ နှင့် အက်စတာ စောလုံတို့ ပါဝင်ခဲ့သည်။ အက်စတာစောလုံသည် သြစတြေးလျနိုင်ငံတွင် နှစ်အတန်ကြာ နေထိုင်ပြီးနောက် ထိုင်းနိုင်ငံ ချင်းမိုင်သို့ပြန်လာကာ Earthrights International

အမျိုးသမီးအခွင့်အရေး လုပ်ငန်းစီမံချက်၏ တာဝန်ခံအဖြစ် လာရောက်လုပ်ကိုင်နေခဲ့သည်။ BWU က တခြားသူများထံသို့ ထပ်မံမချဉ်းကပ်ခင် သက်သက်လွင်နှင့် မော်လီကိုစီစဉ်သူများ စာရင်းမှ ပယ်ဖျက်ခဲ့သည်။ ပယ်ဖျက်ခဲ့ရသည့် အကြောင်းမှာ သက်သက်လွင်တွင် တခြား လုပ်ငန်းများ လုပ်ဆောင်စရာများ ရှိသောကြောင့်ဖြစ်ပြီး မော်လီကမူ ဒေလီရှိ တခြားအဖွဲ့အစည်းများနှင့် ဆက်သွယ်မှု အလွယ်တကူ မလုပ်ဆောင်နိုင်သောကြောင့်ဖြစ်သည်။

၁၉၉၈ ခုနှစ် စက်တင်ဘာလနှင့် နိုဝင်ဘာလအကြားတွင် စီစဉ်သူ (၃) ဦးမှ အမျိုးသမီးအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များထံသို့ ဆက်သွယ်ခြင်း၊ ဖိတ်စာများ ပေးပို့ခြင်း၊ ခရီးသွားလာနေရာထိုင်ခင်းအတွက် စီစဉ်ခြင်းနှင့် အစည်းအဝေးအတွက် ဆွေးနွေးမည့် အကြောင်းအရာများကို စီစဉ်ခဲ့ကြသည်။ ကျန်းမာရေး၊ ပညာရေး၊ ဝင်ငွေ ဖန်တီးမှုလုပ်ငန်း၊ လူမှုဖူလုံရေးနှင့် နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ကြသော အမျိုးသမီးများ တက်ရောက်သင့်ပြီး၊ အစည်းအဝေးသည်လည်း ထိုနယ်ပယ်များတွင် အခြေခံသင့်သည်ဟု စီစဉ်သူများက သဘောတူခဲ့ကြသည်။ အစည်းအဝေးတက်ရောက်လာသူများက ၎င်းတို့အမြင်များကို အစည်းအဝေးတွင် လွတ်လပ်စွာ တင်ပြနိုင်ကြပြီး မဟာမိတ်အဖွဲ့ချုပ်တခု တည်ထောင်ရမည်ဟူသော ဖိအားမျိုး ၎င်းတို့တွင် မရှိသင့်ဟုလည်း စီစဉ်သူများက သဘောတူခဲ့ကြသည်။ မျက်နှာစုံညီအစည်းအဝေးသည် သက်တောင့်သက်သာ ဆွေးနွေးမှု ပုံစံဖြစ်သင့်ကာ အဖွဲ့အစည်းများအကြား အနာဂတ်ပူးပေါင်းဆောင်ရွက်မှုသည် သဘာဝအရ ဖွံ့ဖြိုးလာသင့်သည်ဟုလည်း စီစဉ်သူများက အခိုင်အမာ ယုံကြည်ကြသည်။ တိုင်းရင်းသား လူမျိုးစုံပါဝင်သည့် တက်ကြွသော အမျိုးသမီး အင်အားစုများနှင့် အတူ အမျိုးသမီးတဖွဲ့လျှင် အမျိုးသမီးကိုယ်စားလှယ်နှစ်ဦးကျစီ ပါဝင်သင့်ပြီး၊ KWO နှင့် BWU မှ ကိုယ်စားလှယ် တဦးစီပါဝင်၍ အစည်းအဝေး မှတ်တမ်းရယူသင့်သည်ဟု စီစဉ်သူများက ဆုံးဖြတ်ခဲ့သည်။ ပီပါကာဝမ်က ဟန်ညောင်ရွှေအား ယခင်သူအကြံပြုထားသည့်အတိုင်း ယူရို–မြန်မာရုံးအနေနှင့် ထိုအစည်းအဝေးကို ဘဏ္ဍာငွေထောက်ပံ့ပေးနိုင်ခြင်းရှိမရှိကို မေးမြန်းခဲ့သည်။ BWU မှ ထောက်ခံစာတစောင် ပေးပို့ပါက သူအနေဖြင့် ထောက်ပံ့ပေးနိုင်သည်ဟု သဘောတူခဲ့သည်။ BWU အနေနှင့် ထောက်ခံစာပေးပို့ခဲ့သည်။

တချိန်တည်းတွင် မြန်မာနိုင်ငံမှ အမျိုးသမီးများစွာ တစုတစည်းဖြစ်စေနိုင်သော တခြား လုပ်ငန်းများသည်လည်း ဖြစ်ထွန်းနေခဲ့သည်။ ၁၉၉၈ ခုနှစ် မတ်လတွင် BWU/KNWO နှင့် KWO မှ ကိုယ်စားလှယ်များသည် ထိုင်းနိုင်ငံ ကန်ချန်နဘူရီတွင် ကျင်းပသော အာရှဒေသနေတိုင်းရင်းသားအမျိုးသမီးများ၏ ကွန်ဖရင့်တွင် ဆွေးနွေးချက်များ တင်ပြခဲ့သည်။ BWU အဖွဲ့ဝင် နန်းယဉ်မှ KWO မှ ဇီဖိုးရာစိန်နှင့် လာဒီယာတမလာဝါးတို့ဖြင့် ပထမဦးဆုံးအကြိမ် ဆုံတွေ့ခဲ့ပြီး မဟာမိတ်အဖွဲ့ချုပ်သဘောဟန် အဖွဲ့အစည်းတခုခုဖွဲ့စည်းမည့် စိတ်ကူးကို ဆွေးနွေးခဲ့ကြသည်။ ဘန်ကောက်အခြေစိုက် အန်ဂျီအိုတခုဖြစ်သော Altsean-Burma အဖွဲ့က ၁၉၉၈ ခုနှစ် ဇွန်လတွင် မြန်မာနိုင်ငံမှ တိုင်းရင်းသား အမျိုးသမီးများအရေးနှင့် သက်ဆိုင်သော အလုပ်ရုံဆွေးနွေးပွဲတခု စီစဉ်ဆောင်ရွက်ခဲ့သည်။ထိုဆွေးနွေးပွဲသို့မြန်မာနိုင်ငံမှအမျိုးသမီးများစွာပါဝင်တက်ရောက်ခဲ့သည်။

၁၉၉၈ ခုနှစ် နိုဝင်ဘာလအစောပိုင်းတွင် BWU သည် KWO/KNWO/ ရှမ်းလူမျိုးအသိုင်းအဝန်းနှင့် မယ်တော်ဆေးခန်းမှ အမျိုးသမီးများ ပါဝင်သော အမျိုးသမီးစွမ်းရည်မြှင့်တင်ရေးနှင့် ခေါင်းဆောင်မှု နှစ်ပတ်ကြာ သင်တန်းကို စီစဉ်ခဲ့သည်။ ထိုသင်တန်းတွင် လိင်နှင့် လိင်ကွဲပြားမှုအပေါ်အခြေခံသည့် ခွဲခြားဆက်ဆံမှုများ၊ အမျိုးသမီးနှင့် မျိုးပွားမှုဆိုင်ရာကျန်းမာရေး၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊ အမျိုးသမီးအခွင့်အရေးနှင့် ကမ္ဘာ့ကုလသမဂ္ဂ၏ အမျိုးသမီးများအားခွဲခြားဆက်ဆံမှုအားလုံး ပပျောက်ရေး သဘောတူစာချုပ် မိတ်ဆက်ခြင်းများ ပါဝင်ခဲ့သည်။

မျက်နှာစုံညီအစည်းအဝေးမတိုင်ခင် ရက်သတ္တပတ် နှစ်ပတ်အလိုတွင် ဘင်္ဂလားဒေ့ရှ်မှ အမျိုးသမီးတချို့က ရခိုင်အမျိုးသမီးအစည်းအရုံးကို တည်ထောင်ခဲ့သည်။ ၁၉၈၈ ခုနှစ် လူထုလှုပ်ရှားမှုအတွင်း ရခိုင်ပြည်နယ်၌ တက်ကြွစွာ ပါဝင်ခဲ့ပြီး ထိုင်းနိုင်ငံမှ အမျိုးသမီးအဖွဲ့များနှင့် ဆုံတွေ့ခဲ့ဖူးသူ မြရာဇာလင်းက ထိုအဖွဲ့အစည်း၏ ဦးဆောင်သူ ဖြစ်လာခဲ့သည်။ တဆက်တည်းတွင် KWO သည် ပြန်လည်စုဖွဲ့မှု ဆောင်ရွက်ခဲ့ပြီး ဇီဖိုးရာစိန်က အထွေထွေအတွင်းရေးမှူး ဖြစ်လာခဲ့သည်။

"မြန်မာနိုင်ငံမှ အမျိုးသမီးများ၏ မျက်နှာစုံညီအစည်းအဝေး" ကို ၁၉၉၈ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်မှ ၂၈ နေ့အထိ ချင်းမိုင်မြို့တွင် ကျင်းပခဲ့သည်။ အောက်ဖော်ပြပါ အဖွဲ့အစည်းများနှင့် လုပ်ငန်း

စီမံချက်များမှ (အက္ခရာစဉ်အလိုက် ဖော်ပြထားသည်။) မှကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။

- ဘန်ပလောက်ဖိုင် (Safe House) ထိုင်းနိုင်ငံ၊ စံခလဘူရီတွင် အခြေစိုက်သည်။
- မြန်မာ့အမျိုးသမီးသမဂ္ဂ၊ ထိုင်းမြန်မာနယ်စပ်နှင့် မယ်ဟောင်ဆောင်တွင် အခြေစိုက်သည်။
- ချင်းအမျိုးသမီးအဖွဲ့၊ ဒေလီတွင် အခြေစိုက်သည်။ နောက်ပိုင်းတွင် အိန္ဒိယ အရှေ့မြောက် ဖက်ခြမ်းတွင် အခြေစိုက်သည်။
- အိုးအိမ်မဲ့အမျိုးသမီးများလူမှုဖူလုံရေးအသင်း၊ တတိယနိုင်ငံများသို့ ပြန်လည်အခြေချမည့် အစီအစဉ်ကို စောင့်ဆိုင်းနေသော ဘန်ကောက်အခြေစိုက် ကရင်အမျိုးသမီးများက ဦးဆောင်ခဲ့သည်။
- ကရင်အမျိုးသမီးအစည်းအရုံး၊ ထိုင်းမြန်မာနယ်စပ်တွင် အခြေစိုက်သည်။
- ကရင်နီအမျိုးသမီးအစည်းအရုံး၊ ကရင်နီဒုက္ခသည်စခန်းများတွင် အခြေစိုက်သည်။
- လားဟူအမျိုးသမီးအဖွဲ့၊ ထိုင်းနိုင်ငံမြောက်ပိုင်းတွင် အခြေစိုက်သည်။
- မယ်တော်ဆေးခန်း၊ ထိုင်းနိုင်ငံ၊ မဲဆောက်တွင် အခြေစိုက်သည်။
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) အမျိုးသမီးအဖွဲ့၊ ထိုင်းမြန်မာနယ်စပ်တွင် အခြေစိုက်သည်။
- ရခိုင်အမျိုးသမီးအစည်းအရုံး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အခြေစိုက်သည်။
- Weaving for Women ထိုင်းနိုင်ငံ စံခလဘူရီတွင် အခြေစိုက်သည်။
- မြန်မာနိုင်ငံ အမျိုးသမီးရေးရာနှင့် အခွင့်အရေးများဆိုင်ရာအဖွဲ့၊ ဒေလီနှင့် အိန္ဒိယအရှေ့မြောက်ခြမ်းတွင် အခြေစိုက်သည်။

သက်ဆိုင်ရာ လူထုအကြား တက်တက်ကြွကြွဆောင်ရွက်နေသော၊ အမျိုးသမီးမဟာမိတ်အဖွဲ့ချုပ် တခုဖြစ်မြောက်ရေး တောက်လျှောက် ဝန်းရံကူညီပေးခဲ့သော တသီးပုဂ္ဂလိက အမျိုးသမီး (၃) ဦးလည်း တက်ရောက်ခဲ့သည်။ ထိုသုံးဦးအနက် တဦးမှာ ရှမ်းနိုင်ငံရေးနှင့် ရွှေ့ပြောင်းအလုပ်သမားကိစ္စရပ်များတွင် နှစ်ပေါင်းများစွာ အတွေ့အကြုံရှိသော ရှမ်းတိုင်းရင်းသူ ဆိုင်နောင့် ဖြစ်သည်။ ၁၉၈၈ ခုနှစ် စက်တင်ဘာလ မြန်မာစစ်တပ်က အာဏာသိမ်းပြီးနောက်ပိုင်း ထိုင်းနိုင်ငံသို့ ရောက်ရှိလာခဲ့သော မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားတက်ကြွသူများကိုလည်း သူမ အကူအညီ

ပေးခဲ့ဖူးသည်။ ချင်းမိုင်မြို့တွင်နေထိုင်သော ကချင်အမျိုးသမီးနှစ်ဦးဖြစ်သည့် ရှယ်လီဆိုင်းနှင့် နန်တောင်တို့လည်း အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည်။ ၎င်းကချင်အမျိုးသမီးနှစ်ဦး သည် ကချင်ပြည်နယ် မြောက်ပိုင်းရှိ ကချင်အဖွဲ့အစည်းများနှင့် အဆက်အသွယ်ရှိခဲ့ပြီး၊ ချင်းမိုင်မြို့ တွင် နေထိုင်သော ကချင်လူမျိုးများအတွက် လူမှုဖူလုံရေး လုပ်ငန်းများတွင်လည်း ပါဝင်ဆောင် ရွက်ခဲ့သည်။ ထားဝယ်အမျိုးသမီးသမဂ္ဂနှင့် မွန်အမျိုးသမီးအဖွဲ့မှ ကိုယ်စားလှယ်များသည် လမ်း ခရီး သွားလာရေး အခက်အခဲများကြောင့် အစည်းအဝေး မတက်နိုင်ခဲ့ပေ။

ထိုမျက်နှာစုံညီအစည်းအဝေးက မြန်မာနိုင်ငံရှိ မတူကွဲပြားသောဒေသများမှ အမျိုးသမီးများ အတွက် အတူတကွ တွေ့ဆုံနိုင်ခွင့် အခွင့်အလမ်းတခု ပေးခဲ့သည်။ အမျိုးသမီးအများစုအတွက် ထိုသို့တွေ့ဆုံရခြင်းသည် ပထမဦးဆုံးအကြိမ်လည်း ဖြစ်ခဲ့သည်။ တက်ရောက်လာသော ကိုယ် စားလှယ်များက ၎င်းတို့၏ သက်ဆိုင်ရာလုပ်ငန်းများကို တင်ပြခဲ့ကြသည်။ စစ်အာဏာရှင် အောက် အမျိုးသမီးများအပေါ် ဖိနှိပ်မှုများ၊ အမျိုးသမီး၏ ကျန်းမာရေး၊ ပညာရေး ပြဿနာ များ၊ အိုးအိမ်မဲ့ အမျိုးသမီးများ၏ ပြဿနာများ၊ အိမ်တွင်းအကြမ်းဖက်မှုနှင့် အမျိုးသမီးများအ ပေါ် ခွဲခြားဆက်ဆံခြင်းကို အစုအဖွဲ့ငယ်များအလိုက် ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် အမျိုးသမီး များသည် ၎င်းတို့၏ လုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်ချက် များကိုလည်းဆွေးနွေးခဲ့ကြသည်။အစည်းအဝေး၏နောက်ဆုံးနေ့တွင်သက်ဆိုင်ရာအကြောင်း ကိစ္စရပ်များအလိုက် ဆောင်ရွက်နေကြသော ထိုင်းနှင့် နိုင်ငံတကာ အန်ဂျီအိုများကလည်း ၎င်း တို့လုပ်ငန်းများနှင့် ပတ်သက်၍ အကျဉ်းချုပ် တင်ပြခဲ့ကြသည်။

အစည်းအဝေး တက်ရောက်သူများက တင်ပြမှုများ၊ ဆွေးနွေးချက်များနှင့် တဦးနှင့်တဦး အပြန် အလှန် သိခွင့်ရရှိမှုများအပေါ် ကျေနပ်သဘောကျခဲ့ကြသော်လည်း စိန်ခေါ်မှုများက ရှိနေခဲ့ သည်။ မလုံခြုံမှု၊ စိတ်ပျက်မှုနှင့် မယုံကြည်မှုများက ညနေခင်း တရားဝင် အစည်းအဝေးများ နှင့် အလွတ်သဘော ဆွေးနွေးပွဲများတွင် ပေါ်ထွက်လာခဲ့သည်။ မြန်မာစကားကို အဓိက ဘာ သာစကားအဖြစ် အသုံးပြုခဲ့သဖြင့် မြန်မာစကား လည်လည်ပတ်ပတ် မပြောတတ်သော အမျိုးသမီးတချို့က သူတို့အနေဖြင့် တန်းတူပါဝင်ခွင့်မရှိခဲ့ဟု ခံစားခဲ့ရသည်။ တချို့အမျိုးသမီး

များက လူအများကြီး ပါဝင်သော အစည်းအဝေးကြီးတခုကို ယခင်က တက်ရောက်ခဲ့ဖူးခြင်း မရှိသဖြင့် စကားပြောရန် သက်တောင့် သက်သာမဖြစ်ခဲ့ပေ။ တက်ရောက်လာသူ အမျိုးသမီး များ၏ နောက်ခံသမိုင်းကြောင်း၊ ဘဝဖြတ်သန်းမှု၊ ပညာရေးအဆင့်နှင့် စိတ်ဝင်စားမှုများ မတူ ညီကြသောကြောင့် ဘုံတူညီချက်တခုရရန် ခက်ခဲခဲ့သည်။ ထို့အပြင် ပြည်တွင်းစစ်ဒေသများ၊ မြို့ပြ ဒေသ ဒီမိုကရေစီလှုပ်ရှားမှုများတွင် ပါဝင်ကြုံတွေ့ခဲ့ရသော အမျိုးသမီးများ၏ နာကြည်းဖွယ် ရာဖြတ်သန်းမှု အတွေ့အကြုံများကြောင့် တခါတရံတွင် ဆွေးနွေးပွဲများ၌ စိတ်ခံစားမှုများ ပေါ် ထွက်လာတတ်ခဲ့သည်။ အစည်းအဝေးစီစဉ်သူများနှင့် တက်ရောက်သူများက ထိုသို့ခံစားချက် များစွာ ပေါ်ထွက်လာမည်ဟု မမျှော်မှန်း ထားကြသဖြင့် တခါတရံတွင် ကိုင်တွယ်ရန် ခက်ခဲခဲ့သည်။

မျက်နှာစုံညီအစည်းအဝေး အပြီးတွင် အစည်းအဝေးတက်ရောက်သူများက မဟာမိတ်အဖွဲ့ ချုပ်တခု ဖွဲ့စည်းရန် သဘောတူကြလိမ့်မည်ဟု BWU က မျှော်လင့်ခဲ့သော်လည်း အမျိုးသမီး အများစုက ထို့အတွက် အဆင်သင့်မဖြစ်ခဲ့ သေးပေ။ WRWAB က ထိုစိတ်ကူးကို သဘောတူခဲ့ သည်။ သို့သော် တိုင်းရင်းသားအမျိုးသမီးများက ဗမာများ ကြီးစိုးသော မဟာမိတ်အဖွဲ့တခု ဖြစ်လာမည့်အပေါ် စိုးရိမ်ခဲ့ကြသည်။ အလားတူ အရေးကြီးသော အချက်တခုမှာ အမျိုးသမီး အများစုသည် အစည်းအဝေးသို့တက်ရောက်ရခြင်း၏ ရည်ရွယ်ချက်မှာ တခြားအမျိုးသမီးများ နှင့် တွေ့ဆုံရန်၊ ၎င်းတို့လုပ်ငန်းများကို လေ့လာရန်မှလွဲ၍ တခြားဆွေးနွေးမည့်အကြောင်းအရာ မရှိခဲ့ချေ။ ထို့ကြောင့် မဟာမိတ် အဖွဲ့တဖွဲ့ ဖွဲ့စည်းရန်ဟူသော စိတ်ကူးသည် သူတို့အတွက် အချိန်စောလွန်းခဲ့သေးသည်။ သို့သော်ငြားလည်း အမျိုးသမီးများက နောက်တကြိမ် ထပ်မံတွေ့ ဆုံရန် အာသီသ ရှိခဲ့သကဲ့သို့ တခြားအမျိုးသမီးအဖွဲ့များ၏ လုပ်ငန်းများအကြောင်းကြားသိရ ခြင်းဖြင့် အင်အားများရရှိခဲ့သည်ဟု ခံစားခဲ့ရသည်။ အစည်းအဝေးတက်ရောက်လာသူ အမျိုး သမီးကိုယ်စားလှယ်အားလုံးက ၁၉၉၉ ခုနှစ် နှောင်းပိုင်းတွင် နောက်တကြိမ် အမျိုးသမီးအစည်း အဝေးတခု ကျင်းပရန် သဘောတူခဲ့ကြသည်။ နောက်တကြိမ် မျက်နှာစုံညီအစည်းအဝေးကို မည်သူက စီစဉ်သင့်သည်နှင့် ပတ်သက်၍ အမြင်မတူညီမှုများ ပေါ်ထွက်လာခဲ့သောကြောင့် မဲဆန္ဒပေး၍ ဆုံးဖြတ်ခဲ့ကြရာ အများစုက အန်ဂျီအိုက စီစဉ်ပေးရန် မဲပေးခဲ့ကြသည်။

၁၉၉၉ ခုနှစ် ဇန်နဝါရီလ နှောင်းပိုင်းတွင် BWU မှ ဗဟိုဦးဆောင်ကော်မတီအစည်းအဝေးတခု ကျင်းပခဲ့ပြီး ထိုအစည်းအဝေးတွင် မျက်နှာစုံညီအစည်းအဝေးကြီးမှ ထွက်ရှိလာသော ရလဒ်များကို ပြန်လည်သုံးသပ်ခဲ့ကြသည်။ ထို့နောက် ဒုတိယအကြိမ် မျက်နှာစုံညီအစည်းအဝေးသည် အမျိုးသမီးများ၏ မဟာမိတ်အဖွဲ့ချုပ်တခု ဖွဲ့စည်းတည်ထောင်နိုင်သည့် ရလဒ်တခုပေါ်ထွက်လာစေရန် အမျိုးသမီးအဖွဲ့အစည်းများအကြား ယုံကြည်မှုနှင့် နားလည်မှု ပိုမိုရရှိလာစေရေးကို အထောက်အကူဖြစ်စေသော လုပ်ငန်းများ စတင်လုပ်ဆောင်ရန် စီစဉ်ခဲ့ကြသည်။ မြန်မာနိုင်ငံမှ အမျိုးသမီးများ၏ ဒုတိယအကြိမ်မြောက် မျက်နှာစုံညီအစည်းအဝေးမကျင်းပခင်လများ အလိုတွင် အမျိုးသမီးအဖွဲ့ တော်တော်များများက အမျိုးသမီးအဖွဲ့များ၏ မဟာမိတ်အဖွဲ့ချုပ်တခု တည်ထောင်ရေး စိတ်ကူးနှင့်ပတ်သက်၍ လေးလေးနက်နက် စတင် စဉ်းစားလာခဲ့ကြသည်။ မဟာမိတ်အဖွဲ့ချုပ် ဖွဲ့စည်းရေးစိတ်ကူး အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဦးတည်စေသော အစည်းအဝေးများ၊ သင်တန်းများနှင့် ဆွေးနွေးပွဲများစွာလည်း ထိုကာလအတွင်း ဖြစ်ပေါ်ခဲ့သည်။

၁၉၉၉ ခုနှစ် ဖေဖော်ဝါရီလတွင် BWU မှ မိဆူးပွင့် နှင့် WRWAB မှ အဖွဲ့ဝင်များ၊ ချင်းအမျိုးသမီးအဖွဲ့တို့သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပသော ကမ္ဘာ့ဒီမိုကရေစီလှုပ်ရှားမှုညီလာခံတွင် ပထမဦးဆုံးအကြိမ်အဖြစ် တွေ့ဆုံနိုင်ခဲ့သည်။ ထိုညီလာခံကို National Endowment for Democracy အဖွဲ့က ထောက်ပံ့ခဲ့သည်။ သက်ဆိုင်ရာ လုပ်ငန်းများ၊ အခက်အခဲများနှင့် အနာဂတ်တွင် အမျိုးသမီးမဟာမိတ်အဖွဲ့ချုပ်တခု ဖွဲ့စည်းရေးနှင့်သက်ဆိုင်သော စဉ်းစားချက်များကို သူတို့အကြား ဆွေးနွေးခဲ့ကြသည်။ ထိုအချိန်တွင် CWO တွင် လုပ်ငန်းအရင်းအမြစ် အလွန်နည်းပါးသောကာလဖြစ်ခဲ့သည်။ CWO မှ BWU အနေဖြင့် ၎င်းတို့အား တယ်လီဖုန်းနှင့် ဖက်စ်စက်တလုံးအတွက် ဘဏ္ဍာငွေရအောင် ကူညီပေးရန် မိဆူးပွင့်ကို တောင်းဆိုခဲ့သည်။ BWU က ၎င်းတို့ကို ထောက်ပံ့ထားသည့် ဘဏ္ဍာငွေကို ပြန်လည်ပြင်ဆင်နိုင်ခြင်း ရှိမရှိ NED ကို ဆက်သွယ်ပြီးသည့်နောက် BWU သည် CWO နှင့် တခြားအဖွဲ့အစည်းများအကြား ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်ချက်အတွက် ၎င်းတို့ရရှိထားသည့် ထောက်ပံ့ငွေအနက်မှ တချို့တဝက်ကို သုံးစွဲနိုင်ခဲ့သည်။

၁၉၉၉ ခုနှစ် မတ်လနှောင်းပိုင်းတွင် ထိုင်းနိုင်ငံနှင့် ရှမ်းပြည်နယ်အတွင်းရှိ ရှမ်းအမျိုးသမီးများက ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှား ဆောင်ရွက်ရေးအသင်း (SWAN) ကို တည်ထောင်ခဲ့သည်။

၁၉၉၆ ခုနှစ် နှင့် ၁၉၉၈ ခုနှစ် အကြားတွင် ခန့်မှန်းခြေ ရှမ်းပြည်သူ သုံးသိန်းခန့်ကို မြန်မာစစ်တပ်က အတင်းအဓမ္မ ၎င်းတို့ ကျေးရွာများမှ မောင်းထုတ်ခဲ့သဖြင့် ထိုင်းနိုင်ငံသို့ ရှမ်းပြည်သူအလုံးအရင်းဖြင့် အများဆုံးဝင်ရောက်မှုကို ဖြစ်စေခဲ့သည်။ တခြားသူများက ထိုင်းမြန်မာနယ်စပ်နှင့်နီးစပ်သော ရှမ်းပြည်တပ်မတော်ထိန်းချုပ်သော ဒေသများတွင် နေထိုင်ကြသည်။ ထိုင်းနိုင်ငံသို့ ရောက်ရှိလာသော ရှမ်းပြည်သူများအတွက် ဒုက္ခသည်စခန်း မရှိသောကြောင့် ရှမ်းလူမှုအသိုင်းအဝိုင်းများက ဖြစ်နိုင်သမျှ လိုအပ်သော ဝန်ဆောင်မှုများအတွက် ကြိုးပမ်းပေးခဲ့ကြသည်။

၁၉၉၉ ခုနှစ်မှစ၍ ထိုင်းမြန်မာနယ်စပ်တလျှောက်ရှိ ရှမ်းအမျိုးသမီးတော်တော်များများသည် အိုးအိမ်မဲ့ ရှမ်းပြည်သူများအတွက် ပညာရေးနှင့် ကျန်းမာရေးစီမံချက်များကို ကိုယ်တိုင်ကိုယ်ကျဆောင်ရွက်ခြင်း (သို့မဟုတ်) ပါဝင် ဆောင်ရွက်ခြင်းတို့ လုပ်ဆောင်နေကြသည်။ အမျိုးသမီးတချို့သည် မူလကတည်းက ရှမ်းပြည်နယ် အမျိုးသမီး အစည်းအရုံး၏ အဖွဲ့ဝင်များ ဖြစ်ခဲ့ကြသည်။ ထိုအဖွဲ့ကို ၁၉၉၃ ခုနှစ်တွင် တည်ထောင်ထားခဲ့ပြီး မွန်တိုင်း တပ်မတော်နှင့် နီးစပ်မှုရှိခဲ့သည်။ ၁၉၉၆ ခုနှစ် မွန်တိုင်းတပ်မတော်၏ ခေါင်းဆောင်မှုက စစ်အစိုးရထံသို့ လက်နက်ချခဲ့သော အချိန်တွင် ထိုအစည်းအရုံးလည်း ပြိုလဲခဲ့သည်။ ချင်းမိုင်မြို့တွင် ယခင်ကတည်းက ရောက်ရှိနေကြပြီး အန်ဂျီအိုများနှင့် တခြားမြန်မာနိုင်ငံနှင့်သက်ဆိုင်သော လုပ်ငန်းစီမံချက်များတွင် လုပ်ကိုင်နေကြသော တသီးပုဂ္ဂလ ရှမ်းအမျိုးသမီးတချို့လည်းရှိခဲ့သည်။ ရှမ်းအမျိုးသမီးကွန်ယက်တခု တည်ထောင်ရန် ယခင်ကတည်းက စိတ်ကူးရှိခဲ့သော ဆိုင်နောင့်က ဘန်ကောက်မှ ချင်းမိုင်သို့ ပြောင်းရွှေ့လာကာစ အချိန်လည်းဖြစ်ခဲ့သည်။ ထိုအမျိုးသမီးများအားလုံး စုပေါင်း၍ အိုးအိမ်မဲ့ ရှမ်းအမျိုးသမီးများ၏ လက်တွေ့နှင့် မဟာဗျူဟာ လိုအပ်ချက်များကို ဖြေရှင်းပေးရန် ကွန်ယက်တခု ဖွဲ့စည်းတည်ထောင်ခဲ့သည်။ မြန်မာနိုင်ငံ၏ မတူညီသော နေရာများမှ အမျိုးသမီးအဖွဲ့အစည်းများပါဝင်သည့် ကျယ်ပြန့်သော ကွန်ယက်တခုတွင် ပူးပေါင်းပါဝင်ရန်ကိုလည်း သူတို့က အထူးစိတ်ဝင်စားခဲ့ကြသည်။ ထိုသို့သော ကွန်ယက်တခုရှိပါက ပိုမိုခိုင်မာသော အသံများ ဖော်ထုတ်နိုင်သကဲ့သို့ ၎င်းတို့၏လုပ်ငန်းများ ပို၍ထိရောက်နိုင်မည် ဟုလည်း ယုံကြည်ခဲ့ကြသည်။

၁၉၉၉ ခုနှစ် ဧပြီလတွင် ပထမအကြိမ်မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်ခဲ့သော ရှယ်လီဆိုင်းနှင့် နန်တောင်တို့ နှစ်ဦးအပါအဝင် ကချင်အမျိုးသမီးလေးဦးက ထိုင်းနိုင်ငံအခြေစိုက်

ကချင်အမျိုးသမီးအုပ်စုတစု ဖွဲ့စည်းရန်အတွက် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ BRC မှ ပေပါ ကာဝမ်နှင့် SWAN မှ ဆိုင်နောင့်တို့ကလည်း ထိုသို့ဖွဲ့စည်းရန် သူတို့ကို အားပေး ကူညီခဲ့ကြသည်။ အစုအဖွဲ့၏ စုပေါင်းအင်အားဖြင့် အကျိုးကျေးဇူးရရှိနိုင်မည့် အမျိုးသမီးတပ်ပေါင်းစု အဖွဲ့အစည်းတခုသို့ ကချင်အမျိုးသမီးများကလည်း ပါဝင်လိုခဲ့ကြသည်။ ကချင်လွတ်မြောက်ရေး အဖွဲ့ (KIO) ၏ ထိန်းချုပ်မှုအောက်တွင်ရှိသော ကချင်ပြည်နယ်တွင် အခြေစိုက်သည့် ကချင်အမျိုးသမီး အစည်းအရုံးတခု ရှိခဲ့သည်။ သို့သော် KIO သည် ၁၉၉၄ ခုနှစ်တွင် စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူထားသောကြောင့် စစ်အစိုးရဆန့်ကျင်ရေး နိုင်ငံရေးလှုပ်ရှားမှုများတွင် ထိုအစည်းအရုံးက ပါဝင်နိုင်ခြင်းမရှိခဲ့ပေ။ ထိုင်းနိုင်ငံတွင် လွတ်လပ်သော ကချင်အမျိုးသမီးအဖွဲ့တဖွဲ့ရှိပါက လွတ်လပ်စွာပိုမို ထုတ်ဖော်ပြောဆိုနိုင်ကာ ထိုင်းနိုင်ငံသို့ ပြောင်းရွှေ့လာသော ကချင်ပြည်သူများအတွက်လည်း အကူအညီပေးရာတွင် ပို၍အသုံးဝင်နိုင်သည်ဟု ထိုင်းနိုင်ငံရောက် ကချင်အမျိုးသမီးများက သဘောပေါက်လာခဲ့ကြသည်။ အမျိုးသမီးများက ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) ကို ဖွဲ့စည်းရန် ထိုအစည်းအဝေးတွင် သဘောတူခဲ့ကြသည်။ သို့သော် ၁၉၉၉ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့ကို အဖွဲ့အစည်း တရားဝင်တည်ထောင်သည့်နေ့ အဖြစ် သတ်မှတ်ပါက ပို၍ ကောင်းမွန်သည်ဟု ဆုံးဖြတ်ခဲ့ကြသည်။

၁၉၉၈ ခုနှစ် နှင့် အထူးသဖြင့် ၁၉၉၉ခုနှစ်တွင် ထိုင်း–မြန်မာနယ်စပ် အခြေစိုက် အဖွဲ့အစည်းများမှ အမျိုးသမီးများ (အိန္ဒိယနိုင်ငံ နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အခြေစိုက်သော အမျိုးသမီးကပို၍နည်းပါးသည်)။ ဒေသတွင်းနှင့် နိုင်ငံတကာ ညီလာခံများ၊ အခြေခံသင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများသို့ တက်ရောက်ခွင့်ရခဲ့သည်။ ထို့အပြင် မတူညီသော အဖွဲ့အစည်းများမှ အမျိုးသမီးများအကြား ဆက်ဆံရေး ကောင်းမွန်လာရေးကို အထောက်အကူဖြစ်စေသည့် အပြင် အမျိုးသမီးအခွင့်အရေးများကို ပိုမိုသိရှိလာစေရန် အထောက်အကူ ဖြစ်စေသည့် အထူးအခမ်းအနားများသို့လည်း တက်ရောက်ခွင့် အခွင့်အရေးများရရှိခဲ့ကြသည်။ ထိုကဲ့သို့သော အခင်းအကျင်းများသည် ၁၉၉၉ ခုနှစ် နှောင်းပိုင်းကာလတွင် အမျိုးသမီးများက အမျိုးသမီးအဖွဲ့ချုပ်တခုတည်ထောင်ရန် အဆင်သင့်ဖြစ်စေသော၊ ဆန္ဒပြင်းပြလာစေသော အခြေအနေတခု ဖန်တီးရာတွင် အရေးကြီးသော အချက်များ ဖြစ်ခဲ့သည်။

၁၉၉၈ ခုနှစ် နှောင်းပိုင်းနှင့် ၁၉၉၉ ခုနှစ် တနှစ်လုံးတွင် ချင်းမိုင်အခြေစိုက် အန်ဂျီအိုတခုဖြစ်သော Images Asia မှ အမျိုးသမီးဝန်ထမ်းများသည် အမျိုးသမီးများကို တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ကာ ၂၀၀၀ ခုနှစ်တွင် ကျင်းပမည့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ ပပျောက်ရေး သဘောတူစာချုပ်ကော်မတီ (CEDAW) အစည်းအဝေးသို့ စင်ပြိုင်အစီရင်ခံစာ တစောင်တင်ပြရန်အတွက် သတင်းအချက်အလက်များ စုဆောင်းခဲ့ကြသည်။ မြန်မာပြည်အတွင်း အမျိုးသမီးအခွင့်အရေး တိုးတက်ဆောင်ရွက်မှုအခြေအနေကို တင်ပြန်ရန်အတွက် စစ်အစိုးရ ကလည်း သူ၏ ကိုယ်စားလှယ်များကို စေလွှတ်ပေးမည်ဖြစ်သည်။ သို့သော် စစ်အစိုးရ၏ အစီရင်ခံစာတွင် တိုင်းပြည်အတွင်း ပုံမှန်ချိုးဖောက်ခံနေရသော အမျိုးသမီးအခွင့်အရေး ချိုးဖောက်မှုများစွာကိုတော့ ထည့်သွင်းလိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် Images Asia က စင်ပြိုင် အစီရင်ခံစာတစောင် ရေးသား၍ တင်ပြသင့်သည်ဟု ယူဆခဲ့ခြင်းဖြစ်သည်။ မူလတွင် Images Asia မှ BWU ကို ထိုလုပ်ငန်းလုပ်ဆောင်ရန် ချဉ်းကပ်ခဲ့သော်လည်း BWU က ၎င်းတို့ အနေဖြင့် ထိုကဲ့သို့ကြီးမားသော လုပ်ငန်းကြီး လုပ်ဆောင်နိုင်ခြင်းမရှိသေးဟု ဆုံးဖြတ်ခဲ့သည်။ Images Asia သည် ၎င်းဘာသာ ဆက်လက်လုပ်ဆောင်ခဲ့ပြီး တွေ့ဆုံမေးမြန်းခြင်း လုပ်ငန်းစဉ်တွင် မြန်မာနိုင်ငံမှ တသီးပုဂ္ဂလိကများစွာ ပါဝင်ခဲ့သည်။ တွေ့ဆုံမေးမြန်းခြင်း EarthRights International မဆောင်ရွက်ခင်၌ Images Asia အလုပ်အဖွဲ့သည် အမျိုးသမီးအခွင့်အရေး၊ CEDAW နှင့် CEDAW အစီရင်ခံစာတင်သွင်းခြင်းလုပ်ငန်းစဉ်ဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲများကို ဖြစ်နိုင်သမျှ ဆောင်ရွက်ပေးခဲ့သည်။ ထိုအလုပ်ရုံဆွေးနွေးပွဲများက အမျိုးသမီးများကို မြန်မာနိုင်ငံရှိ အမျိုးသမီးအခွင့်အရေး ချိုးဖောက်မှုများနှင့် ပတ်သက်၍ သုံးသပ်နိုင်စေရန်နှင့် ၎င်းတို့ ဘဝများအတွက် နည်းလမ်းအသစ်များ စဉ်းစားရာတွင် လွန်စွာအထောက်အကူပြုခဲ့သည်ဟု Images Asia က တွေ့ရှိခဲ့သည်။

၁၉၉၉ ခုနှစ် မတ်လတွင် BWU သည် NCGUB ၏ လူ့အခွင့်အရေးမှတ်တမ်းတင်ဌာန၊ အဖွဲ့တို့ နှင့်အတူ လက်တွဲကာ မဲဆောက်မြို့တွင် အမျိုးသမီးခေါင်းဆောင်မှုသင်တန်းတခု စီစဉ်ခဲ့သည်။ ထိုင်း – မြန်မာနယ်စပ် တလျှောက်ရှိ ဒုက္ခသည်စခန်းများမှ အမျိုးသမီး နှစ်ဆယ့်ရှစ်ဦး တက်ရောက်ခဲ့သည်။ လူ့အခွင့်အရေး၊ အမျိုးသမီး အခွင့်အရေး၊ CEDAW ၊ လူထုခေါင်းဆောင်မှုနှင့် ယုံကြည်

မှုတည်ဆောက်ခြင်း စသည့် အကြောင်းအရာများ သင်တန်းတွင် ပါဝင်ခဲ့သည်။ ၁၉၉၉ ခုနှစ် ဇွန်လတွင် BWU သည် ဒုက္ခသည်စခန်းများရှိ အမျိုးသမီး ခေါင်းဆောင်များနှင့် ဒုက္ခသည်များ အရေးဆောင်ရွက်နေသောအမျိုးသမီးများအတွက် အကြမ်းဖက်ခံရမှုမှ အသက်ရှင် ကျန်ရစ်သူ အမျိုးသမီးများကို မည်သို့ နှစ်သိမ့်ဆွေးနွေးရမည်နှင့် ပတ်သက်သောသင်တန်းတခု စီစဉ်ပေးခဲ့သည်။ ထိုကိစ္စရပ်သည် လူမှုအသိုင်းအဝန်းအားလုံးရှိ အမျိုးသမီးများအပေါ် သက်ရောက်မှုရှိသော ကိစ္စရပ်ဖြစ်ပြီး၊ ကျယ်ကျယ်ပြန့်ပြန့် မဆောင်ရွက်သေးသော ကိစ္စရပ်တခုလည်း ဖြစ်နေခဲ့သည်။

ဆောင်ရွက်ခဲ့သမျှ သင်တန်းတခုချင်းစီက မတူညီသော တိုင်းရင်းသား အမျိုးသမီးများအကြား ခိုင်မာသော ချိတ်ဆက်မှုများ ရှိစေသည့်အပြင် အတူတကွလက်တွဲ လုပ်ဆောင်နိုင်သည်ဟူ၍ လည်း သင်တန်းတက်ခဲ့သူများအကြား ခံစားခဲ့ကြသည်။ ထို့အပြင် သင်တန်းများတွင် မဟာဗျူဟာမြောက် စီမံကိန်းရေးဆွဲခြင်းနှင့် ပတ်သက်သော စဉ်းစားချက်များကို မိတ်ဆက်ပေးခြင်းနှင့် ကျားမတန်းတူညီမျှရေးရည်မှန်းချက် အောင်မြင်ရေးအတွက် အတူတကွ လုပ်ဆောင်ရန် လိုအပ်သည့် အချက်ကိုလည်း မိတ်ဆက်ပေးခဲ့သည်။

နိုင်ငံတကာအမျိုးသမီးများနေ့ အထိမ်းအမှတ်ပွဲများကို ပထမဦးဆုံးအကြိမ်အဖြစ် စီစဉ်ကျင်းပခဲ့ပြီး အမျိုးသမီးပေါင်းစုံ ပါဝင်တက်ရောက်ခဲ့ကြသည်။ ၁၉၉၉ ခုနှစ် ဇွန်လတွင် မဲဆောက်မြို့တွင် ဒေါ်အောင်ဆန်းစုကြည် မွေးနေ့အထိမ်းအမှတ်ပွဲတခု ကျင်းပခဲ့ရာ အမျိုးသမီးများစွာ အတူတကွ တက်ရောက်ခဲ့ကြသည်။ သို့သော် သူမ၏ မွေးနေ့ကို မြန်မာနိုင်ငံအမျိုးသမီးများနေ့အဖြစ် သတ်မှတ်သင့် မသင့်ဟူ၍ သဘောထားကွဲလွဲမှုများတော့ ရှိခဲ့သည်။ မည်သည့် အခါသမယသည် မြန်မာနိုင်ငံမှ အမျိုးသမီးများအားလုံးအတွက် အဓိပ္ပာယ်အပြည့်ဝဆုံး မြန်မာနိုင်ငံအမျိုးသမီးများနေ့ ဖြစ်သင့်သည်နှင့် ထိုကဲ့သို့ဆုံးဖြတ်ချက်တခုကို မည်သို့ချမှတ်ရမည်နှင့် ပတ်သက်၍ မတူညီသော အမြင်များ ပေါ်ထွက်ခဲ့သည်။

အမျိုးသမီးမဟာမိတ်အဖွဲ့ချုပ်တခုတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်လာနိုင်ရန် ပြင်ဆင်ပေးသော အခြားအလားတူ လုပ်ရှားမှုများကလည်း အရေးပါခဲ့သည်။ ချင်းမိုင်နှင့် ဘန်ကောက် အခြေစိုက် အစိုးရမဟုတ်သော အဖွဲ့အစည်းများက ၎င်းတို့ရုံးများတွင် အလုပ်သင် အစီအစဉ်များ

စတင်ဆောင်ရွက်လာခဲ့သည်။ အချိန်တခုအတွင်း အမျိုး သမီးများ၏ အမြင်များ ပိုမိုကျယ်ပြန့်လာစေရန်နှင့် ကျွမ်းကျင်မှုအသစ်များ တပ်ဆင်ပေးနိုင်ရန်အတွက် လူငယ်အမျိုးသမီး တချို့ကို အလုပ်သင်အစီအစဉ်များတွင် စတင်ခေါ်ယူသင်ကြားပေးခဲ့သည်။ အလုပ်သင်များသည် တိုင်းရင်းသားလူမျိုးစုံမှ လာရောက်ကြသူများဖြစ်ကြသည်။ မတူညီသော အခြားတိုင်းရင်းသား အမျိုးသမီးများနှင့် အတူတကွ လက်တွဲလုပ်ဆောင်ရခြင်းသည် လူငယ်အမျိုးသမီးများအဖို့ ပထမဦးဆုံးအကြိမ်ဖြစ်ခဲ့သည်။ ၁၉၉၇ ခုနှစ်မှစ၍ Altsean က အမျိုးသမီးအဖွဲ့အစည်းမှ လူငယ် အမျိုးသမီးများအတွက် ခြောက်လအလုပ်သင် အစီအစဉ်ကို စီစဉ်ဆောင်ရွက်ခဲ့သည်။ ထိုအစီအစဉ်တွင် လူ့အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေးအပြင် အခြေခံရုံးလုပ်ငန်းများကိုပါ မိတ်ဆက်ပေးခဲ့သည်။ ချင်းမိုင်မြို့တွင် Burma Relief Centre နှင့် Images Asia သည် အမျိုးသမီးအလုပ် သင်အစီအစဉ်ကို စတင်လက်ခံခဲ့သည်။ ထိုအစီအစဉ်မှဆင့် အမျိုးသမီးအလုပ်သင်များအအ တွက် ရုံးလုပ်ငန်းအတတ်ပညာလေ့လာနိုင်ခြင်း၊ အဖွဲ့အစည်း၏လက်ရှိလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်နိုင်ခြင်းနှင့် များပြားသော အဖွဲ့အစည်းများ၊ မတူညီသော လူမျိုးစုံနှင့်တွေ့ဆုံ နိုင်သည့် အခွင့်အရေးများ ရရှိနိုင်ခဲ့ကြသည်။ ထိုအလုပ်သင်များအနက် တချို့အလုပ်သင် အမျိုးသမီးများသည် ၎င်းတို့၏ သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ ခေါင်းဆောင်မှုကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေခဲ့ကြသည်။

၁၉၉၉ ခုနှစ် မတ်လတွင် ချင်းမိုင်အခြေစိုက် ရွှေ့ပြောင်းအလုပ်သမားများ အကူအညီပေးရေး အစီအစဉ် (Migrant Assistance Programme) က ဩစတြေးလျနိုင်ငံအခြေစိုက် နိုင်ငံတကာ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ၏ ငွေကြေးအကူအညီဖြင့် ချင်းမိုင်မြို့တွင် အမျိုးသမီးများတွေ့ဆုံပွဲတခုကို စတင်စီစဉ်ခဲ့သည်။ ၎င်းလစဉ် တွေ့ဆုံပွဲများမှတဆင့် တိုင်းရင်းသား၊ အသက်အရွယ်၊ နောက်ခံသမိုင်းကြောင်းအရ မတူညီသော အမျိုးသမီးများအကြား အလွတ်သဘောဆွေးနွေးပွဲများ ဆွေးနွေးနိုင်ခွင့်အခွင့်အရေးတခုရရှိခဲ့သည်။ ပုဂ္ဂလိကတဦးချင်း ဖြတ်သန်းမှုအတွေ့အကြုံများ၊ နေထိုင်ရာ အသိုင်းအဝန်းနှင့် အမျိုးသမီးများနှင့် ဆက်နွှယ်သော အကြောင်းအရာများကို မျှဝေဆွေးနွေးကြသည်နှင့်အမျှ ဓလေ့ထုံတမ်းနှင့် မျိုးဆက်ကွာဟမှု အဟန့်အတားများကို ဖြတ်ကျော်နိုင်ခဲ့ကြသည်။ ထို့အပြင် အမျိုးသမီးများသည် အများရှေ့မှောက် စကားပြောရာတွင် ယုံကြည်မှု ပိုမိုရရှိလာကြသကဲ့သို့ ၎င်းတို့၏ ပြဿနာများကို စုပေါင်းဖြေရှင်း

လုပ်ဆောင်ရန် လိုအပ်သည်ဟုလည်း နားလည်လာခဲ့ကြသည်။ နောက်ပိုင်းတွင် ချင်းမိုင်မြို့တွင် အလုပ်သင်အဖြစ် လာရောက်လေ့လာခဲ့ကြသော အမျိုးသမီးများက ထိုင်းမြန်မာနယ်စပ်ရှိ ၎င်းတို့ နေရပ်ရင်းဒေသများသို့ ပြန်သွားကြကာ ထိုဒေသများတွင် အမျိုးသမီးတွေ့ဆုံပွဲများကို စတင်မိတ်ဆက်ပေးခဲ့ကြသည်။

အခြားအရေးပါသော ဖြစ်ရပ်များမှာ အခမ်းအနားများ (သို့မဟုတ်) အတူတကွ ခရီးသွားစဉ် ကာလများတွင် တွေ့ဆုံခိုက် အမျိုးသမီးများအကြား အလွတ်သဘော ဆွေးနွေးမှုများ ဖြစ်ခဲ့သည်။ သာဓကအားဖြင့် ၁၉၉၉ ခုနှစ်တွင် SWAN မှ ဆိုင်နောင့်၊ နန်းလောဝ်လျှန်းဝမ်း (ဖွေးဖွေး) နှင့် KWO မှ ဇီဖိုးရာစိန်၊ (ABSDF မှ အမျိုးသား ကိုယ်စားလှယ်တဦးလည်း ပါဝင်သည်။) ၎င်းတို့ သည် ဥရောပတဝှမ်း စည်းရုံးရေးခရီးစဉ်တခုအတွက် အတူတကွ သွားရောက်ခဲ့ကြသည်။ ထို ခရီးစဉ်အတွင်း ထွက်ပေါ်လာမည့် အမျိုးသမီးအဖွဲ့ချုပ်ကို မည်သို့စုစည်းမည်၊ လည်ပတ်မည် နှင့် ပတ်သက်၍ ၎င်းအမျိုးသမီးများအကြား ဆွေးနွေးပြောဆိုနိုင်သည့် အခွင့်အလမ်းတခု ရရှိ ခဲ့သည်။ မြန်မာ့အတိုက်အခံနိုင်ငံရေးတွင် အမျိုးသမီးများ၏အသံ မည်သည့်အတွက်ကြောင့် အနည်းငယ်သာ ကြားရသနည်းနှင့် ထိုအရာကို ပြောင်းလဲရန် တစုံတရာလုပ်ဆောင်နေခြင်း ရှိမရှိကို ခရီးစဉ်အတွင်း ၎င်းတို့တွေ့ဆုံခဲ့သည့်သူတိုင်းက မေး မြန်းခဲ့ကြသည်။ ထိုင်းနိုင်ငံအတွင်း အခြေစိုက်သော မြန်မာအဖွဲ့အစည်းများသို့ ခေတ္တလာရောက်လည်ပတ်သည့် အလှူရှင်များ၊ အန်ဂျီအိုဝန်ထမ်းအပြင်၊ နိုင်ငံရပ်ခြားခရီးစဉ်များအတွင်း ထိုသို့ပြောဆိုဆွေးနွေးမှုများကလည်း အမျိုးသမီး အုပ်စုများကို နိုင်ငံရေးအဆင့်အားလုံးတွင် အမျိုးသမီးများ ပိုကြီးမားသော အခန်း ကဏ္ဍရရှိစေရေးအတွက် အထူးအလေးပေး စဉ်းစားလာစေခဲ့သည်။

အထက်ပါလုပ်ငန်းစဉ်များ ဆက်တိုက်ဆိုသလို ဖြစ်ထွန်းနေစဉ်နှင့်တပြိုင်နက် BWU သည် ဒုတိယအကြိမ် အမျိုးသမီးမျက်နှာစုံညီအစည်းအဝေးတခုအတွက် ဦးတည်စေသော အစည်းအဝေးများ တလှမ်းတိုးနိုင်ရေးအတွက် ဦးစီးဦးဆောင်ပြုမည်ဟု ဆုံးဖြတ်ခဲ့သည်။ ဤနေရာတွင် တခြားအမျိုးသမီးကိုယ်စားလှယ်များသည်လည်း BWU နှင့် လက်တွဲ၍ ဒုတိယအကြိမ် မျက်နှာစုံညီ အစည်းအဝေး ဖြစ်မြောက်ရန် ဝိုင်းဝန်းပြင်ဆင်ဆောင်ရွက်ခဲ့ဟန်ရှိသည်။ ပထမအကြိမ် မျက်နှာစုံညီအစည်းအဝေး စီစဉ်သူများက စိတ်ဝင်စားသူအမျိုးသမီးအဖွဲ့များကိုယ်တိုင် ၎င်းတို့ အချင်း

ချင်းအကြား အတူတကွ လက်တွဲလုပ်ဆောင်နိုင်မည့် နည်းလမ်းကို ရှာဖွေသင့်ပြီး အန်ဂျီအိုများ က အမျိုးသမီးအဖွဲ့များအတွက် အထောက်အပံ့ပေးသည့် အခန်းကဏ္ဍကသာ ပါဝင်ခြင်းက သင့်လျော်သည်ဟု ခံစားမိခဲ့ကြသည်။ BWU က ၁၉၉၉ ခုနှစ် စက်တင်ဘာလတွင် ပြင်ဆင်ရေး အစည်းအဝေးတခု ကျင်းပသင့်သည်ဟု ဆုံးဖြတ်ခဲ့သည်။ ထိုအစည်းအဝေးမှတဆင့် ဒုတိယ အကြိမ်မျက်နှာစုံညီအစည်းအဝေးကို စီစဉ်ရန် အဖွဲ့အစည်းပေါင်းစုံမှ အမျိုးသမီးများပါဝင်မည့် ကျင်းပရေးကော်မတီတရပ် ဖွဲ့စည်းနိုင်မည်ဟု မျှော်မှန်းခဲ့သည်။ အမျိုးသမီးအဖွဲ့များစွာထံသို့ ဖိတ်စာများပေးပို့ခဲ့ပြီး အစည်းအဝေးအတွက် အစည်းအဝေးခေါင်းစဉ် အကြံပြုချက်ကိုပါ တပေါင်းတည်း ထည့်သွင်းပေးခဲ့သည်။ အစည်းအဝေး ခေါင်းစဉ်များအနက် တခုမှာ ၁၉၉၉ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် ဒုတိယအကြိမ် မျက်နှာစုံညီအစည်းအဝေးတွင် အမျိုးသမီးအဖွဲ့ ချုပ်တခု ဖွဲ့စည်းရန် ယခုစက်တင်ဘာ အစည်းအဝေးတွင် အစည်းအဝေး တက်လာသူများက သဘောတူနိုင်ခြင်း ရှိမရှိကို ဆွေးနွေးရမည့် ခေါင်းစဉ်တခုဖြစ်သည်။ နောက်ထပ် ခေါင်းစဉ် တခု မှာ CEDAW ကော်မတီသို့တင်သွင်းမည့် စင်ပြိုင်အစီရင်ခံစာအတွက် အတူတကွ လုပ်ဆောင်ရန် အမျိုးသမီးများ သဘောတူနိုင်ခြင်းရှိမရှိကို ဆွေးနွေးမည့် ခေါင်းစဉ်ဖြစ်သည်။ မေလတွင် BWU သည် KWO-KNWO နှင့် SWAN အဖွဲ့တို့မှ အမျိုးသမီးများနှင့် မျက်နှာ စုံညီအစည်းအဝေးများ ဆက်လက်ဆောင်ရွက်ခဲ့သည်။

ဖိတ်ကြားခံရသူအဖွဲ့များအနက်မှ အများစုက စက်တင်ဘာ အစည်းအဝေးသို့ လာရောက် တက်လိုကြသော်လည်း တချို့အဖွဲ့အစည်းများက ၎င်းတို့ကိုယ်တိုင် အပြည့်အဝ ဖော်ထုတ်နိုင်ခြင်း ရှိ မရှိအပေနှင့် ရည်မှန်းထားသည့် ရလဒ်များ ရနိုင်ခြင်း ရှိမရှိအပေါ် စိုးရိမ်မိခဲ့ကြသည်။ ထို့အပြင် ထိုအစည်းအဝေးသည် ယခင်ပထမအကြိမ် မျက်နှာစုံညီအစည်းအဝေးကဲ့သို့ စိတ်ပေါက်ကွဲမှု များ ထွက်ပေါ်လာမည်လော (သို့မဟုတ်) မည်သည့် သဘောတူညီချက်မှ မရဘဲ အဆုံးသတ် ရမည့်အရေးကို အမျိုးသမီးများက စိုးရိမ်ခဲ့ကြသည်။ တိုင်းရင်းသားအခြေပြု အမျိုးသမီးအဖွဲ့အစည်း ခေါင်းဆောင်များက ၎င်းတို့စိတ်ဝင်စားမှုများ၊ စိုးရိမ်ချက်များနှင့် ရည်မှန်းချက်များကို BWU က စီစဉ်သော အစည်းအဝေးမတိုင်ခင် အစည်းအဝေးငယ်တခု ကျင်းပ၍ ဆွေးနွေးလိုကြသည်ဟု ဆုံးဖြတ်ခဲ့ကြသည်။ ရလဒ်အဖြစ် SWAN က  Burma Relief Centre ၏ ဘဏ္ဍာငွေအကူအညီ

ဖြင့် ၁၉၉၉ ခုနှစ် ဩဂုတ်လတွင် ချင်းမိုင်မြို့၌ နှစ်ရက်ကြာ အစည်းအဝေးတခု စီစဉ်ခဲ့သည်။ အောက်ဖော်ပြပါ အဖွဲ့အစည်းများမှ အမျိုးသမီးများ တက်ရောက်ခဲ့ကြသည်။

- ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ)
- ကရင်နီအမျိုးသမီးအစည်းအရုံး
- ထားဝယ်အမျိုးသမီးသမဂ္ဂ
- ကရင်အမျိုးသမီးအစည်းအရုံး
- လားဟူအမျိုးသမီးအဖွဲ့
- ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း

ယင်းအစည်းအဝေးတွင် ပထမအကြိမ်မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်ခဲ့ဖူးသူ အမျိုးသမီးများက ထိုအစည်းအဝေးအတွင်း ဆွေးနွေးခဲ့သည့် အကြောင်းအရာများကို ရှင်းလင်း ပြောပြခဲ့ကြပြီး အနာဂတ်တွင် အတူတကွ ပူးတွဲလုပ်ဆောင်ခြင်းနှင့်ပတ်သက်၍ တက်ရောက် လာသူအားလုံးက ၎င်းတို့ စိတ်ကူးများကို မျှဝေခဲ့ကြသည်။ တိုင်းရင်းသားအခြေပြုအဖွဲ့အစည်းများက ၎င်းတို့မပါဝင်ဘဲ အကြိုအစည်းအဝေးပြုလုပ်ခြင်းနှင့် ပတ်သက်၍ BWU က စိတ်ထိခိုက်ရသည့်အပေါ် စာတစောင်ရေးသားပေးပို့ခဲ့သည်။ SWAN က စီစဉ်သော အစည်းအဝေးသို့ တက်ရောက်သူများက အစည်းအဝေး၏ ရည်ရွယ်ချက်နှင့် အစည်းအဝေးတက်ရောက်သူများ ရွေးချယ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြန်လည် ရှင်းလင်းပြခဲ့သည်။ အမျိုးသမီးများက အဖွဲ့ချုပ် တခု ပေါ်ပေါက်ရေး ဆုံးဖြတ်ချက်ချရာတွင် ထိုအစည်းအဝေးက အရေးကြီးသော အစိတ်အပိုင်း တခုအဖြစ် အထောက်အကူ ဖြစ်စေခဲ့သည်ကို အစည်းအဝေး တက်ရောက်ခဲ့သူ အမျိုးသမီးအများ စုက နောက်ပိုင်းတွင် ခံစားခဲ့မိသည်။ သက်တောင့်သက်သာ လွတ်လွတ် လပ်လပ်ပြောဆိုနိုင်သော အခင်းအကျင်းတခုတွင် ဆွေးနွေးပြောဆိုနိုင်ပြီးသည့်နောက် အမျိုးသမီးများသည် ၎င်းတို့၏ ရပ်တည်ချက်များ ပိုရှင်းလင်းစွာ သတ်မှတ်ထားနိုင်ခြင်းနှင့် အဖွဲ့ချုပ်တခုတွင် ပူးပေါင်းပါဝင်ခြင်း၏ ဖြစ်နိုင်ချေရှိသော အကျိုးကျေးဇူးများကို ပို၍ ရှင်းလင်းပြတ်သားစွာ မြင်တွေ့လာနိုင်သည်။

၁၉၉၉ ခုနှစ် စက်တင်ဘာလတွင် ဒုတိယအကြိမ် အမျိုးသမီးမျက်နှာစုံညီအစည်းအဝေးအ

တွက် အကြိုပြင်ဆင်ရေး အစည်းအဝေးကို မယ်ဟောင်ဆောင်တွင် ကျင်းပခဲ့သည်။ အစည်းအဝေး မည်သို့မည်ပုံဖြစ်လာမည်ကို မသေချာသော စိတ်ခံစားချက်များနှင့်အတူ အမျိုးသမီးများ အစည်း အဝေးတက်ရောက်လာခဲ့ကြသော်လည်း BWU နှင့် အခြားအဖွဲ့အစည်းများက အစည်းအဝေး အောင်အောင်မြင်မြင် ပြီးမြောက်စေရန်အတွက် ပြင်ဆင်မှု အသေအချာ လုပ်ဆောင်ထားနိုင်ခဲ့ကြသည်။ ထိုအစည်းအဝေးတွင် ကရင်အမျိုးသမီးအစည်းအရုံးက မေရီအုန်းက အမျိုးသမီး မဟာမိတ်အဖွဲ့ချုပ်တခု ဖွဲ့စည်းခြင်းသည် မဖြစ်မနေလုပ်ဆောင်ရမည့် လုပ်ငန်းတခုဖြစ်သည် ဆိုသည့် အချက်ကို တိုင်းရင်းသားအခြေပြု အမျိုးသမီးအဖွဲ့အစည်းမှ အမျိုးသမီများ သဘောပေါက် နားလည်လာစေရန် ရှင်းလင်းပြရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့သည်။ ကရင့်အမျိုးသား လွတ်မြောက်ရေး တပ်မတော်၏ အရာရှိကြီး တဦးလည်းဖြစ်၊ နှစ်လိုဖွယ် စကားပိုင်ရှင်ဖြစ်သူ မေရီအုန်းသည် တခြားအမျိုးသမီးများအကြား သြဇာညောင်းသူလည်း ဖြစ်ခဲ့သည်။ မြန်မာနိုင်ငံအမျိုးသမီးများ အားလုံးသည် ဖိနှိပ်ခံနေရသည် ထို့ကြောင့် အမျိုးသားများနှင့် တန်းတူညီမျှရှိရေးအတွက် အမျိုးသမီးများ အတူတကွလုပ်ဆောင်ကြရန် လိုအပ်သည်ဟု သူမက အခိုင်အမာ ပြောဆိုခဲ့သည်။

အစည်းအဝေးအပြီးတွင် အစည်းအဝေးတက်ရောက်သူများက ဒီဇင်ဘာလတွင် ကျင်းပမည့် ဒုတိယအကြိမ်မြောက် အမျိုးသမီးများ၏ မျက်နှာစုံညီအစည်းအဝေးတွင် အမျိုးသမီးမဟာမိတ်အဖွဲ့ချုပ်တခု ကျင်းပရန် သဘောတူခဲ့ကြသည်။ တည်ထောင်သွားမည့် အဖွဲ့ချုပ်၏ အဓိကရည်မှန်းချက်များအနက်တခုမှာ အမျိုးသားနိုင်ငံရေးတွင် အမျိုသမီးများပိုမိုပါဝင်နိုင်ရေးအတွက် လုပ်ဆောင်ရန် ဟူသောအချက်ပါရှိရမည်ဟုလည်း သဘောတူခဲ့ကြသည်။ တသီးပုဂ္ဂလ အမျိုးသမီးများကို စုစည်းသည်ထက် အမျိုးသမီးအဖွဲ့အစည်းများပါဝင်သော အမျိုးသမီးအဖွဲ့ချုပ်တခု တည်ထောင်လိုသည်ကိုလည်း အစည်းအဝေးတက်ရောက်သူများအကြား ရှင်းရှင်းလင်းလင်းရှိခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသမီးအဖွဲ့များ စုစည်းထားသော အဖွဲ့ချုပ်တခုသည် ပို၍ အင်အားကောင်းနိုင် သကဲ့သို့ အမျိုးသမီးတဖွဲ့ချင်းစီကို ပိုမိုအားကောင်းလာစေရန်အတွက်လည်း ဆောင်ရွက်ပေးနိုင်မည်ဟု အမျိုးသမီး ကိုယ်စားလှယ်များက မှတ်ယူခဲ့သောကြောင့်ဖြစ်သည်။ ထို့အပြင် ကိုယ်စားလှယ်များက အဖွဲ့ဝင်အဖွဲ့အစည်း အမျိုးအစား ကျယ်ပြန့်

စွာ မထည့်သွင်းလိုကြပေ (သို့မဟုတ်) အဖွဲ့အစည်းများ ပေါင်းဖွဲ့ထားသော စည်းနှောင်မှုအား နည်းသည့် ကွန်ယက်တခုကဲ့သို့လည်း မဖြစ်လိုကြပေ။ ထိုကဲ့သို့သော အဖွဲ့ချုပ်တခုသည် ဦးတည်ချက် (သို့မဟုတ်) ထိရောက်မှု မရှိမည်ကို အမျိုးသမီးကိုယ်စားလှယ်များက စိုးရိမ်ခဲ့သောကြောင့် ဖြစ်သည်။

အတိအကျအားဖြင့်ဆိုသော် အစည်းအဝေးတက်ရောက်သူများက အောက်ဖော်ပြပါ အဖွဲ့အစည်းများသည် မျက်နှာစုံညီ အစည်းအဝေးသို့ အနည်းဆုံး ကိုယ်စားလှယ် နှစ်ဦး စေလွှတ်နိုင်သည်ဟု သဘောတူခဲ့ကြသည်။

- မြန်မာ့အမျိုးသမီးများသမဂ္ဂ (BWU)
- ချင်းအမျိုးသမီးများ အဖွဲ့ (CWO)
- ကရင်အမျိုးသမီးအစည်းအရုံး (KWO)
- ကရင်နီအမျိုးသမီးအစည်းအရုံး (KNWO)
- ကချင်အမျိုးသမီးများအစည်းအရုံး – ထိုင်းနိုင်ငံ (KWAT) (မှတ်ချက် – စက်တင်ဘာအစည်းအဝေး ဆုံးဖြတ်ချက်များတွင် အခါအမျိုးသမီးအဖွဲ့အဖြစ် မှားယွင်းစွာ ရေးသားထားသည်။)
- လားဟူ အမျိုးသမီးအဖွဲ့အစည်း (LWO)
- မွန်အမျိုးသမီးအဖွဲ့ (MWO)
- ရခိုင်အမျိုးသမီးများအစည်းအရုံး (RWU)
- ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှား ဆောင်ရွက်ရေးအသင်း (SWAN)
- ထားဝယ် အမျိုးသမီးများသမဂ္ဂ (TWU)
- မြန်မာနိုင်ငံအမျိုးသမီးရေးရာနှင့် အခွင့်အရေးများဆိုင်ရာအဖွဲ့ (WRWAB)

ယခင်ပထမအကြိမ် မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်ခဲ့သော တချို့အုပ်စုများမှ ကိုယ်စားလှယ်များကို လေ့လာသူအဖြစ်သာ တက်ခွင့်ပြုမည်ဟုလည်း ဆုံးဖြတ်ခဲ့ကြသည်။ လေ့လာသူများ ၎င်းတို့အမြင်များကို ထုတ်ဖော်ပြောဆိုနိုင်သော အချိန်တခုကိုလည်း သတ်မှတ်ပေးမည် ဖြစ်သည်။ လေ့လာသူအဖြစ် တက်ရောက်ခွင့်ရမည့် အဖွဲ့များမှာ မယ်တော်ဆေးခန်း၊ စံခလဘူရီရှိ Safe

House/ Weaving for Women/ ဘန်ကောက်အခြေစိုက် အိုးအိမ်မဲ့ အမျိုးသမီးအဖွဲ့နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)၏ အမျိုးသမီးအဖွဲ့ တို့ဖြစ်သည်။ ထိုအုပ်စုများသည် နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်နိုင်မှု ချဲ့ထွင်ရေးအတွက် ဆောင်ရွက်နေသော အဖွဲ့အစည်းများ မဟုတ်ဟုသော်လည်းကောင်း၊ အဖွဲ့အစည်းတခုဆိုသည်ထက် လုပ်ငန်းပရိုဂရမ် တခုတည်းအတွက်သာ လည်ပတ်နေခြင်းဟုလည်းကောင်း၊ အမျိုးသားများကြီးစိုးသော နိုင်ငံရေးအဖွဲ့အစည်းများအတွင်းတွင် အပြည့်အဝ လွတ်လပ်မှုမရှိနိုင် ဟူ၍သော်လည်းကောင်း မြင်တွေ့ကြသည်။

တိုင်းရင်းသားလူမျိုးစုတစုကို အဖွဲ့အစည်းများစွာက ကိုယ်စားပြုမည်ဆိုပါက ထိုအဖွဲ့အစည်းများအကြား ပဋိပက္ခ ဖြစ်လာနိုင်မည့်အရေး (သို့မဟုတ်) အဖွဲ့ချုပ်တခုလုံးကို တိုင်းရင်းသားလူမျိုးစုတစုဝင် အမျိုးသမီးများက လွှမ်းမိုး ချယ်လှယ်မည့်အရေးကို မလိုလားခြင်းကလည်း နောက်ထပ်အချက်တခုဖြစ်ခဲ့သည်။ အထက်ဖော်ပြပါ အဖွဲ့အစည်းအများစုကို ကရင်အမျိုးသမီးများက ဦးဆောင်ခဲ့ကြသဖြင့် ကရင်အမျိုးသမီးများ၏ နိုင်ငံရေးအခွင့်အရေးကို အာရုံစိုက် လုပ်ဆောင်ရန် အသင့်လျော်ဆုံး အဖွဲ့အစည်းတခုမှာ ကရင်အမျိုးသမီးအစည်းအရုံးပင် ဖြစ်သည်ဟု ယူဆခဲ့ကြသည်။ အလားတူပင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ၏ အမျိုးသမီးဌာနကို ဝင်ခွင့်ပြုလိုက်ပါက အခြား ဒီမိုကရေစီအရေးလှုပ်ရှားသည့် ပါတီအဖွဲ့အစည်းများကလည်း အမျိုးသမီးဌာနများထားရှိကာ အဖွဲ့ဝင်အဖြစ် ထပ်မံလျှောက်ထားလျှောက်ထားလာနိုင်ကြပြီး ဗမာအမျိုးသမီး အဖွဲ့များဟု ယူဆရသော အဖွဲ့အစည်းများ ပို၍ များပြားလာနိုင်သည်။

ထို့အပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ၏ အမျိုးသမီးအဖွဲ့သည် ၎င်းတို့အခြေခံဥပဒေအရ သီးခြားအဖွဲ့တခုမဖြစ်ပေ။ ထို့ကြောင့်အဖွဲ့ချုပ် အဖွဲ့ဝင်ဖြစ်လာစေရန်အတွက် အပြည့်အဝလွတ်လပ်မှုမရှိဟု စဉ်းစားခဲ့ကြသည်။ အကယ်၍ လွတ်လပ်မှုတစုံတရာအဆင့်အထိ မရောက်သေးသော အမျိုးသမီးအဖွဲ့များကို မဟာမိတ် အဖွဲ့ချုပ်အတွင်းသို့ ဝင်ခွင့်ပြုပါက အမျိုးသမီးအဖွဲ့ချုပ်အပေါ် အမျိုးသားနိုင်ငံရေးသမားများ၏ ထိန်းချုပ်မှု ပို၍များလာနိုင်သည်ဟု တချို့အမျိုးသမီးများက စိုးရိမ်ခဲ့ကြသည်။
အစည်းအဝေးတက်ရောက်သူများက ထွက်ပေါ်လာမည့် အဖွဲ့ချုပ်၏ ယေဘုယျရည်မှန်းချက်များ၊

လုပ်ငန်းများနှင့် သက်ဆိုင်၍လည်း သဘောတူခဲ့ကြသည်။ ပညာရေးနှင့် ယဉ်ကျေးမှု ဆပ်ကော်မတီ၊ ကျန်းမာရေးနှင့် လူမှုဖူလုံရေး ဆပ်ကော်မတီ၊ ဒုက္ခသည်ရေးရာ ဆပ်ကော်မတီ၊ နိုင်ငံတကာ ဆက်ဆံရေးဆပ်ကော်မတီနှင့် စည်းရုံးရေးနှင့် အရည်အချင်း မြှင့်တင်ရေးဆပ်ကော်မတီ စသည့် ကော်မတီခွဲများထားရှိရန် သဘောတူခဲ့ကြသည်။ တခြား တိုင်းပြည်များ၏ အခြေခံဥပဒေတွင် အမျိုးသမီးအခွင့်အရေးများနှင့် ပတ်သက်၍ ထည့်သွင်းထားခြင်းကို လေ့လာရန် အခြေခံဥပဒေ မူကြမ်းလေ့လာရေးကော်မတီတရပ် ထားရှိသင့်သည်ဟူသော တင်ပြချက် အဆိုလည်းရှိခဲ့သည်။ ထိုင်း–မြန်မာအခြေစိုက် ဒီမိုကရေစီအရေးလှုပ်ရှားသည့်အဖွဲ့များနှင့် တိုင်းရင်းသားအမျိုးသား အဖွဲ့အစည်းများ၏ မဟာမိတ်အဖွဲ့ချုပ်ဖြစ်သော ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (NCUB) သည် မြန်မာနိုင်ငံအတွက် အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးလုပ်ငန်းစဉ်တခု ဆောင်ရွက် နေသည့် အချိန်ဖြစ်သည်။ နိုင်ငံရေးအသိ ပိုကြွယ်သော အမျိုးသမီးများက ထိုလုပ်ငန်းစဉ်တွင် အမျိုးသမီးများပါဝင်ရန် အရေးကြီးသည်ဟု ခံစားမိခဲ့ကြသည်။ ထိုသို့ ဆောင်ရွက်ရန်အတွက် အမျိုးသမီးများသည် တခြားနိုင်ငံများ၏ အခြေခံဥပဒေများအကြောင်း ပိုသိရှိလိုခဲ့ကြသည်။

ထို့အပြင် အစည်းအဝေးတက်ရောက်သူများက CEDAW ကော်မတီအတွက် စင်ပြိုင်အစီရင်ခံစာ တခုကို သုတေသနပြု ရေးသားရန်အတွက် ကော်မတီတရပ်ဖွဲ့စည်းရန်ကိုပါ သဘောတူခဲ့သည်။ CEDAW ကော်မတီသည် Images Asia ၏ အစီရင်ခံစာအပြင် မြန်မာနိုင်ငံမှ အမျိုးသမီးများ ရေးသားသော အစီရင်ခံစာတစောင်ကိုလည်း လက်ခံသင့်သည်ဟု စက်တင်ဘာ အစည်းအဝေး တက်ရောက်သူ အများစုက သဘောထားခဲ့ကြသည်။ CEDAW ကော်မတီ အစည်းအဝေးသည် ၂၀၀၀ ခုနှစ်အစောပိုင်းတွင် ကျင်းပမည်ဖြစ်သောကြောင့် အမျိုးသမီးများသည် တွေ့ဆုံမေးမြန်းခြင်းနှင့် အစီရင်ခံစာရေးသားခြင်းကို အဖွဲ့ချုပ်ဖွဲ့စည်းသည်အထိ စောင့်ဆိုင်းမနေဘဲ ယင်းလုပ်ငန်းကို အတူတကွ ချက်ချင်းအကောင်အထည်ဖော်ရန် ဆုံးဖြတ်ခဲ့ကြသည်။
အောက်ဖော်ပြပါ အဖွဲ့အစည်းများမှ အမျိုးသမီးများသည် သက်ဆိုင်ရာ အဖွဲ့အစည်းများ ကိုယ်စား စက်တင်ဘာ အစည်းအဝေးသဘောတူညီချက်များတွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

- မြန်မာ့အမျိုးသမီးသမဂ္ဂမှ မိဆူးပွင့်နှင့် အေးအေးလွင်

- ကရင်အမျိုးသမီးအစည်းအရုံးမှ မေရီအုန်းနှင့် စန္ဒာဝိုင်း (မှတ်ချက် – တချို့အထောက်အထား များတွင် "ဝေ" ဟု စာလုံးပေါင်းထားသည်။)
- ကရင်နီအမျိုးသမီးအစည်းအရုံးမှ ဘွေးဖော နှင့် အဲမူဒိုး
- ရခိုင်အမျိုးသမီးအစည်းအရုံးမှ မြရာဇာလင်း
- ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှား ဆောင်ရွက်ရေးအသင်းမှ ဟန်ဖ နှင့် ဆိုင်မွန်း
- ထားဝယ်အမျိုးသမီးသမဂ္ဂမှ တင်တင်ခိုင်
- မြန်မာနိုင်ငံ အမျိုးသမီးရေးရာနှင့် အခွင့်အရေးများဆိုင်ရာအဖွဲ့မှ သင်းသင်းအောင်တို့ ဖြစ်ကြသည်။

ဒုတိယအကြိမ်အမျိုးသမီးမျက်နှာစုံညီအစည်းအဝေးသို့ စီစဉ်ရန်အတွက် ကျင်းပရေးကော်မတီ တရပ်ကိုလည်း ဖွဲ့စည်းခဲ့သည်။ ထိုကော်မတီကို အောက်ဖော်ပြပါ အမျိုးသမီးများဖြင့် ဖွဲ့စည်း ခဲ့သည်။

- အေးအေးလွင် (မြန်မာ့အမျိုးသမီးသမဂ္ဂ)
- ဘွေးဖော (ကရင်နီအမျိုးသမီးအစည်းအရုံး)
- ဆိုင်နောင့် (ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှား ဆောင်ရွက်ရေးအသင်း)
- ဇာနည်မော် (ထားဝယ်အမျိုးသမီးသမဂ္ဂ)
- ဇီဖိုးရာစိန် (ကရင်အမျိုးသမီးအစည်းအရုံး)
- ကိုယ်စားလှယ်တဦး (ကချင်အမျိုးသမီးအစည်းအရုံး – ထိုင်းနိုင်ငံ)
- ကိုယ်စားလှယ်တဦး (လားဟူအမျိုးသမီးအဖွဲ့)

KWAT နှင့် LWO မှ အမျိုးသမီးများသည် စက်တင်ဘာအစည်းအဝေးသို့ တက်ရောက်နိုင်ခဲ့ ခြင်းမရှိပေ။ သို့သော် ဩဂုတ်လအစည်းအဝေးသို့ တက်ရောက်ခဲ့ဖူးသဖြင့် ထိုအဖွဲ့အစည်းများ မှ ကိုယ်စားလှယ်တဦးစီလည်း ကျင်းပရေးကော်မတီတွင် ပါဝင်သင့်သည်ဟု ဆုံးဖြတ်ခဲ့သည်။

စက်တင်ဘာအစည်းအဝေးသည် ဒီဇင်ဘာတွင် ဖြစ်ပေါ်လာမည့် အမျိုးသမီးအဖွဲ့ချုပ် တည်ထောင် ခြင်းအတွက် အခြေခံများချပေးသည့် အရေးကြီးသည့် အစည်းအဝေးတခုဖြစ်ခဲ့သည်။ အစည်း အဝေးတွင် ပါဝင်ခဲ့သူ အမျိုးသမီးများကလည်း အောင်မြင်မှုရရှိခဲ့သည်ဟု ခံစားခဲ့ကြရသည်။

အဘာယ်ကြောင့်ဆိုသော် တနှစ်မျှပင် မရှိသည့် အချိန်တခုအတွင်း ဤအဆင့်သို့ သူတို့တက်လှမ်းနိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။ မဟာမိတ်အဖွဲ့ချုပ်တွင် သူတို့ အားလုံးပါဝင်ရန် အဆင်သင့်ရှိနေကြပြီ ဖြစ်သကဲ့သို့ လက်တွေ့ဖြစ်မြောက်လာမည်ဟုလည်း သူတို့တတွေ ယုံကြည် ခဲ့ကြသည်။

ပါဝင်သူအဖွဲ့အစည်းများက ထွက်ပေါ်လာမည့် အဖွဲ့ချုပ်သို့ လက်တွဲပါဝင်လိုသော၊ စံသတ်မှတ်ချက်နှင့် ပြည့်စုံသော တခြားအဖွဲ့အစည်းများ အဆင်သင့်ဖြစ်ရေးကိုလည်း လိုလားခဲ့ကြသည်။ ထို့ကြောင့် အမျိုးသမီးများက မွန်အမျိုးသမီးအဖွဲ့နှင့် ချင်းအမျိုးသမီးအဖွဲ့များထံသို့ ၎င်းတို့ကိုယ်စားလှယ် မတက်ရောက်လာနိုင်သည့်အပေါ် စိတ်မကောင်းဖြစ်ကြောင်းနှင့် ဒီဇင်ဘာမျက်နှာစုံညီ အစည်းအဝေးသို့ ကိုယ်စားလှယ်စေလွှတ်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ထားပါကြောင်း စာများရေးသားပေးပို့ခဲ့သည်။

မရှေးမနှောင်းပင် SWAN မှ ဆိုင်နောင့်သည် မြန်မာနိုင်ငံအရေးလှုပ်ရှားမှု အများအပြားကို ငွေကြေးထောက်ပံ့ပေးသော အိုင်းရစ်အဖွဲ့အစည်းတခုဖြစ်သည့် Trocaire မှ လုပ်ငန်းစီမံချက်တာဝန်ခံ မာရီစမစ် (Marie Smith) နှင့် တွေ့ဆုံခဲ့သည်။ ထိုနှစ်အစောပိုင်း ဥရောပခရီးစဉ်အတွင်း ဆိုင်နောင့်က သူမကို ပထမအကြိမ် တွေ့ဆုံခဲ့ဖူးသည်။ Trocaire အနေဖြင့် လာမည့်အစည်းအဝေးအတွက် ငွေကြေးထောက်ပံ့ပေးနိုင်ခြင်း ရှိမရှိကို ဆိုင်နောင့်က မာရီကို မေးမြန်းခဲ့သည်။ Trocaire က သဘောတူခဲ့သည်။ ချင်းမိုင်အခြေစိုက် အမျိုးသားပြန်လည် ရင်ကြားစေ့ရေးအစီအစဉ်မှတဆင့် ငွေကြေးထောက်ပံ့ပေးမည် ဖြစ်သည်။ ထိုအစီအစဉ်တွင် တခြားလုပ်ငန်းအစီအစဉ်များရှိသည့်အနက် နိုင်ငံရေးတွင် အမျိုးသမီးနှင့်လူငယ် ပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်ပေးသည့် လုပ်ငန်းလည်း ပါဝင်သည်။

ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့နှင့် ဆက်နွယ်မှုရှိသော မယ်ဟောင်ဆောင်ခရိုင်နေ ပအိုဝ်းအမျိုးသမီးတချို့က ထိုဒေသအခြေစိုက် တခြားအမျိုးသမီးများ၏ အဆက်အသွယ်မှ တဆင့်ဖြစ်ပေါ်လာမည့် အမျိုးသမီးအဖွဲ့ချုပ် အကြောင်းကို သိလာခဲ့သည်။ ၎င်းပအိုဝ်းအမျိုးသမီးများကလည်း ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းပအိုဝ်းအမျိုသမီးများကို ကူညီလိုကြသည်၊ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုကို မြှင့်တင်လိုခဲ့ကြသည်။ ထို့အပြင် ထွက်ပေါ်လာမည့် အမျိုးသမီးအဖွဲ့ချုပ်တခုတွင်လည်း ပါဝင်လိုခဲ့ကြသည်။ ၁၉၉၉ ခုနှစ် နိုဝင်ဘာလတွင် ပအိုဝ်းအမျိုးသမီးသမဂ္ဂ (PWU)

ကို တရားဝင် တည်ထောင်ခဲ့သည်။ တခြားအမျိုးသမီးအဖွဲ့များကဲ့သို့ပင် ပအိုဝ်းအမျိုးသမီးသမဂ္ဂသည် လည်း Burma Relief Centre မှ အစောပိုင်းငွေကြေးအကူအညီ ရရှိခဲ့သည်။ ထိုအကူအညီဖြင့် ရုံး၊ တယ်လီဖုန်းလိုင်းနှင့် လုပ်ငန်းများ စတင်လည်ပတ်နိုင်ခဲ့သည်။

နိုဝင်ဘာလလယ်ပိုင်းမှ ဒီဇင်ဘာ အစောပိုင်းအထိ ၁၉၉၉ ခုနှစ် စက်တင်ဘာလအစည်းအဝေးမှ ရွေးချယ်ခံခဲ့ရသူ အမျိုးသမီးများသည် CEDAW စင်ပြိုင်အစီရင်ခံစာလုပ်ငန်းဖြင့် အလုပ်ရှုပ်နေခဲ့သည်။ ထိုအချိန်က လုံခြုံရေးအရ တင်းကြပ်မှုရှိခြင်းနှင့် ၎င်းတို့ ရရှိခဲ့သော သတင်းအချက်အလက်ပမာဏကြောင့် အမျိုးသမီးများသည် ချင်းမိုင်မြို့ရှိ ဧည့်ရိပ်သာတခုတွင် ရက်သတ္တပတ်ပေါင်းများစွာကြာ အတူတကွ ခိုအောင်း အလုပ်လုပ်ကိုင်ခဲ့ကြရသည်။ ထိုကဲ့သို့ စိတ်ဖိမှုကြီးမားသော အခြေအနေအောက်တွင် အလုပ်လုပ်ကိုင်ခြင်းက အမျိုးသမီးများအကြား တဦးနှင့်တဦး ပို၍ နီးနီးကပ်ကပ်ရှိသွားစေသည့်အပြင် အမျိုးသမီးအခွင့်အရေးအတွက်လည်း ပို၍ စိတ်သံဓိဋ္ဌာန်ခိုင်မာခဲ့ကြသည်။ ထို့အပြင် စစ်အစိုးရ လုံခြုံရေးတပ်ဖွဲ့များ၏ အမျိုးသမီးများအပေါ် အကြမ်းဖက်တိုက်ခိုက်မှုသည် စနစ်တကျဖြစ်မှုနှင့် ကျယ်ပြန့်မှုသဘာဝရှိသည်ဟူသော အချက်ကို သက်သေပြရန်အတွက် အမျိုးသမီးများအားလုံး အတူတကွ ဆောင်ရွက်ကာ ပူးတွဲအစီရင်ခံစာတခု လုပ်မှရမည်ဟူသော အချက်ကိုလည်း သူတို့ သဘောပေါက်ခဲ့သည်။ အဆုံးတွင် CEDAW အစီရင်ခံစာနှင့် ဆက်နွယ်သော လုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ခဲ့သူများက အမျိုးသမီး အခွင့်အရေးရရှိရေးအတွက် အမျိုးသမီးများ ကိုယ်တိုင်ဆောင်ရွက်နိုင်ခြင်းကြောင့် နိုင်ငံရေးတွင် အမျိုးသမီးများ မဖြစ်မနေ ပါဝင်ရမည်ဟု နားလည်လာခဲ့သည်။

၁၉၉၉ ခုနှစ် ဒီဇင်ဘာလ ၇ ရက်မှ ၉ ရက်နေ့အထိ မြန်မာနိုင်ငံအမျိုးသမီးများ ဒုတိယအကြိမ်မျက်နှာစုံညီ အစည်းအဝေးကို အမျိုးသမီးကိုယ်စားလှယ် ၄၃ ဦး၊ လေ့လာသူတချို့၊ မှတ်တမ်းတင်သူများ၊ ငွေစာရင်းကိုင် အကူ များဖြင့် ကျင်းပခဲ့သည်။ အစည်းအဝေးတက်ရောက်လာသူအမျိုးသမီးများသည် စက်တင်ဘာအစည်းအဝေးသို့ တက်ရောက်ခဲ့သူ အမျိုးသမီးများတင်ပြသောအဖွဲ့ချုပ်၏ ရည်မှန်းချက်များ၊ လုပ်ငန်းနယ်ပယ်များကို ဆွေးနွေးခဲ့ကြပြီး ထိုအရာများနှင့် ပတ်သက်၍ အားလုံးသဘောတူ နိုင်ခဲ့ကြသည်။ သို့သော် အဖွဲ့ဝင်အဖြစ်စံသတ်မှတ်ချက်နှင့် အဖွဲ့အစည်း အမည်နှင့် ပတ်သက်၍ သဘောထား ကွဲပြားမှုများ ပေါ်ထွက်ခဲ့သည်။

တိုင်းရင်းသားလူမျိုးကို အခြေခံသော အမျိုးသမီးအဖွဲ့အစည်းတချို့ (အထူးသဖြင့် မွန်အမျိုးသမီးအဖွဲ့ (MWO) နှင့် ချင်းအမျိုးသမီးအဖွဲ့ (CWO))က အဖွဲ့ချုပ်အဖွဲ့ဝင်ဖြစ်မှုသည် တိုင်းရင်းသားလူမျိုးကို အခြေခံသင့်သည်ဟု အလေးအနက် ပြောဆိုခဲ့ကြသည်။ အဖွဲ့အစည်းသဏ္ဍာန် အားဖြင့် ပို၍သေးငယ်သော မွန်အမျိုးသမီး အခွင့်အရေးအဖွဲ့ကလည်း ထိုအမြင်ကိုသဘော တူခဲ့သည်။ MWO နှင့် CWO က တိုင်းရင်းသား လူမျိုးတမျိုးစီကို အမျိုးသမီးအဖွဲ့အစည်းတခုက သာ ကိုယ်စားပြုစေလိုခဲ့ကြသည်။ ထိုအဆိုပြုချက်က တိုင်းရင်းသားမျိုးနွယ်စုံ အဖွဲ့ဝင်များအပြင် သွေးနှောတိုင်းရင်းသားများပါ ပါဝင်ကြသော BWU နှင့် WRWAB အတွက် ပြဿနာတခုဖြစ် လာခဲ့သည်။ ထိုအဖွဲ့ အစည်းနှစ်ဖွဲ့ကလည်း လွန်ခဲ့သော လေးနှစ်ကြာကာလအတွင်းသီးခြား ဆောင်ရွက်လာခဲ့သောကြောင့် နှစ်ဖွဲ့ကို တဖွဲ့တည်း မပေါင်းလိုခဲ့ကြပေ။ အမျိုးသမီးအခွင့်အ ရေးကို စိတ်ဝင်စားပြီး လွတ်လပ်သော အမျိုးသမီး အဖွဲ့အစည်းများ အားလုံးသည်အဖွဲ့ချုပ် တွင် ပါဝင်သင့်သည်ဟု BWU နှင့် WRWAB ကခံစားမိခဲ့သည်။

ဆွေးနွေးပွဲသည် ပြင်းထန်လာခဲ့သည်။ BWU နှင့် WRWAB က အကယ်၍ တိုင်းရင်းသား အခြေပြု အဖွဲ့ချုပ်တခု ဖွဲ့စည်းရန်အရေးကြီးသည်ဆိုပါက တိုင်းရင်းသားအခြေခံအမျိုးသမီးအဖွဲ့များက ၎င်းတို့မပါဘဲ ဆက်လက်ဖွဲ့စည်းပါဟု ပြောခဲ့သည်။ သို့သော် အခြားအစည်းအဝေး တက်ရောက်သူများက BWU နှင့် WRWAB မပါဘဲ အဖွဲ့ချုပ်တခု ဖွဲ့စည်းခြင်းသည် အဓိပ္ပာယ်မရှိဟုပြန်လည်ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် တချို့တိုင်းရင်းသားအခြေခံ အမျိုးသမီးအဖွဲ့အစည်းများက အဖွဲ့ဝင်ဖြစ်မှုအခြေခံနှင့် ပတ်သက်၍ ပြင်းပြင်းထန်ထန် ယူဆချက်မရှိခဲ့ပေ။ ၎င်းတို့ပါဝင်နိုင်သော မဟာမိတ်အဖွဲ့ချုပ်ရှိနေသမျှ ၎င်းတို့အဖွဲ့အစည်းအတွက် အကျိုးရှိမည်ဟုသာယုံကြည်ထားကြသည်။ နောက်ဆုံးတွင် အစည်းအဝေးကြီးက အဖွဲ့ဝင်ဖြစ်မှုသည် တိုင်းရင်းသားကို အခြေမခံသင့်ဟု ဆုံးဖြတ်ခဲ့သည်။

ချင်းအမျိုးသမီးအဖွဲ့က အများစုဆုံးဖြတ်ချက်ကို လက်ခံခဲ့သော်လည်း မွန်အမျိုးသမီးအဖွဲ့နှင့် မွန်အမျိုးသမီးအခွင့်အရေးအဖွဲ့က အဖွဲ့ချုပ်တွင် မပါဝင်နိုင်ဟု ပြောခဲ့ကြသည်။ အကယ်၍ မဟာမိတ်အဖွဲ့ချုပ်သည် တိုင်းရင်းသားကို အခြေပြုသည့် အဖွဲ့အစည်းမဟုတ်ပါက သူတို့အနေဖြင့်

မပါဝင်နိုင်ဟုဆိုသောအချက်ကို အစည်းအဝေး မလာခင်ကတည်းက ၎င်းတို့အဖွဲ့အစည်းများက ဆုံးဖြတ်ခဲ့ပြီးသားဖြစ်သည်။

မွန်အမျိုးသမီးအဖွဲ့များ၏ အခြေအနေသည် ပြည်ပနှင့် ပြည်တွင်းစစ်ဖြစ်နေသော တိုင်းရင်းသား တော်လှန်ရေး ဒေသများတွင် ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားနေသော အခြားအမျိုးသမီးအဖွဲ့ အစည်းများနှင့် မတူကွဲပြားသည်ကို သတိချပ်သင့်သည်။ မွန်ပြည်သစ်ပါတီနှင့် ပါတီ၏ လက်နက် ကိုင်တပ်သည် ၁၉၉၅ ခုနှစ်တွင် စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ချုပ် ဆိုခဲ့သည်။ ထိုအပစ်ရပ်စာချုပ်ကြောင့် မွန်ဒေသများတွင် ပြည်တွင်းစစ် အဆုံးသတ်သွားခဲ့ပြီး မွန်အမျိုးသမီးအဖွဲ့သည် မွန်ပြည်နယ်အနှံ့ လှုပ်ရှားဆောင်ရွက်နိုင်သော အခင်းအကျင်းတခု လမ်းပွင့်သွားခဲ့သည်။ သို့သော် မွန်အဖွဲ့အစည်းများသည် စစ်အစိုးရနှင့် ပို၍ အလျှော့သင့်သော နည်းနာများ လုပ်ဆောင်ပြသရမည်ဟူသော သဘောကိုလည်း ဆောင်စေခဲ့သည်။ ပြည်ပတွင် ဖွဲ့စည်းသော အဖွဲ့ချုပ်တခုတွင် ပြောင်ကျကျ ပါဝင်ဆောင်ရွက်ခြင်းက အခက်အခဲဖြစ်စေနိုင် မည်။ တချိန်တည်းတွင် မွန်အမျိုးသမီးနှစ်ဖွဲ့မှ အဖွဲ့ဝင်များသည် တခြားအမျိုးသမီးအဖွဲ့များ အကြား ပိုမိုနားလည်မှုတည်ဆောက်ရာတွင် အထောက်အကူ ဖြစ်စေခဲ့သည့် သင်တန်းများ၊ လှုပ်ရှားမှုများ (သို့မဟုတ်) အစောပိုင်း အမျိုးသမီးအစည်းအဝေးများတွင်လည်း ပါဝင်နိုင်ခဲ့သည့် အခွင့်အလမ်းမရရှိခဲ့ပေ။ ပထဝီဝင်အနေအထားအရ သီးသန့်ဖြစ်နေခြင်းနှင့် ထိုဒေသအတွင်း ထိုင်းလုံခြုံရေး တင်းကျပ်မှုများကြောင့် ထိုအမျိုးသမီးများသည် အခြားအမျိုးသမီးအဖွဲ့များနှင့် ဆက်သွယ်မှု ပြတ်တောက်ခဲ့ရသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) အမျိုးသမီးအဖွဲ့က အကြီးအကျယ် စိတ်ပျက်ခဲ့သော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) အမျိုးသမီး အဖွဲ့ကို အဖွဲ့ချုပ်အတွင်း မထည့်သွင်းရန် ဆုံးဖြတ်ချက်ကို ဒီဇင်ဘာအစည်းအဝေးတွင်လည်း ထပ်လောင်းအတည်ပြုခဲ့သည်။ လက်နက်ကိုင်တိုင်းရင်းသား အဖွဲ့အစည်းများဖြင့် နီးနီးကပ်ကပ် ရှိနေသော အမျိုးသမီးအဖွဲ့များကိုပင် အဖွဲ့ဝင်အဖြစ်ခွင့်ပြုပြီး ၎င်းတို့ကို အဖွဲ့ဝင်အဖြစ် လက်မခံ ခြင်းအပေါ် တရားမျှတမှုမရှိဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)၏ အမျိုးသမီး အဖွဲ့ဝင်များက ခံစားခဲ့ကြသည်။ သို့သော်အခြားအဖွဲ့ဝင်များက တိုင်းရင်းသား အမျိုးသမီးအဖွဲ့များ


2nd FORUM OF
WOMEN'S ORGANIZATIONS FROM BU A
7-9 D BER 1999





သည် ပို၍လွတ်လပ် စွာတည်ရှိသည်ဟု ခုခံချေပပြောဆိုခဲ့ကြသည်။ ထိုအဖွဲ့များသည် နိုင်ငံရေး ကိစ္စရပ်များ၌ အမျိုးသားခေါင်းဆောင်များနှင့် အကြံဉာဏ်ယူ ဆွေးနွေးမှုများ ရှိကြသော်လည်း ကိုယ်ပိုင်အခြေခံဥပဒေရှိပြီး ကိုယ်ပိုင်လုပ်ငန်း အစီအစဉ်များလည်း ရှိခဲ့ကြသည်။

အခြားအခက်အခဲဖြစ်ခဲ့သည့် ကိစ္စရပ်တခုမှာ အဖွဲ့ချုပ်အမည်ပေးခြင်း ဖြစ်သည်။ တချို့အစည်း အဝေးတက်ရောက်သူများက မြန်မာနိုင်ငံ၏ မတူညီသော တိုင်းရင်းသားများကို ကိုယ်စားပြု ထားသည့် အဖွဲ့ဝင်များကို ထင်ဟပ်စေသော အမည်ကိုမှည့်လိုခဲ့ကြကာ တိုင်းရင်းသား (တိုင်းရင်းသူ ဆိုသည်မှာ အမျိုးသမီးများကိုသာ ရည်ညွှန်းသည်။) ဆိုသည်မှာ ဗမာတိုင်းရင်းသားအပါအဝင် တတိုင်းပြည်လုံးရှိ တိုင်းရင်းသားအားလုံးကို ရည်ညွှန်းသည်ဟု ယူဆခဲ့ကြသည်။ အခြားသူများ ကမူ တိုင်းရင်းသားဆိုသည်မှာ လူနည်းစုတိုင်းရင်းသားများကိုသာ ရည်ညွှန်းသည်ဟု မှတ်ယူခဲ့ ပြန်သည်။ ထို့အပြင် တချို့အမျိုးသမီးကိုယ်စားလှယ်များက “မြန်မာ”ဟူသော အမည်ကို အသုံးမပြုလို ခဲ့ကြပေ။ သို့တည်းမဟုတ် အဖွဲ့ချုပ်အမည်၏ အစတွင် အနိမ့်ဆုံးအဆင့် မထည့်သွင်း လိုကြပေ။ အဘယ်ကြောင့်ဆိုသော် ထိုစကားလုံးတွင် သူတို့မပါဝင်ဟု ခံစားကြခြင်း (သို့မဟုတ်) ထိုအမည်ဖြင့်ခေါ်ဆိုသော တိုင်းပြည်နှင့် မသက်ဆိုင် သီးခြားလွတ်လပ်သူများဟု ယူဆကြသော ကြောင့်ဖြစ်သည်။ အကယ်၍ တိုင်းပြည်၏အမည်ကို အဖွဲ့ချုပ်၏ အမည်တွင် မထည့်သွင်းပါက တခြားတိုင်းပြည်မှပြည်သူများက အဖွဲ့ချုပ်သည် မည်သည့်တိုင်းပြည်မှ ဖြစ်ထွန်းလာသည်ကို မသိနိုင်ဖြစ်လိမ့်မည်ဟု တခြားသူများက မှတ်ယူခဲ့သည်။ အစည်းအဝေး ကိုယ်စားလှယ်များ အကြား သဘောတူခဲ့သည့် အဖြေတခုမှာ မြန်မာဘာသာဖြင့် တရားဝင်ခေါ်ဝေါ်သော မြန်မာ နိုင်ငံဟူသော စကားလုံးကို အဖွဲ့ချုပ်အမည်၏ နောက်ဆုံးတွင် ကွင်းစကွင်းပိတ်ဖြင့် ထည့်မည်ဟူ၍ ဖြစ်ခဲ့သည်။ အဖွဲ့ချုပ်အမည်၏ အဓိကအပိုင်းအတွက် အများသဘောတူ မဖြစ်လာသည့် အ ဆုံးတွင် အဆိုပြုထားသည့် အမည်သုံးခုကို မဲဆန္ဒဖြင့်ရွေးချယ် ဆုံးဖြတ်ရန် သဘောတူခဲ့ကြသည်။

၁။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အင်္ဂလိပ် ဘာသာအားဖြင့် Women’s League (Myanmar)

၂။ တိုင်းရင်းသူအမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အင်္ဂလိပ်ဘာသာအားဖြင့် League of Ethnic Nat-ionalities's Women's Groups (Myanmar)







၃။ လူမျိုးပေါင်းစုံ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အင်္ဂလိပ်ဘာသာအားဖြင့် League of Women of All Nationalities (Myanmar)

ပထမအမည်သည် ၁၈ မဲရရှိပြီး ဒုတိယအမည်သည် ၁၇ မဲ နှင့် တတိယအမည်သည် ၃ မဲ အသီးသီးရရှိခဲ့သဖြင့် ပထမအမည်ကို ရွေးချယ်ခဲ့ကြသည်။ အင်္ဂလိပ်ဘာသာအားဖြင့် **Women's League of Burma** ဟု တွင်သည်။ Myanmar အစား Burma ဟု အသုံးပြုကာ အင်္ဂလိပ်ဘာသာအားဖြင့် ပို၍ ချောမွေ့သော ကွင်းစ ကွင်းပိတ် အတွင်း ထည့်သွင်းစရာ မလိုအပ်တော့ပေ။ အင်္ဂလိပ်ဘာသာအားဖြင့် Burma ဟူသောအမည်ကို လွတ်လပ်ရေး ရသည့် အချိန်မှစ၍ အသုံးပြုလာသည့် အမည်ဖြစ်သည့်အပြင် ၁၉၈၉ ခုနှစ်တွင် စစ်အစိုးရက Myanmar ဟူ၍ အမည်ပြောင်းလဲခြင်းကို အတိုက်အခံ လှုပ်ရှားမှုက လက်ခံခြင်း မရှိခဲ့ပေ။ ပြည်သူလူထု၏ ဆန္ဒမပါဘဲ ထိုသို့ အမည်ပြောင်းခဲ့ခြင်းဖြစ်သောကြောင့် လက်ခံနိုင်ဖွယ် မရှိပေ။

၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၉ ရက်နေ့ မျက်နှာစုံညီ အစည်းအဝေး၏ နောက်ဆုံးရက်တွင် **အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ)** ကို အောက်ဖော်ပြပါ အဖွဲ့ဝင် ၁၂ ဖွဲ့ဖြင့် ဖွဲ့စည်းခဲ့သည်။

- မြန်မာနိုင်ငံလုံးဆိုင်ရာ ဒီမိုကရက်တစ် လူရှိုင်းအမျိုးများသမီးအဖွဲ့ (ABDLWO)
- မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU)
- ချင်းအမျိုးသမီးများအဖွဲ့ (CWO)
- ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) (KWAT)
- ကရင်အမျိုးသမီးအစည်းအရုံး (KWO)
- ကရင်နီအမျိုးသမီးအစည်းအရုံး (KNWO)
- လားဟူအမျိုးသမီးအဖွဲ့ (LWO)
- ပအိုဝ်းအမျိုးသမီးသမဂ္ဂ (PWU)
- ရခိုင်အမျိုးသမီးများအစည်းအရုံး (RWU)
- ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှား ဆောင်ရွက်ရေးအသင်း (SWAN)
- ထားဝယ်အမျိုးသမီးသမဂ္ဂ (TWU)
- မြန်မာနိုင်ငံ အမျိုးသမီးရေးရာနှင့် အခွင့်အရေးဆိုင်ရာအဖွဲ့ (WRWAB)

အစည်းအဝေးတက်ရောက်သူအမျိုးသမီးများသည် ရရှိလာသည့် ရလဒ်အပေါ် အလွန်စိတ်လှုပ်ရှားခဲ့ကြသည်။ ဖြစ်စဉ်တခုလုံး၏ အဆင့်ပေါင်းများစွာ၊ လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခဲ့သူအားလုံးက ဂုဏ်ယူခဲ့ကြသည်။

အမျိုးသမီးများစွာသည် အဖွဲ့ချုပ် ဖြစ်ပေါ်လာရေးအတွက် နည်းလမ်းပေါင်းများစွာဖြင့် ပံ့ပိုး ကူညီခဲ့ကြသည်။ ထိုအမျိုးသမီးများအားလုံး၏ အားထုတ်မှု၊ ဇွဲ သံဓိဋ္ဌာန်များမရှိဘဲ အဖွဲ့ချုပ်မည်သို့မှ မပေါ်ထွက်လာနိုင်ပေ။ အမျိုးသမီးကိုယ်စားလှယ်များအကြား မတူခြားနားမှုများစွာ ရှိခဲ့ကြသော်လည်း တကွဲတပြား တည်ရှိနေသည်ထက် အတူတကွ စုပေါင်းလုပ်ကိုင်ခြင်းဖြင့် ၎င်းတို့အဖွဲ့အစည်းများအပြင် မြန်မာနိုင်ငံရှိ အမျိုးသမီးများအားလုံးအတွက် ဆထက်တပိုး ပို၍ အောင်မြင်နိုင်လိမ့်မည်ဟု အမျိုးသမီးများအားလုံးက အခိုင်အမာယုံကြည်ခဲ့ကြသည်။ ညီညွတ်ရေး၏ မျက်နှာစုံညီအစည်းအဝေး၏ နောက်ဆုံးနေ့တွင် ထိုင်းနိုင်ငံအခြေစိုက် အန်ဂျီအိုအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များက အနာဂတ်အတွက် ဖြစ်နိုင်ချေ လုပ်ငန်းကွန်ယက်များအရေး ဆွေးနွေးရန် အစည်းအဝေး တက်ရောက်သူများနှင့် ဆုံတွေ့ခဲ့သည်။

အောက်ဖော်ပြပါ အန်ဂျီအိုများ တက်ရောက်ခဲ့ကြသည်။
Earthrights International, Empower, Images Asia, Migrant Assistance Program, Open Society Institute နှင့် WEAVE အဖွဲ့တို့ ဖြစ်ကြသည်။

ထိုနေ့တွင်ပင် အခြားအရေးကြီးသော ဆုံးဖြတ်ချက်နှစ်ခုကိုလည်း ချမှတ်ခဲ့သည်။ မည်သူက အခြေခံဥပဒေကို ရေးသားမည်နှင့် ပထမနှစ်အတွက် WLB ကို မည်သူက ဦးဆောင်လုပ်ရှားမည် ဆိုသည်နှင့် ဖြစ်သည်။ ပထမအကြိမ်ကွန်ဂရက်မစခင် WLB အခြေခံဥပဒေမူကြမ်းရေးဆွဲရန် အမျိုးသမီး(၅)ဦးကို တာဝန်ပေးခဲ့သည်။ ထိုအမျိုးသမီးများမှာ SWAN မှ ဆိုင်နောင့် ၊ BWU မှ မိဆူးပွင့်၊ RWU မှ မြရာဇာလင်း၊ KWO မှ စန္ဒာဝိုင်း နှင့် WRWAB မှ သင်းသင်းအောင်တို့ ဖြစ်ကြသည်။ ၂၀၀၁ ခုနှစ် ဇန်နဝါရီတွင် ကျင်းပမည့် ပထမဦးဆုံးအကြိမ် ညီလာခံအထိ WLB ကို ဦးဆောင်လည်ပတ်မည့်ကြီးကြပ်ရေးကော်မတီအတွက်အမျိုးသမီး(၃)ဦးကိုရွေးချယ်ခဲ့သည်။ထိုအမျိုးသမီးများမှာ KWO မှ ဇီဖိုးရာစိန်၊ SWAN မှ ဆိုင်နောင့် နှင့် RWU မှ မြရာဇာလင်းတို့ဖြစ်သည်။

နောက်တနေ့တွင် ကြီးကြပ်ရေးကော်မတီက အစည်းအဝေးတခု ကျင်းပခဲ့ပြီး WLB ၏ လုပ်ငန်း ကော်မတီငယ်များအတွက် အောက်ဖော်ပြပါ ကော်မတီများအတွက် အမျိုးသမီးများကို ခန့်အပ်ခဲ့သည်။

- စည်းရုံးရေး၊ သင်တန်းနှင့်ပညာရေး
- လူမှုရေးနှင့် ဒုက္ခသည်ရေးရာ
- သတင်းနှင့် သတင်းဖြန့်ချိရေး
- နိုင်ငံတကာဆက်ဆံရေး
- ဘဏ္ဍာရေး တို့ဖြစ်သည်။

မျက်နှာစုံညီအစည်းအဝေးမတိုင်ခင်၊ အစည်းအဝေးအပြီး နှင့် WLB က အဖွဲ့ချုပ်ရုံး မတည်ထောင်နိုင် ခင်အချိန်အထိ SWAN က အစည်းအဝေးနေရာနှင့် လုပ်ငန်းတာဝန် လည်ပတ်ရေးရုံး အဖြစ် ကူညီပေးခဲ့သည်။ ထို့အပြင် အဖွဲ့ချုပ်နှင့် ဆက်စပ်သော လုပ်ငန်းများအတွက် တခြားဒေသမှ လာရောက်သော အမျိုးသမီးများအတွက် နေရာထိုင်ခင်းနှင့်အကူအညီများလည်း ပေးခဲ့သည်။

## အဖွဲ့ချုပ် တည်ထောင်ခြင်းအပေါ် ပြန်လည်သုံးသပ်ချက်

၁၉၉၉ ခုနှစ်ဒီဇင်ဘာလတွင် WLB တည်ထောင်နိုင်ခဲ့ခြင်းက အကြောင်းအရာများစွာအတွက် အောင်မြင်မှုကြီး တခုဖြစ်ခဲ့သည်။ အမျိုးသမီးအဖွဲ့များသည် ပထဝီဝင်အနေအထားအရ တသီးတခြားဖြစ်နေခြင်းကြောင့် ဆက်သွယ်ရေးနှင့် ဆက်ဆံရေးတည်ဆောက်မှုအတွက် အလွန်ခက်ခဲခဲ့သည်။ ၁၉၉၈ – ၁၉၉၉ ခုနှစ်သည် ထိုင်းမြန်မာနယ်စပ် တလျှောက်ရှိ မြန်မာအဖွဲ့အစည်းများအတွက် လုံခြုံမှုမရှိသော အချိန်ကာလတခုလည်း ဖြစ်ခဲ့သည်။ ထိုင်းအစိုးရ သည် မြန်မာအဖွဲ့အစည်းများကို ထိုင်းနိုင်ငံအတွင်း ငြိမ်ငြိမ်သက်သက် နေခွင့်ပြုထားခဲ့သော်လည်း ထိုအဖွဲ့ဝင်အဖွဲ့အစည်းများ၏ အဖွဲ့ဝင်များတွင် တရားဝင်လက်မှတ် အထောက်အထား ကိုင်ဆောင်ထားခြင်း မရှိသောကြောင့် တရားမဝင်ရွှေ့ပြောင်းလာသူများအဖြစ် အချိန်မရွေး ဖမ်းဆီးခံရနိုင်သည်။ ထိုင်းနိုင်ငံအတွင်း အထောက်အထား လက်မှတ်မရှိပဲ ခရီးသွားရခြင်းသည် များစွာအန္တရာယ်ရှိသည်။ တခါတရံတွင် ထိုင်းရဲများသည် မြန်မာအဖွဲ့အစည်းများ၏ ရုံးများနှင့် ကွန်ဖရင့်များကို ဝင်ရောက်စီနင်းလေ့ရှိသည်။ ထို့ကြောင့် နေရာဒေသမတူကွဲပြားသော အမျိုးသမီးများကို စုစည်း၍ အစည်းအဝေးကျင်းပရခြင်းသည် အလွန်စိန်ခေါ်ချက်ရှိသော လုပ်ငန်းတခုဖြစ်ခဲ့သည်။ အကယ်၍လမ်းခရီးတွင် အဖမ်းခံရပါက မည်သို့မည်ပုံဖြစ်မည်ကို မသိနိုင်သော အခြေအနေတွင် အထူးသဖြင့် အမျိုးသမီးများအတွက် ပို၍ အန္တရာယ်များလှသည်။

ထို့အပြင် ဆယ်စုနှစ်များစွာကြာ နိုင်ငံရေးပဋိပက္ခကြောင့် တလျှောက်လုံး အမြစ်တွယ်လာခဲ့သည့် မယုံကြည်မှုနှင့် ကိုယ့်လူမျိုးအရေးသည် တခြားသူများ၏အရေးထက် ပို၍အရေးကြီးသည်ဟူသော အမြင်တရပ်ကို အလွယ်တကူဖြင့် ကျော်လွှား၍မရနိုင်ခဲ့ပေ။ အလားတူပင် နိုင်ငံရေးအရ စုစည်းမှု (သို့မဟုတ်) နိုင်ငံရေးအရ စည်းရုံးမှု လုပ်ငန်းများတွင် အတွေ့အကြုံနည်းခဲ့ကြသည့် အမျိုးသမီးများအတွက် အမျိုးသမီးအဆင့်အတန်း တိုးတက်လာစေရန်နှင့် ထိုရည်မှန်းချက် အထမြောက်အောင်မြင်စေရန်အတွက် အမျိုးသမီးများ စုပေါင်းလုပ်ဆောင်မှသာ ရရှိမည် ဟူသော လိုအပ်ချက်အပေါ် ချက်ချင်းနားလည် သဘောပေါက်လာစေရန် အချိန်ယူလုပ်ဆောင်ခဲ့ရသည်။ မိမိအမြင်များကို ရဲရဲတင်းတင်း ယုံကြည်ချက်အပြည့်ဖြင့် ထုတ်ဖော်ပြောဆိုလာရန်အတွက်လည်း အချိန်ယူခဲ့ကြရသည်။ အထူးသဖြင့် မကျွမ်းကျင်သော ဘာသာစကားဖြင့်

ပြောဆို ရသည့်အချိန်တွင်ဖြစ်သည်။

အဖွဲ့အစည်းများ တခုနှင့်တခုအကြားတွင် တင်းမာမှုများ ရှိခဲ့ကြသည်သာမဟုတ်ဘဲ အဖွဲ့အစည်းတစ်ဖွဲ့ချင်းစီတွင်လည်း တင်းမာမှု အသစ်များ ထွက်ပေါ်လာခဲ့သည်။ သာဓကအားဖြင့် BWU အဖွဲ့အတွင်းရှိ အဖွဲ့ဝင်တချို့မှ BWU သည် အဖွဲ့ဝင်များ၏ လိုအပ်ချက်များကို စွန့်လွှတ်ကာ အဖွဲ့ချုပ်တခု ဖွဲ့စည်းဖြစ်ပေါ်လာရေးအတွက် အချိန်နှင့် အရင်းအမြစ် များစွာပါဝင်ခဲ့သည်ဟု ခံစားခဲ့ကြသည်။ အခြားအမျိုးသမီးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးမျက်နှာစုံညီ အစည်းအဝေးများနှင့် စွမ်းရည်မြှင့်တင်မှု လှုပ်ရှားမှုများတွင်ပါဝင်ခဲ့ကြသော အမျိုးသမီးသည် နိုင်ငံ ရေးအရ အမြင်ပိုမိုကျယ်ပြန့်လာ ခဲ့ကြသည်။ သို့သော် ထိုအမျိုးသမီးများနည်းတူ လေ့လာမှုအဆင့် တစုံတရာ မရရှိခဲ့သော တဖွဲ့တည်းနေ တခြားအဖွဲ့ဝင်အမျိုးသမီးများက သူတို့လုပ်ငန်းများအပေါ် အမြဲတစေနားလည်ခဲ့သည်တော့ မဟုတ်ကြပေ။ အဖွဲ့ချုပ်တခု တည်ထောင်ရေးအတွက် စွန့်စားခဲ့ရသော၊ တွန်းအားပေးခဲ့သော အမျိုးသမီးများအဖို့ ယင်းတင်းမာမှုကြောင့် အခက်အခဲဖြစ်စေခဲ့သည်။

တဆက်တည်းတွင် မြန်မာ့အတိုက်အခံလှုပ်ရှားမှုအတွင်းရှိ တချို့အမျိုးသားများသည် အမျိုးသမီးများက အခွင့်အရေးအတွက် ပြောဆိုမှုနှင့် နိုင်ငံရေးတွင် အမျိုးသမီးများအသံ ထွက်ပေါ်လာရေးအတွက် တစစပို၍ စုစည်းနေမှုကို မပျော်မွေ့ကြချေ။ ရိုင်းပြသော (သို့မဟုတ်) စိတ်လိုက်မာန်ပါ ပြောဆိုမှုများနှင့် အမျိုးသမီးများ လုပ်ပိုင်ခွင့် ရှိလာခြင်းကို ဆန့်ကျင်ကန့်ကွက်သော အမျိုးသားများ ပင်ရှိခဲ့သည်။ တခါတရံတွင် အမျိုးသား အဖွဲ့အစည်းများမှ ဖိအားများသည် ပုဂ္ဂိုလ်ရေးဆက်ဆံမှုများအထိပင် ထွက်ပေါ်လာခဲ့သည်။ သာဓကအားဖြင့် ခင်ပွန်း၊ ဇနီးအကြား တင်းမာမှုမျိုးများ ဖြစ်ခဲ့သည်။ အခြားတဖက်တွင်မူ တချို့အမျိုးသားများက ပြောဆိုသော ရိုင်းပြသည့်အပြောအဆိုများက အမျိုးသမီးများအတွက် အဖွဲ့ချုပ်အောင်မြင်လာစေရေးကို ပို၍ ဇွဲသံမဏိဌာန် ခိုင်မာလာခဲ့စေသည်။

နောက်ဆုံးတွင် ဒုတိယအကြိမ် မျက်နှာစုံညီအစည်းအဝေးကျင်းပနေချိန်တွင် အမျိုးသမီး အဖွဲ့အစည်း တဖွဲ့ချင်းစီ၏ အရွယ်အစား၊ လုပ်ငန်းနယ်ပယ်၊ မည်မျှလွတ်လပ်စွာ လှုပ်ရှား

လည်ပတ်နိုင်မှုအဆင့်များသည် ရှင်းရှင်းလင်းလင်း ကွဲပြားခဲ့သည်။ ထိုအချက်အလက်များ အောက်တွင် အမျိုးသမီးများသည် အဖွဲ့ချုပ်ကို တည်ထောင်ရန် ဆုံးဖြတ်နိုင်ခဲ့ခြင်းသည် အလွန် ကြီးမားသော အောင်မြင်မှုတခုပင်ဖြစ်သည်။ အမျိုးသမီးများစွာ၏ ဆုံးဖြတ်ချက် ခိုင်မာမှု၊ အပတ် တကုတ်အားထုတ်မှု၊ တသီးပုဂ္ဂလများစွာ၊ အလှူရှင်အဖွဲ့များ၊ အန်ဂျီအိုများနှင့် မိတ်ဆွေများ၏ ခိုင်မာသော ထောက်ခံမှု၊ အားပေးမှုများကြောင့်သာ ထိုသို့ဖွဲ့စည်းနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

**"အဖွဲ့ချုပ် စတင်ဆောင်ရွက်နိုင်ခြင်းက အလွန်ကောင်းမွန်တဲ့ စိတ်ကူးတခုပါ။**
**အဖွဲ့ဝင်အဖွဲ့အစည်းတွေက သစ်ပင်တပင်ရဲ့ အကိုင်းအခက်တွေလိုပါပဲ။**
**ကျမတို့အတွက် ပင်စည်တခုလိုအပ်ခဲ့ပါတယ်။"**

**– အားမူဒို (KNWO)**


# ပထမအကြိမ်ညီလာခံ






ပထမအကြိမ်ညီလာခံကို ၂၀၀၁ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်မှ ၂၆ ရက်နေ့အထိ အဖွဲ့ဝင် ၁၀ ဖွဲ့မှ ကိုယ်စားလှယ် ၂၈ဦးဖြင့်ကျင်းပခဲ့သည်။အခြေခံဥပဒေမူကြမ်းကို ညီလာခံ တက်ရောက်သူများက စာသားတကြောင်းစီ အလိုက် တင်ပြသုံးသပ်ခဲ့ကြသည်။ မူကြမ်းကို မိဆူးပွင့်က မြန်မာ့ အတိုက်အခံ မဟာမိတ်အဖွဲ့အစည်းများ၏ အခြေခံဥပဒေများကို ကိုးကား၍ ရေးဆွဲခဲ့သည်။ သူမသည် အခြေခံဥပဒေမူကြမ်းရေးဆွဲရေး ကော်မတီအဖွဲ့ဝင်များ၏ အကြံဉာဏ်များကိုလည်း ရယူခဲ့သည်။ ညီလာခံအတွင်း ထပ်မံပြောင်းလဲပြင်ဆင်မှုများ ပြုလုပ်ပြီးနောက် အခြေခံဥပဒေကို အတည်ပြုခဲ့ပြီး WLB ၏ ခေါင်းဆောင်မှု အသစ်ကိုလည်း ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ပထမသက်တမ်းအတွင်း အောက်ဖော်ပြပါ လုပ်ငန်း လေးရပ်ကို WLB က အာရုံစိုက် လုပ်ဆောင်သင့်ကြောင်း ကိုလည်း ညီလာခံတက်ရောက် သူများက သဘောတူ ခဲ့ကြသည်။ ထိုလုပ်ငန်းများမှာ စွမ်းရည်မြှင့်တင်ရေး၊ နိုင်ငံတကာစည်းရုံးရေးလုပ်ငန်း၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒုက္ခသည်ရေးရာတို့ဖြစ်ကြသည်။

ထို့အပြင် WLB ၏အဖွဲ့အစည်း အမှတ်တံဆိပ်ကိုလည်း ပထမအကြိမ်ညီလာခံတွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ပထမတွင် ညီလာခံတက်ရောက်သူများက အမှတ်တံဆိပ်တွင် သင်္ကေတပြုမည့် သဘောတရားကို အကြံပြုခဲ့သည်။ ကျား–မတန်းတူရေးနှင့် ငြိမ်းချမ်းရေးသည် အဓိကအကြောင်း



အရာဖြစ်ရမည်ဟု အားလုံးက သဘောတူ ခဲ့ကြသည်။ SWAN မှ ဆိုင်နောင့် နှင့် BWU မှ စန်းစန်းချို တို့ ပေးသည့် အကြံဉာဏ်များကို အခြေခံ၍ သင်ပုန်းပေါ်တွင် ပုံစံမျိုးစုံရေးဆွဲခဲ့ကြသည်။ ဆိုင်နောင့် တင်ပြသော ပုံစံများအနက် တခုကို နောက်ဆုံးတွင် အများသဘောတူ ရွေးချယ်အတည်ပြုခဲ့ ကြသည်။ ၎င်းပုံစံတွင် ယှက်ထားသော လက်များမှ အတောင်ပံဖြန့်ကား၍ ကောင်းကင်ဆီသို့ ဦး တည်ပျံသန်းနေသော ချိုးငှက်တကောင်ဖြစ်သည်။ လွတ်မြောက်သွားသော ချိုးငှက်သည် ငြိမ်း ချမ်းရေးနှင့် လွတ်လပ်ရေးကို ကိုယ်စားပြုသည်။ ဘယ်ဖက်တောင်ပံတွင် အမျိုးသမီးထုကို ကိုယ် စားပြုသော စက်ဝိုင်းနှင့် ကြက်ခြေခတ် တွဲလျက်ပုံပါရှိပြီး၊ ညာဖက်တောင်ပံတွင် တန်းတူအခွင့် အရေးကို သင်္ကေတပြုသော ညီမျှခြင်း အမှတ်အသား ပါရှိသည်။ ချိုးငှက်အောက်ပါ တွဲယှက်ထား သော လက်များက မြန်မာနိုင်ငံအမျိုးသမီးများ၏ ညီညွတ်ရေးကို ကိုယ်စားပြုသည်။

ပထမအကြိမ်ညီလာခံအပြီး တလအကြာတွင် ချင်းမိုင်မြို့တွင် အတွင်းရေးမှူးရုံးကို ဖွင့်လှစ်ခဲ့သည်။ ထိုအချိန်မှစ၍ ယနေ့အထိ အတွင်းရေးမှူးရုံးသည် ချင်းမိုင်တွင်ပင် ဆက်လက်တည်ရှိနေသည်။ ပထမအကြိမ်ညီလာခံမှစ၍ ညီလာခံများကို နှစ်နှစ်တကြိမ်ကျင်းပခဲ့သည်။ ညီလာခံတခုစီတွင် တက်ရောက်သူကိုယ်စားလှယ်ဦးရေလည်း တစစတိုးများလာခဲ့သည်။

## အခြေခံဥပဒေပါ အဓိကအချက်များ

အခြေခံဥပဒေတွင် ရည်မှန်းချက်များ၊ လုပ်ပိုင်ခွင့်၊ အဖွဲ့ချုပ်၏ ဖွဲ့စည်းပုံ၊ အဖွဲ့ဝင်ဖြစ်မှုအတွက် စံသတ်မှတ်ချက်များနှင့် အဖွဲ့ချုပ်မှ ရပ်စဲခြင်း သတ်မှတ်ချက်များကို ရှင်းလင်းပြထားသည်။ အခြေခံဥပဒေ ပြောင်းလဲ ပြင်ဆင်ချက်များကို ညီလာခံတွင် ဆောင်ရွက်နိုင်သည်။ လုပ်ငန်းထိရောက်မှု ပိုမိုအားကောင်းစေရေး၊ အဖွဲ့ဝင်ဖြစ်မှု လျှောက်လွှာများ ပိုမိုကောင်းမွန်စွာ စီမံနိုင်ရေးနှင့် အဖွဲ့ဝင်အဖွဲ့အစည်းများအတွင်း ပြဿနာများ ကိုင်တွယ်ဖြေရှင်းရန်အတွက် အခြေခံဥပဒေတွင် တချို့ပြင်ဆင်ဖြည့်စွက်ချက်များ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ပြောင်းလဲမှုများကို အချိန်နှင့်အမျှ ဆောင်ရွက်နေသဖြင့် အဓိကအချက်များကို အောက်တွင် ရှင်းလင်းဖော်ပြထားသည်။

## ရည်ရွယ်ချက်များ

**အခြေခံဥပဒေတွင် WLB ၏ ရည်မှန်းချက် (၃) ခုကို ပြဋ္ဌာန်းထားသည်။ ၎င်းတို့မှာ**

၁။ အမျိုးသမီးများ အဆင့်အတန်းမြင့်မားလာစေရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်လာရေးအတွက် လုပ်ဆောင်ရန်။

၂။ လူ့အဖွဲ့အစည်းအတွင်း ကဏ္ဍပေါင်းစုံ၌ အမျိုးသမီးများ၏ ပါဝင်မှုတိုးမြင့်လာရေးအတွက် လုပ်ဆောင်ရန်။

၃။ ဒီမိုကရေစီ၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး လှုပ်ရှားမှုတွင် အမျိုးသမီးများ၏ ပါဝင်မှု တိုးမြင့်လာစေရေးအတွက် လုပ်ဆောင်ရန်။

နောက်ပိုင်းတွင် အဖွဲ့ချုပ်သည် ၎င်းတို့၏ ဦးစားပေးလုပ်ငန်း အစီအစဉ်များကို ထင်ဟပ်စေသော အသေးစိတ် ပိုကျသည့် လုပ်ငန်း အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ရေးဆွဲခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် ထုတ်ဝေသော WLB ၏ ဆယ်နှစ်မြောက် အထိမ်းအမှတ် စာစောင်တွင် အဖွဲ့ချုပ်၏ ရည်ရွယ်ချက်များကို အသေးစိတ်ဖော်ပြခဲ့သည်။

- အမျိုးသမီးများစွမ်းရည်မြင့်မားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရန်
- အမျိုးသမီးအခွင့်အရေးနှင့် ကျား၊ မ တန်းတူရေးအတွက် လုပ်ဆောင်ရန်
- အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှုအားလုံး ပပျောက်ရေးအတွက် လုပ်ဆောင်ရန်
- လူမှုကဏ္ဍအသီးသီးနှင့် ဆုံးဖြတ်ချက်ချသည့် အဆင့်တိုင်းတွင် အမျိုးသမီးများ ပိုမိုပါဝင်လာရေးအတွက် လုပ်ဆောင်ရန်
- ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီရရှိရေးလှုပ်ရှားမှုတွင် ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်ရန် တို့ဖြစ်ကြသည်။


1st Congress of
the Women's League of Burma
January 22-26-2001






1 Congress of
the Women's League of Burma
January 22-26-2001



# ဖွဲ့စည်းပုံ

အခြေခံဥပဒေတွင် WLB ၏ ဖွဲ့စည်းပုံကို ပြဋ္ဌာန်းပေးထားသည်။ ဖွဲ့စည်းပုံအရ ညီလာခံ၊ သဘာပတိအဖွဲ့၊ အတွင်းရေးမှူးအဖွဲ့နှင့် လုပ်ငန်းအစီအစဉ်တာဝန်ခံဆောင်ရွက်သူများဟူ၍ ပါရှိသည်။ ယင်းဖွဲ့စည်းပုံသည် အတိုက်အခံ နိုင်ငံရေးမဟာမိတ်အဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံနှင့် အလားသဏ္ဌာန်တူသည်။ ညီလာခံတွင် အဖွဲ့ဝင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ် အချိုးကျစီ တက်ရောက်ခွင့်ရပြီး ကိုယ်စားလှယ်များကို သက်ဆိုင်ရာ အဖွဲ့ဝင် အဖွဲ့အစည်းများက ရွေးချယ်စေလွှတ်ကြသည်။ ညီလာခံမှ (၂) နှစ် သက်တမ်းအတွင်း ဦးစားပေးလုပ်ငန်းများကို ချမှတ်ပေးကာ အတွင်းရေးမှူးအဖွဲ့မှ ညီလာခံ၏ ဆုံးဖြတ်ချက်များကို ဆက်လက်ဆောင်ရွက်ရန် တာဝန်ရှိသည်။ မူလက ညီလာခံသို့ ကိုယ်စားလှယ် (၉၀) ရာခိုင်နှုန်း တက်ရောက်မှသာ ဆုံးဖြတ်ချက်များ ချမှတ်နိုင်သည်။ သို့သော် ခရီးသွားလာရေးအခက်အခဲနှင့် မမျှော်မှန်းနိုင်သော အခြေအနေများကြောင့် ကိုယ်စား လှယ်အားလုံး ညီလာခံသို့ တက်ရောက်ရန် ခက်ခဲသဖြင့် ကိုယ်စားလှယ် ရာခိုင်နှုန်းကို (၇၅) ရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်ခဲ့သည်။

သဘာပတိအဖွဲ့ဝင်တွင် အဖွဲ့ဝင်တဖွဲ့စီမှ ကိုယ်စားလှယ်တဦးကျစီပါဝင်ပြီး WLB နှင့် သက်ဆိုင်ရာ အဖွဲ့အစည်းအကြား ကြားခံဆက်စပ်ဆောင်ရွက်သူအဖြစ် ၎င်းကိုယ်စားလှယ်က ဆောင်ရွက်သည်။ သဘာပတိအဖွဲ့သည် အနည်းဆုံး (၈) လတကြိမ် သဘာပတိအစည်းအဝေးကို (၇၅) ရာခိုင်နှုန်းသော ကိုယ်စားလှယ်များဖြင့် ပြုလုပ်၍ ဆုံးဖြတ်ချက်ချမှတ်နိုင်သည်။ ပုံမှန်အားဖြင့် သဘာပတိအဖွဲ့သည် သတ်တမ်းတခု တွင် (၄) ကြိမ်တွေ့ဆုံသည်။ ညီလာခံကျင်းပပြီးလျင် ပြီးချင်း တကြိမ်၊ (၂) နှစ် သက်တမ်းအတွင်း (၂) ကြိမ်နှင့် ညီလာခံ အသစ်တခုမကျင်းပခင်တကြိမ် ကျင်းပသည်။ သဘာပတိအဖွဲ့သည် အတွင်းရေးမှူးအဖွဲ့၏ လုပ်ငန်းများကို ကြီးကြပ်ပြီး၊ (၂) နှစ် သက်တမ်းအတွင်း အရေးကြီးဆုံးဖြတ် ချက်များကို အတည်ပြုပေးရသည်။

မူလအစတွင် သဘာပတိအဖွဲ့၏ ဆုံးဖြတ်ချက်ကို အားလုံး သဘောတူသည့်အပေါ်မှသာ ဆုံးဖြတ်ချက်ချနိုင်သည်။ သို့သော် နောက်ပိုင်းတွင် သဘာပတိအဖွဲ့ဝင်အားလုံး သဘောမတူနိုင်သော အခြေအနေများတွင် အဆုံးအဖြတ်ကို မဲခွဲယူရမည်ဟု သဘောတူခဲ့ကြသည်။ အဆိုပြုချက် တခုကို သဘာပတိအဖွဲ့ဝင် (၇၅) ရာခိုင်နှုန်းက သဘောတူကြောင်း ဆန္ဒမဲပေးပါက အတည်ပြုနိုင်သည်။

ယင်းသို့ ပြောင်းလဲလိုက်ရခြင်း၏ ရည်ရွယ်ချက်မှာ WLB အနေဖြင့် ၎င်း၏လုပ်ငန်းများကို ရှေ့သို့ သယ်ဆောင်ရာ၌ ပို၍လွယ်ကူသွားစေရန် ဖြစ်သည်။ သို့မဟုတ်ပါက အဖွဲ့အစည်း တခုတည်းက ဆုံးဖြတ်ချက်များကို ပိတ်ပင်ထားနိုင်သည့် အခြေအနေသို့ ကြုံတွေ့နိုင်သောကြောင့် ဖြစ်သည်။

အခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည်မှာ အချိန်ကာလတခုအတွင်း သဘာပတိအဖွဲ့ဝင် (၄) ဦးက သဘာပတိအဖွဲ့ဝင် အားလုံးကိုယ်စား အလှည့်ကျ သဘာပတိများအဖြစ် တာဝန်ယူဆောင်ရွက်ရမည်။ အလှည့်ကျ သဘာပတိ အဖွဲ့ဝင်များသည် အတွင်းရေးမှူးအဖွဲ့နှင့် ကျန်သဘာပတိအဖွဲ့ဝင်များအကြား တာဝန်ခံဆောင်ရွက်ပေးရန် တာဝန်ရှိသည်။ အချိန်ကာလကြာသည်နှင့် အမျှ အလှည့်ကျ သဘာပတိအဖွဲ့ဝင်ဦးရေကို (၃) ဦး လျှော့ချခဲ့ပြီး၊ နောက်ပိုင်းတွင် (၂) ဦးအထိပါ လျှော့ချခဲ့သည်။ ထို့ကြောင့် အတွင်းရေးမှူးအဖွဲ့သည် သဘာပတိအဖွဲ့ဝင် (၂) ဦးထံသို့သာ ဆက်သွယ်ရမည်ဖြစ်သည်။ ထို အလှည့်ကျ သဘာပတိ အဖွဲ့ဝင် (၂) ဦးက ကျန်သဘာပတိအဖွဲ့ဝင်များသို့ ထပ်မံ ဆက်သွယ်ဆောင်ရွက်မည်ဖြစ်သည်။

အတွင်းရေးမှူးအဖွဲ့ကို အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး (၁) နှင့် တွဲဖက်အထွေထွေအတွင်းရေးမှူး (၂) ဟူ၍ အသီးသီးတာဝန်ခွဲ၍ ဖွဲ့ထားသည်။ ၎င်းအမျိုးသမီး (၃) ဦးကို အဖွဲ့ဝင် အဖွဲ့အစည်းတဖွဲ့စီက အမည်စာရင်းတင်သွင်းပေးသော ရွေးချယ်ခံ ကိုယ်စားလှယ်များအနက်မှ လျှို့ဝှက်မဲဖြင့် ညီလာခံမှ ရွေးချယ်ခန့်အပ်သည်။ အတွင်းရေးမှူးအဖွဲ့သည် ညီလာခံမှ ချမှတ်ပေးသော လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်သည်။ လုပ်ငန်းစဉ်တာဝန်ခံများ၊ အမြဲတမ်းရုံးဝန်းထမ်းများကို စီစဉ် ကြီးကြပ်၍ အဖွဲ့ချုပ်၏ ဘဏ္ဍာငွေကို စီမံခန့်ခွဲရသည်။ အတွင်းရေးမှူးအဖွဲ့သည် အဖွဲ့ချုပ်၏ အဓိက ပြောရေးဆိုခွင့်ရှိသူများအဖြစ်လည်း တာဝန်ယူဆောင်ရွက်သည်။

အခြေခံဥပဒေတွင် အတွင်းရေးမှူးအဖွဲ့က မည်သည့်ဆုံးဖြတ်ချက်များကို သဘာပတိအဖွဲ့၏ အတည်ပြုရယူရန် လိုအပ်သည်နှင့် မည်သည့်ဆုံးဖြတ်ချက်များကို ၎င်းတို့ဘာသာ ချမှတ်နိုင်သည်ကို အတိအကျဖော်ညွှန်းမထားပေ။ နောက်ပိုင်းတွင် လုပ်ငန်းလမ်းညွှန် အသေးစိတ်များရေးဆွဲကာ အတွင်းရေးမှူးအဖွဲ့က ၎င်းတို့ကိုယ်တိုင် ချမှတ်နိုင်သော ဆုံးဖြတ်ချက်များနှင့် ဆုံးဖြတ်၍မရသော အရာများကို ရှင်းရှင်းလင်းလင်း ခွဲခြားပြသခဲ့သည်။ ထို့ကြောင့် အတွင်းရေးမှူးအဖွဲ့သည် ဆုံးဖြတ်

ချက် အသေးအမွှားများကို သဘာပတိအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရန် မလိုအပ်သောကြောင့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပို၍ ပြည့်စုံမြန်ဆန်သွားခဲ့သည်။

အတွင်းရေးမှူးများ၊ သဘာပတိများနှင့် ညီလာခံ၏ သတ်တမ်းသည် (၂) နှစ် ဖြစ်သည်။ ထိုထက်ပိုကြာသော သတ်တမ်းမထားရှိခြင်းမှာ ၎င်းတာဝန်များ ထမ်းဆောင်နေကြသော အမျိုးသမီး ၎င်းတို့၏ မိခင် အဖွဲ့အစည်းတွင်လည်း တာဝန်ထမ်းဆောင်ရန် လိုအပ်သောကြောင့်ဖြစ်သည်။ အဖွဲ့ချုပ် တည်ထောင်သူများက ရွေးချယ်ခံရသော အမျိုးသမီးများ အားလုံးသည် WLB တွင် (၂) နှစ် သက်တမ်း ထက်ပို၍ တာဝန်ယူရန် မဖြစ်နိုင်ဟု မှတ်ယူခဲ့ကြသည်။ သို့သော်ငြားလည်း တချို့အမျိုးသမီးများသည် WLB တွင် တာဝန်တခုတည်း (သို့မဟုတ်) မတူကွဲပြားသော တာဝန်များတွင် သက်တမ်းများစွာ ကြာ တာဝန်ထမ်းဆောင်ခဲ့ကြသည်။ ထို့ကြောင့် ၂၀၀၇ ခုနှစ်တွင် အတွင်းရေးမှူးနှင့် သဘာပတိအဖွဲ့ တာဝန်များကို သက်တမ်းနှစ်ခု ဆက်တိုက်သာ တာဝန်ယူရမည်ဟု ဆုံးဖြတ်ခဲ့ကြသည်။ သို့သော် သက်တမ်းတခုအကျော်တွင် တဦးချင်းအလိုက် ပြန်တာဝန်ထမ်းဆောင်နိုင်သည်။ အဖွဲ့ချုပ်သည် အတွေ့အကြုံ ရှိသူများအား ခေါင်းဆောင်မှုတာဝန်များ အသီးသီးယူလာနိုင်စေရေးကို ထိန်းညှိရန် အားထုတ်ခဲ့သည်။

အချိန်ပြည့်တာဝန်ယူသော လုပ်ငန်းစဉ်တာဝန်ခံများက WLB ၏ အဓိက လုပ်ငန်းစဉ်များကို အတွင်းရေးမှူးအဖွဲ့၏ ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ကြသည်။ ပြဿနာတခုဖြစ်ပေါ်လာသည်မှာ တချို့လုပ်ငန်းစဉ် တာဝန်ခံများသည် သဘာပတိတာဝန်ကိုပါ တဆက်တည်းထမ်းဆောင်နေခြင်း ဖြစ်ခဲ့သည်။ ယင်းသို့ ပူးတွဲတာဝန် ယူမှုများကို နောက်ပိုင်းတွင် တားမြစ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အတွင်းရေးမှူးများကို ကြီးကြပ်ပေးသော သဘာပတိအဖွဲ့ဝင်တဦးဖြစ်သူ လုပ်ငန်းစဉ်တာဝန်ခံကို အတွင်းရေးမှူးများက ပြန်၍ ကြီးကြပ်ရသဖြင့် ကသိကအောင့် ဖြစ်ခဲ့ရသောကြောင့် ဖြစ်သည်။

အဖွဲ့ဝင် အဖွဲ့အစည်းများသည် အဖွဲ့ချုပ်တွင်ရှိသော တာဝန်များကို ထမ်းဆောင်ရန် အမျိုးသမီးများ စေလွှတ်ပေးရန် လိုအပ်သည်။ သို့သော် မိမိကိုယ်ပိုင်လုပ်ငန်းစဉ်များကို အပြည့်အဝ စီမံဆောင်ရွက်ရန်ပင် ရုန်းကန်နေရသော အဖွဲ့အစည်းများအတွက် အရည်အချင်းပြည့်မီသော အမျိုးသမီး

ကိုယ်စားလှယ်များ ပို့ဆောင်ရန် အဖွဲ့အစည်း တော်တော်များများအတွက် အခက်အခဲ ဖြစ်နေဆဲဖြစ်သည်။ ရလဒ်အဖြစ် တခါတရံတွင် အဖွဲ့ဝင်အဖွဲ့အစည်းများသည် WLB သို့ အသင့်လျော်ဆုံး အမျိုးသမီးကိုယ်စားလှယ်များ ပေးပို့ခြင်းမရှိကြတော့ပေ။ (၄) ကြိမ်နှင့် (၅) ကြိမ်မြောက်ညီလာခံ မကျင်းပခင် မဟာဗျူဟာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခဲ့ကြရာ ထိုအလုပ်ရုံဆွေးနွေးပွဲများ၌ သဘာပတိအဖွဲ့ဝင်၊ အတွင်းအရေးမှူးအဖွဲ့ဝင်နှင့် လုပ်ငန်းစဉ် တာဝန်ခံများအတွက် အကောင်းဆုံး ဖြစ်နိုင်မည့် စံသတ်မှတ်ချက်များကို တင်ပြခဲ့ကြသည်။ ယေဘုယျအားဖြင့် ယင်းတာဝန်ကို ထမ်းဆောင်ကြသော အမျိုးသမီးများတွင် ၎င်းတို့တာဝန်ကို ထိထိရောက်ရောက် ထမ်းဆောင်နိုင်ရန်အတွက် ရင့်ကျက်မှု၊ သံဓိဋ္ဌာန်နှင့် အတွေ့အကြုံ အလုံအလောက်ရှိစေရန်ဖြစ်သည်။ ၎င်းစံသတ်မှတ်ချက်များကို ညီလာခံတွင် လမ်းညွှန်ချက်များအဖြစ် ပြဋ္ဌာန်းခဲ့သည်။ သို့သော် အပြည့်အဝ အကောင်အထည်ဖော်နိုင်ခြင်းက အဖွဲ့ဝင်အဖွဲ့အစည်းများအတွင်း လူသား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု ရှိလာရန် လိုအပ်သေးသည်။

## အဖွဲ့ဝင်ဖြစ်မှု

အခြေခံဥပဒေတွင် အဖွဲ့ချုပ်သို့ အဖွဲ့ဝင်အဖြစ် လျှောက်ထားခြင်းနှင့် အဖွဲ့ဝင်ဖြစ်ခြင်း စံသတ်မှတ်ချက်များကို အသေးစိတ်ဖော်ပြထားသည်။ အဖွဲ့ဝင်အဖွဲ့အစည်းများသည် နိုင်ငံရေးအဖွဲ့များ၏ သြဇာမှကင်းလွတ်၍ သီးခြားလွတ်လပ်သော အဖွဲ့အစည်းများဖြစ်ရမည်ဟု အခြေခံဥပဒေတွင် ဖော်ပြထားသည်။ လက်တွေ့တွင် တချို့အဖွဲ့ဝင် အဖွဲ့အစည်းများသည် နိုင်ငံရေးအဖွဲ့များနှင့် လုံးဝကင်းလွတ်သော အဖွဲ့အစည်းများ မဖြစ်ကြသေးပေ။ သို့သော် အနိမ့်ဆုံးအဆင့် ထိုအဖွဲ့များတွင် ၎င်းတို့ကိုယ်ပိုင် အခြေခံဥပဒေ၊ ဖွဲ့စည်းပုံနှင့် ကိုယ်ပိုင်လှုပ်ရှားမှုများကိုစီမံ၊ အကောင်အထည်ဖော်သင့်သည်။ အဖွဲ့ချုပ် တည်ထောင်ပြီးသည့်နောက် အဖွဲ့ဝင်အဖြစ် လျှောက်ထားသူ အဖွဲ့ အစည်းအသစ်များသည် အဖွဲ့ဝင်မလျှောက်ခင်တွင် အနည်းဆုံး သက်တမ်း (၁) နှစ်ရှိရမည်။ ၂၀၀၃ ခုနှစ် ညီလာခံတွင် (၂) နှစ် သက်တမ်းရှိရမည်ဟု ပြင်ဆင်ခဲ့သည်။

၂၀၀၃ ခုနှစ်တွင်ပင် အဖွဲ့ဝင်အသစ်လျှောက်ထားသူ အဖွဲ့အစည်းများတွင် အနည်းဆုံး အဖွဲ့ဝင်

၅၀ ဦးရှိရမည်ဟု သတ်မှတ်ခဲ့သည်။ လက်ရှိအဖွဲ့ဝင်အဖွဲ့အစည်းတချို့သည် ယင်းသတ်မှတ်ချက်ဖြင့် ကိုက်ညီခြင်း မရှိပေ။ သို့သော် အဖွဲ့ဝင်သစ်များသည် လှုပ်ရှားအသက်ဝင်သော၊ တည်ငြိမ်မှုရှိပြီး လုံလောက်သော လူထုကိုယ်စားပြုမှုရှိသော အဖွဲ့အစည်းများဖြစ်ရမည်ဟု မျှော်လင့်ထားခဲ့သည်။ ဘာသာရေးအပေါ် တင်းမာမှုများ ရှိလာမည့်အပေါ် စိုးရိမ်သောကြောင့် ဘာသာရေးအဖွဲ့အစည်းများကို ပါဝင်ခွင့်မပြုခဲ့ပေ။

အဖွဲ့ဝင် အဖွဲ့အစည်းများအကြား ညီညွတ်ရေးသည် WLB ၏ အခြေခံမူများအနက် တခု ဖြစ်သည်။ ထို့ကြောင့် အဖွဲ့ဝင်အဖွဲ့အစည်းများသည် လူမျိုးရေး၊ နယ်မြေ (သို့မဟုတ်) အမည် စသည့်တို့ကို အခြေခံသော ပဋိပက္ခများတွင် မပါဝင်သင့်ဟု အခြေခံဥပဒေတွင် အသေးစိတ်ဖော်ပြထားသည်။ ထို့အပြင် WLB သည် အဖွဲ့ဝင်အဖွဲ့အစည်းများ၏ အဖွဲ့အစည်းအတွင်း ကိစ္စများကို ဝင်ရောက်စွက်ဖက်ခွင့် မရှိပေ။ သို့သော် အကယ်၍ ထိုအဖွဲ့ဝင်အဖွဲ့အစည်းသည် အဖွဲ့ချုပ်၏ အကျိုးစီးပွားကို ထိခိုက်စေသော လုပ်ဟန်ဖြင့် ဆောင်ရွက်နေပါက ဝင်ရောက်စွက်ဖက်နိုင်သည်။ အဖွဲ့ချုပ်အတွင်း တင်းမာမှုများ မထွက်ပေါ်လာစေရေး ကာကွယ်ဟန့်တားခြင်း နောက်ထပ်နည်းလမ်းတခုမှာ အဖွဲ့ဝင်အဖြစ် လျှောက်ထားသူ အဖွဲ့အစည်းများသည် အဖွဲ့ဝင် အဖွဲ့အစည်း (၂) ဖွဲ့၏ ထောက်ခံမှုပါရှိရမည်။ ၎င်းထောက်ခံချက်ပေးသော အဖွဲ့ဝင် အဖွဲ့အစည်းနှစ်ဖွဲ့သည် လျှောက်ထားသူ အဖွဲ့အစည်းနှင့် နယ်မြေဒေသတခုတည်း (သို့မဟုတ်) လုပ်ငန်းဆိုင်ရာ ဆက်ဆံရေးရှိရမည် ဖြစ်သည်။ အဖွဲ့ဝင်အသစ်များ ဝင်ခွင့်ပြုသည့် ဆုံးဖြတ်ချက်ကို ပုံမှန်အား ဖြင့် သဘာပတိအစည်းအဝေးများတွင် ချမှတ်လေ့ရှိသည်။ သဘာပတိအဖွဲ့ဝင် (၇၅) ရာခိုင်နှုန်း၏ ထောက်ခံသဘောတူမှုရှိရမည် ဖြစ်သည်။

အခြေခံဥပဒေတွင် အဖွဲ့ဝင်အဖွဲ့အစည်းများအကြား ပဋိပက္ခကို မည်သို့ကိုင်တွယ်ဖြေရှင်းရမည်နှင့် ပတ်သက်၍ အတိအကျ ပြဆိုထားသည်။ အဖွဲ့ချုပ်သည် အတွင်းပဋိပက္ခဖြစ်နေသော အဖွဲ့အစည်းတခုကို ယာယီ အဖွဲ့ဝင်ဖြစ်မှုမှ ရပ်ဆိုင်းထားနိုင်ပြီး ထိုပြဿနာဖြေရှင်းရန်အတွက် အချိန်ကာလတခု သတ်မှတ်နိုင်သည်။ ထိုကာလအတွင်း သဘာပတိအဖွဲ့တွင် ပါရှိသော ထိုအဖွဲ့အစည်း၏ ကိုယ်စားလှယ်သည် သဘာပတိအဖွဲ့၏ လုပ်ငန်းများတွင် ပါဝင်ခွင့် မပြုပေ။ သို့သော် တခြားသဘာပတိအဖွဲ့ဝင်များက တွေ့ဆုံဆွေးနွေးခြင်း (သို့မဟုတ်) ကြားဝင်ဖြန်ဖြေပေးခြင်း

နည်းလမ်းများမှတဆင့် ပဋိပက္ခပြေလည်စေရန် ကူညီဆောင်ရွက်ပေးကြမည်ဖြစ်သည်။ အကယ်၍ သတ်မှတ်ထားသည့် အချိန်ကာလ ကျော်လွန်သွားကာ သက်ဆိုင်ရာအဖွဲ့အစည်းနှင့် အဖွဲ့ချုပ်တို့၏ ပြဿနာ ဖြေရှင်းရေး ကြိုးပမ်းချက် မအောင်မြင်ခဲ့ပါက သဘာပတိအဖွဲ့က ထိုအဖွဲ့အစည်း၏ အဖွဲ့ဝင်ဖြစ်မှု ရပ်ဆဲရေးအပေါ် မဲခွဲဆုံးဖြတ်နိုင်သည်။ ယင်းကဲ့သို့ပြဿနာများ အဖွဲ့ချုပ်သမိုင်းအတွင်း အကြိမ်အနည်းငယ်ဖြစ်ခဲ့ဖူးပြီး အထက်ဖော်ပြပါ စည်းမျဉ်းစည်းကမ်းအတိုင်း ဖြေရှင်းဆောင်ရွက်ခဲ့သည်။

အဖွဲ့ဝင်အဖွဲ့အစည်များအကြား တဖွဲ့နှင့်တဖွဲ့ တာဝန်ခံဆောင်ရွက်နိုင်စေရန်အတွက် အဖွဲ့ဝင်အဖွဲ့အစည်းများ၏ စွမ်းရည်တည်ဆောက်ပေးရန် အခြေခံဥပဒေက အဖွဲ့ချုပ်ကို လုပ်ပိုင်ခွင့်ပေးထားသည်။ အဖွဲ့ဝင်အဖွဲ့အစည်းများအား လုံး တန်းတူလုပ်နိုင်စွမ်းရည် ရှိလာစေရေးအတွက် ဦးတည်လုပ်ဆောင်ရန်၊ ညီညွတ်ရေးတည်ဆောက်ရန်၊ အဖွဲ့ချုပ်၏ ရည်မှန်းချက်များ အောင်မြင်လာစေရေးအတွက် ထိရောက်အောင်မြင်သော အဖွဲ့ချုပ်တခု ဖြစ်လာစေရေးတို့အတွက် ရည်ရွယ်လုပ်ဆောင်ခြင်း ဖြစ်သည်။ အဖွဲ့ချုပ်သည် စွမ်းရည်မြှင့်တင်ခြင်းကို ဦးစားပေးတခုအဖြစ်ထားရှိသည်။ တိုးတက်မှုတချို့လည်း ရရှိခဲ့ပြီး ဖြစ်သည်။

## WLB အတွင်း အဖွဲ့ဝင် အပြောင်းအလဲများ။ ၂၀၀၀ – ၂၀၁၀

အဖွဲ့ချုပ်တည်ထောင်ရာတွင် ပါဝင်ခဲ့သော အဖွဲ့အစည်း (၂) ဖွဲ့မှလွဲ၍ ကျန်အဖွဲ့အစည်းများသည် ဆယ်နှစ်တာ ခရီးအထိ WLB တွင် အဖွဲ့ဝင်များအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်သည်။ တချို့ဖြစ်ရပ်များတွင် ၎င်းတို့ အဖွဲ့အစည်းအတွင်း သဘောထားကွဲလွဲမှုများကြောင့် အဖွဲ့ဝင် အဖြစ်မှ ရပ်ဆိုင်းခဲ့ရသည်။ ထိုဖြစ်ရပ်များတွင် အဖွဲ့ချုပ်ညီလာခံ တက်ရောက်သူများနှင့် သဘာပတိ အဖွဲ့ဝင်များက အခြေအနေကို မည်သို့ကိုင်တွယ်ရမည်နှင့် အပြုသဘောဆောင်သည့် နည်းလမ်းဖြင့် မည်သို့ တုန့်ပြန်ဆောင်ရွက်ရမည်ကို အသေအချာစဉ်းစားခဲ့ကြသည်။ အဖွဲ့ချုပ်မှ နုတ်ထွက်ခဲ့သော အဖွဲ့အစည်းတခုအား နောက်ပိုင်းတွင် ပြန်ဝင်ခွင့်ပြုခဲ့သည်။ တချိန်တည်းတွင် အဖွဲ့အစည်းအသစ်များကိုလည်း အဖွဲ့ချုပ်သို့ ဝင်ခွင့်ပြုခဲ့သည်။

ဒုတိယအကြိမ် အမျိုးသမီးမျက်နှာစုံညီအစည်းအဝေးအပြီးတွင် ကရင်နီအမျိုးသမီး အစည်းအရုံးသည် အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)၏ တရားဝင်အဖွဲ့ဝင် အဖွဲ့အစည်းတခု ဖြစ်လာခဲ့သည်။ သို့သော် ၂၀၀၀ ခုနှစ်တွင် KNWO သည် WLB မှ နုတ်ထွက်ရန် တောင်းဆိုလာခဲ့သဖြင့် ၂၀၀၁ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပသော WLB ၏ ပထမအကြိမ် ညီလာခံတွင် WLB မှ တောင်းဆိုချက်ကို လက်ခံခွင့်ပြုခဲ့သည်။ KNWO သည် WLB တွင် ပါဝင်ဆောင်ရွက်လိုသော်လည်း ကရင်နီနိုင်ငံရေး ဦးဆောင်မှုအဖွဲ့ဝင်တချို့က မြန်မာ့နိုင်ငံအရေး ဆောင်ရွက်နေသော အဖွဲ့အစည်းတခုတွင် ပါဝင်ဆောင်ရွက်ခြင်းကို ကန့်ကွက်ခဲ့သောကြောင့် ဖြစ်သည်။ ထိုအချိန်က KNPP ၏ ရပ်တည်ချက်မှာ ကရင်နီပြည်နယ်သည် သီးခြားလွတ်လပ်သော နယ်မြေတခုဖြစ်ပြီး၊ မြန်မာနိုင်ငံတွင် မပါဝင်ဟူသော သဘောထားဖြစ်သည်။ ၁၈၀၀ အလယ်ပိုင်းနှစ်များတွင် မြန်မာဘုရင်နှင့် ဗြိတိသျှတို့အကြား ချုပ်ဆိုခဲ့သော စာချုပ်အရ ကရင်နီဒေသသည် သီးခြားနယ်မြေဒေသတခု ဖြစ်သည်ဟူသော အချက်ကို ကိုးကားပြောဆိုခြင်းဖြစ်သည်။ မဟာမိတ်အဖွဲ့ချုပ်အမည်တွင် မြန်မာနိုင်ငံဟူသော အသုံးအနှုန်းပါဝင်နေသဖြင့် WLB တွင် ပါဝင်ခြင်းသည် KNPP ၏ မူဝါဒနှင့် ငြိစွန်းခဲ့ခြင်း ဖြစ်ဟန်တူခဲ့သည်။ ထို့အပြင် WLB သည် အတိုက်အခံ အုပ်စုများ၏ ဖက်ဒရယ်ပြည်ထောင်စု အခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မတီသို့ ကိုယ်စားလှယ်နှစ်ဦး စေလွှတ်ရန် စီစဉ်နေသည့်အချိန်လည်း ဖြစ်ခဲ့သည်။ ထိုကော်မတီတွင် KNPP က ပါဝင်မှုမပြုရန်

ဆုံးဖြတ်ထားပြီးဖြစ်သည်။ ထို့ကြောင့် KNWO အနေဖြင့် WLB ၏ အဖွဲ့ဝင်အဖြစ်မှ ပြန်လည် ရုပ်သိမ်းရန် ဆုံးဖြတ်ခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် KNPP မှ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်မှုကို ထောက်ခံသည်ဟု ၎င်း၏မူဝါဒကို ပြောင်းလဲခဲ့သည့် နောက်ပိုင်း တွင် KNWO မှ အဖွဲ့ဝင်အဖြစ် ပြန်လည်လျှောက်ထားခဲ့သည်။ BWU နှင့် ပအိုဝ်းအမျိုးသမီးသမဂ္ဂ နှစ်ဖွဲ့၏ ထောက်ခံမှုနှင့်အတူ ၂၀၀၂ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပသော ဒုတိယအကြိမ် ညီလာခံ၌ KNWO ကို WLB က ပြန်လည်လက်ခံရန် သဘောတူခဲ့သည်။

ချင်းအမျိုးသမီးများအဖွဲ့ (CWO) သည် WLB တည်ထောင်သူ အဖွဲ့များအနက် တဖွဲ့ဖြစ်ခဲ့သည်။ သို့သော် နောက်ပိုင်းတွင် ထိုအဖွဲ့အစည်းသည် အုပ်စုနှစ်စုအဖြစ် ကွဲသွားခဲ့သည်။ အုပ်စုတစု က ဒေလီမြို့တွင် အခြေစိုက်၍ တခြားတ အုပ်စုက အိန္ဒိယအရှေ့မြောက် မီဇိုရမ်ပြည်နယ်တွင် အခြေစိုက်ခဲ့သည်။ တည်နေရာနှစ်ခုရှိ အမျိုးသမီးများသည် တူညီသော လုပ်ငန်းစဉ်အပေါ်တွင် အာရုံစိုက်လုပ်ဆောင်ခြင်းမရှိခဲ့ပေ။ အရင်းအမြစ်အားနည်းမှု၊ တည်နေရာနှစ်ခုအကြား အလှမ်း ကွာဝေးမှုကြောင့် အုပ်စုနှစ်စုအကြား ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်ရန် မလွယ်ကူခဲ့ချေ။ ဒေလီအခြေစိုက် အုပ်စုက ၎င်းတို့ကိုယ် ၎င်းတို့ ချင်းအမျိုးသမီးများအဖွဲ့ဟု ဆက်လက်ခေါ်ဝေါ် သုံးစွဲခဲ့သည်။ မီဇိုရမ် အခြေစိုက်အုပ်စုများကမူ ပြည်မချင်း အမျိုးသမီးများအဖွဲ့ဟု အမည်ပြုခဲ့သည်။ ချင်းအမျိုးသမီးအုပ်စု နှစ်စုစလုံးက WLB ကို ၎င်းတို့နှစ်ဖွဲ့အား တသီးတခြားစီ အသိအမှတ်ပြု ရန် တောင်းဆိုခဲ့ရာ WLB အတွက် အလွန်ခက်ခဲသော အခြေအနေသို့ ဆိုက်ရောက်ခဲ့ရသည်။ WLB သည် သဘာပတိအဖွဲ့တွင် ပါဝင်သော CWO ကိုယ်စားပြုမှုကို ရပ်ဆိုင်းခဲ့ပြီး၊ နှစ်ဖွဲ့ ပြန် လည်စုဖွဲ့ရန် CWO ကို အချိန် (၃) လပေးခဲ့သည်။ သတ်မှတ် ကာလအတွင်း အုပ်စုနှစ်ခု အကြားရှိ မတူညီမှုများကို ဖြေရှင်းရန် နှစ်ဖွဲ့စလုံးကို WLB က အားပေးခဲ့သည်။ သို့သော် ဖြေ ရှင်း၍ မရခဲ့ပေ။ ရလဒ်အဖြစ် ၂၀၀၃ ခုနှစ် ဩဂုတ်လ သဘာပတိအစည်းအဝေးတွင် ထိုနှစ်ဖွဲ့ စလုံးကို အချိန်အကန့်အသတ်မရှိ အဖွဲ့ဝင်အဖြစ်မှ ရပ်ဆိုင်းခဲ့သည်။

အဖွဲ့ချုပ်တည်ထောင်သူ အိန္ဒိယအခြေစိုက် နောက်ထပ်အဖွဲ့အစည်းတခုဖြစ်သော မြန်မာနိုင်ငံ လုံးဆိုင်ရာ ဒီမိုကရက်တစ် လူရှိုင်းအမျိုးသမီးများအဖွဲ့ (ABDLWO) သည် CWO ဖြစ်ခဲ့သည့် အကြောင်းရင်းများကဲ့သို့ပင်နှစ်ခြမ်း ကွဲသွားခဲ့သည်။ အလားတူစွာပင် အုပ်စုတစုသည် ဒေလီတွင်

အခြေစိုက်၍ တခြားတအုပ်စုက မီဇိုရမ်တွင် အခြေစိုက်ခဲ့သည်။ အုပ်စုနှစ်စုစလုံးက တရားဝင်အဖွဲ့အစည်းကိုယ်စားပြုမှု တခုတည်းထားရှိရန်ကိုသာ အခိုင်အမာပြော ဆိုခဲ့ကြသည်။ ၂၀၀၁ ခုနှစ်ဇန်နဝါရီလတွင် ကျင်းပသော WLB ၏ ပထမအကြိမ်ညီလာခံက ယင်းအုပ်စု နှစ်စုအကြားမည်သူက ကိုယ်စားလှယ်ဖြစ်သင့်သည်ဟူသော သဘောတူညီချက် ရသည့်အချိန်အထိ သဘာပတိအဖွဲ့တွင် ABDLWO ကိုယ်စားပြုမှုကို ရပ်ဆိုင်းထားမည်ဟု ဆုံးဖြတ်ခဲ့သည်။ သို့သော် အုပ်စုနှစ်စု စလုံးက သဘောတူညီချက် တစုံတရာရရှိခဲ့ခြင်းမရှိသဖြင့် ၂၀၀၃ ခုနှစ် သဘာပတိအဖွဲ့အစည်းအဝေးက ၎င်းတို့ကို အချိန်အကန့် အသတ်မရှိ အဖွဲ့ဝင်အဖြစ်မှ ရပ်ဆိုင်းခဲ့သည်။

ထိုအစည်းအဝေးတွင်ပင် ပလောင်အမျိုးသမီးအဖွဲ့ (PWO) နှင့် ကူကီးအမျိုးသမီးများဆိုင်ရာလူ့အခွင့်အရေး အစည်းအရုံး (KWHRO) နှစ်ဖွဲ့ကို အဖွဲ့ချုပ်၏ အဖွဲ့ဝင်အဖွဲ့အစည်းများအဖြစ်လက်ခံခဲ့သည်။ ပလောင်အမျိုးသမီးအဖွဲ့ကို တည်ထောင်သူတဦးဖြစ်သူ လွေးအေးနန်းသည်ဒုတိယအကြိမ်မြောက် မျက်နှာစုံညီအစည်းအဝေးသို့ လေ့လာသူအဖြစ် တက်ရောက်ခဲ့ ပြီးနောက်PWO ကို ထိုင်းနိုင်ငံ မဲဆောက်မြို့တွင် ၂၀၀၀ ခုနှစ်၌ ဖွဲ့စည်းခဲ့သည်။ Burma Relief Centre တွင်အလုပ်လုပ်ကိုင်နေသော တခြားပလောင်အမျိုးသမီးဖြစ်သူကလည်း ပလောင်အမျိုးသမီးအဖွဲ့ တဖွဲ့ဖွဲ့စည်းရေးကို စိတ်ဝင်စားခဲ့သည်။ ၂၀၀၀ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ ပလောင်အမျိုးသမီးများ ပို၍ရောက်လာခဲ့ကြပြီး ထိုနှစ် နှောင်းပိုင်းတွင်ပင် PWO ကို ပလောင် အမျိုးသမီးများမှ အတူကတွ တည်ထောင်ခဲ့ကြသည်။ PWO တည်ထောင်သူများက အဖွဲ့ချုပ်သို့ တည်ထောင်ပြီးပြီးချင်း အဖွဲ့ဝင်အဖြစ်မလျှောက်ထားကြပေ။ အဖွဲ့ချုပ်အတွင်း တက်တက်ကြွကြွ ပါဝင်မှုရှိနိုင်ရန် ၎င်းတို့အဖွဲ့အစည်း ခိုင်မာလာစေရန် ပထမအဆင့် တည်ဆောက်လိုခြင်းကြောင့် ဖြစ်သည်။ ၂၀၀၃ ခုနှစ် အဆင့်သင့်ဖြစ်ပြီဟုယူဆသည့်အချိန်တွင် KWO နှင့် BWU တို့ က အဖွဲ့ဝင်လျှောက်ထားမှုတွင် ထောက်ခံပေးခဲ့သည်။

ကူကီးအမျိုးသမီးဆိုင်ရာ လူ့အခွင့်အရေးအစည်းအရုံး (KWHRO) ကို အိန္ဒိယအရှေ့မြောက်မဏိပူပြည်နယ်တွင် ၂၀၀၀ ခုနှစ်၌ တည်ထောင်ခဲ့သည်။ ကူကီးနှင့် ချင်းလူမျိုးများသည် တိုင်းရင်းသားမျိုးနွယ်အရ ဆက်စပ်သည်။ သို့သော် ကူကီးအမျိုးသမီးများက ၎င်းင်းတို့ကိုယ်ပိုင် အဖွဲ့အစည်းဖွဲ့လိုကြခဲ့သည်။ ကူကီးအမျိုးသမီးဆိုင်ရာ လူ့အခွင့်အရေး အစည်းအရုံးသည် အိန္ဒိယ – မြန်မာနယ်စပ်အခြေပြု လက်နက်ကိုင်တော်လှန်ရေးအုပ်စုတခုဖြစ်သည့် ကူကီးအမျိုးသားတပ်မတော် ခေါင်းဆောင်

မှုဖြင့် နီးနီးကပ်ကပ်ဆက်ဆံရေးရှိသည်။ ယခုအချိန်တွင် အဖွဲ့ဝင် တချို့သည် ဒေလီတွင် နေထိုင်၍ တခြားအဖွဲ့ဝင်များက မဏိပူပြည်နယ်တွင် ဆက်လက် တည်ရှိကြပြီး ဝင်ငွေဖန်တီးမှု လုပ်ငန်းသည် ၎င်းတို့၏ အဓိက ဦးစားပေးလုပ်ငန်းများအနက် တခုဖြစ်သည်။

နောက်ပိုင်းနှစ်များတွင် ချင်းအမျိုးသမီးအဖွဲ့အစည်းများစွာ ဖွဲ့စည်းခဲ့သည်။ ချင်းပြည်နယ်သည် တောတောင် ထူထပ်သောဒေသ ဖြစ်သည့်အပြင် လမ်းပန်းဆက်သွယ်ရေး အားနည်းခက်ခဲသော ဒေသ တခုလည်းဖြစ်သည်။ ဒေသတခုစီတွင် သက်ဆိုင်ရာ ဒေသသုံးဘာသာစကား ရှိကြသည်။ ချင်းပြည်နယ် နေရာအနှံ့အပြားမှ အမျိုးသမီးများသည် လုံခြုံမှုနှင့် အလုပ်အကိုင်ရှာရန်အတွက် အိန္ဒိယနိုင်ငံ သို့ လာရောက်နေကြခဲဖြစ်ကာ ဒေသသုံးဘာသာစကားနှင့် တည်နေရာကိုလိုက်၍ စုစည်းကြသည်။

၂၀၀၄ ခုနှစ် ဒီဇင်ဘာလတွင် ချင်းအမျိုးသမီးအဖွဲ့များစွာ စုပေါင်း၍ ချင်းလဲန်းအမျိုးသမီးများ အဖွဲ့ချုပ် (Women's League of Chinland) ကို ဖွဲ့စည်းခဲ့သည်။ အိန္ဒိယ – မြန်မာနယ်စပ် အခြေပြု ချင်းအမျိုးသားတပ်ဦး/ ချင်းအမျိုးသား တပ်မတော်၏ အတူတကွလုပ်ဆောင်ကြရန် အားပေးမှုကြောင့်လည်း ပါဝင်ခဲ့သည်။ ထိုအချိန်က ချင်းလဲန်းအမျိုး သမီးများအဖွဲ့ချုပ်တွင် အောက် ဖော်ပြပါ အဖွဲ့များသည် အဖွဲ့ဝင်အဖွဲ့အစည်းများ ဖြစ်ခဲ့ကြသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ ဒီမိုကရက်တစ် လူငယ်ချင်းအမျိုးသမီးများအဖွဲ့၊ ပြည်မချင်းအမျိုးသမီးများအဖွဲ့၊ ချင်းအမျိုးသမီးများ အဖွဲ့ (ဒေလီ)၊ ချင်းအမျိုးသမီးသမဂ္ဂ၊ မတူအမျိုးသမီးများသမဂ္ဂ၊ ဇိုမီးအမျိုးသမီးသမဂ္ဂ၊ မရာအမျိုး သမီးများအသင်း၊ ခမီအမျိုးသမီးများ အဆင့်အတန်းတိုးတက်မြင့်မားရေးအဖွဲ့၊ ဇိုတောင်အမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကွန်ယက်တို့ ဖြစ်ကြသည်။ လိုင်အမျိုးသမီး တိုးတက်ရေး အစည်းအရုံး သည် ၂၀၀၇ ခုနှစ်တွင် ပူပေါင်းပါဝင်ခဲ့သည်။

၂၀၀၈ ခုနှစ် ချင်းလဲန်းအမျိုးသမီးများအဖွဲ့ချုပ် (WLC) မှ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သို့ အဖွဲ့ဝင်အဖြစ် လျှောက်ထားခဲ့သည်။ ၎င်းတို့၏ ရည်မှန်းချက်များ၊ လုပ်ငန်းများနှင့် ပတ်သက်၍ သတင်း အချက်အလက် ပိုမိုသိရှိ နိုင်ရန်အတွက် WLB မှ အဖွဲ့ဝင်အမျိုးသမီးများပါသော ကိုယ်စားလှယ် အဖွဲ့က သွားရောက်လည်ပတ်ခဲ့သည်။ ထို့နောက် ၂၀၀၉ ခုနှစ်တွင် အဖွဲ့ဝင်အဖြစ် လက်ခံခဲ့သည်။ သို့သော်ငြား ၂၀၁၀ မတ်လအထိ ချင်းပြည် အမျိုးသမီးများ အဖွဲ့ချုပ်သည် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၏ သဘာပတိအဖွဲ့တွင် တာဝန်ယူရန် ကိုယ်စားလှယ် တင်သွင်းလာခြင်း မရှိသေးပေ။

အဘယ်ကြောင့်ဆိုသော် WLC အတွင်း WLB တွင် ၎င်းင်းတို့ ပါဝင်ရန် သင့် မသင့်နှင့် မည်သည့် သဘောတူညီချက်များအပေါ်တွင် အခြေခံ ရမည်ဆိုသည်နှင့် ပတ်သက်၍ သဘောထားများ မတူကွဲပြားမှုများရှိနေကြခြင်းကြောင့် ဖြစ်သည်။ ရလဒ်အဖြစ် ၂၀၁၀ ဧပြီလ အဖွဲ့ချုပ်၏ သဘာပတိ အစည်းအဝေးတွင် WLC အား အဖွဲ့ဝင်ဖြစ်မှုမှ ရပ်ဆိုင်းခဲ့သည်။ အနာဂတ်တွင် WLC ပြန်လည်ဝင်ရောက်မည့် အခြေအနေကို ဦးတည်စေသည့် နောက်ထပ် ဆွေးနွေးမှုများရှိလာမည်ဟု မျှော်လင့်ထားရသည်။

တချိန်တည်းတွင် ကယန်းအမျိုးသမီးအဖွဲ့သည် အဖွဲ့ဝင်အဖြစ် နှစ်ကြိမ်လျှောက်တင်ခဲ့သော်လည်း ၂၀၁၀ ခုနှစ်အထိ လက်ခံခြင်းမရှိသေးပေ။ ကယန်းအမျိုးသမီးများက WLB ဒုတိယ သတ်တမ်း အတွင်း ပထမအကြိမ် လျှောက်ထားခဲ့သည်။ သို့သော် စံသတ်မှတ်ချက်များ အားလုံးနှင့် ကိုက်ညီခြင်း မရှိခဲ့ပေ။ ၂၀၀၇ ခုနှစ်တွင် အဖွဲ့အစည်းကို ပြန်လည်ဖွဲ့စည်းခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် နောက်တကြိမ် ထပ်မံလျှောက်ထားခဲ့သည်။ သို့သော် ထိုအဖွဲ့သည် အဖွဲ့သက်တမ်း (၂) နှစ် မပြည့်မှီသေးသည့် အပြင် လုပ်ငန်းများနှင့်ပတ်သက်၍လည်း အကန့်အသတ်မျှသာ ရှိသေးသည်ဟု သဘာပတိ အဖွဲ့က သတိပြုမိခဲ့သည်။

၂၀၀၉ ခုနှစ် အစောပိုင်းတွင် လားဟူအမျိုးသမီးအဖွဲ့အစည်းအတွင်း စည်းရုံးမှုပြိုကွဲမှုများ ရှိခဲ့သောကြောင့် သဘာပတိအဖွဲ့က အဖွဲ့ဝင်များပြန်လည်ညီညွတ်မှုမရှိသေးသည့်အချိန်အထိ အဖွဲ့ဝင်အဖြစ်မှ ယာယီ ရပ်ဆိုင်းထားရန် ဆုံးဖြတ်ခဲ့သည်။ လားဟူအမျိုးသမီးများ ပြန်လည် ပေါင်းဖွဲ့နိုင်ခဲ့သဖြင့် အဖွဲ့ဝင်အဖြစ်မှ ရပ်ဆိုင်းမှု ဆုံးဖြတ်ချက်ကို ပြန်လည်ရုပ်သိမ်းခဲ့သည်။

၂၀၁၀ ခုနှစ် ဧပြီလအထိ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) တွင် အဖွဲ့ဝင် အဖွဲ့အစည်း ၁၂ ဖွဲ့ ရှိသည်။ ထိုအဖွဲ့များမှာ မြန်မာ့အမျိုးသမီးများသမဂ္ဂ၊ ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ)၊ ကရင်အမျိုးသမီး အစည်းအရုံး၊ ကရင်နီအမျိုးသမီးအစည်းအရုံး၊ ကူကီးအမျိုးသမီးဆိုင်ရာလူ့အခွင့်အရေးအစည်းအရုံး၊ လားဟူ အမျိုးသမီးအဖွဲ့၊ ပလောင်အမျိုးသမီးအစည်း အရုံး၊ ပအို့ဝ်အမျိုးသမီးသမဂ္ဂ၊ ရခိုင်အမျိုးသမီးအစည်းအရုံး၊ ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ် လှုပ်ရှားဆောင်ရွက်ရေးအသင်း၊ ထားဝယ်အမျိုးသမီးသမဂ္ဂနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာနှင့် အခွင့်အရေးများဆိုင်ရာအဖွဲ့တို့ဖြစ်သည်။

# လှုပ်ရှားမှုအတွင်း တခြားအဖွဲ့အစည်းများနှင့် ဆက်ဆံမှု

## တခြားအမျိုးသမီးအုပ်စုများ၊ အမျိုးသမီးလုပ်ငန်း အစီအစဉ်များဖြင့် ဆက်ဆံရေး








အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)သည် တခြားအမျိုးသမီးအုပ်စုများ၊ တခြားအဖွဲ့အစည်းပုံစံမျိုးစုံမှ အဖွဲ့ဝင် အမျိုးသမီးများဖြင့် ဆက်ဆံရေး တည်ဆောက်ရန် အမြဲတစေ အားထုတ်လာခဲ့သည်။ အဖွဲ့ချုပ်၏ လုပ်ငန်း အစီအစဉ်များ၊ လှုပ်ရှားမှုများတွင် ပူပေါင်းပါဝင်ရန်လည်း စဉ်ဆက်မပြတ် ကြိုးဆိုလာခဲ့သည်။ အထူးသဖြင့် WLB အဖွဲ့ဝင်မဟုတ်သော အဖွဲ့အစည်း များမှ အမျိုးသမီးများသည် WLB ၏ အမျိုးသမီးများ အကြမ်းဖက်မှုဆန့် ကျင်ရေးလုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း လုပ်ငန်းစဉ်များ တွင် ပါဝင်ဆောင်ရွက်နေကြဆဲဖြစ်သည်။ နှစ်စဉ်အလိုက် ကျင်းပသော နိုင်ငံတကာအမျိုးသမီးများနေ့၊ ဒေါ်အောင်ဆန်းစုကြည်မွေးနေ့နှင့် တခြား အခမ်းအနားများ တက်ရောက်ရန်လည်း အဖွဲ့ချုပ်က ဖိတ်ကြားလေ့ရှိ သည်။ ထိုကဲ့သို့ အခမ်းအနားများသည် ထိုင်းနိုင်ငံနှင့် အိန္ဒိယနှစ်နိုင်ငံ စလုံးတွင် ကျင်းပကြသည်။ WLB တွင် အဖွဲ့ဝင်အဖြစ် မလျှောက်ထားကြ သော အဖွဲ့အစည်းများနှင့် WLB မှ အဖွဲ့ဝင်အဖြစ် ရပ်ဆိုင်းထားသော အဖွဲ့အစည်းများမှ အမျိုးသမီးများသည်ပင် WLB မှ တာဝန် ယူဆောင်ရွက် သော လှုပ်ရှားမှုများစွာတွင် ပူးပေါင်းပါဝင်ကြသည်ကို အထူးသတိထားမိ သည်။ WLB အဖွဲ့ချုပ်ဝင် အမျိုးသမီးအဖွဲ့အစည်းများနှင့် တခြားအမျိုးသမီးအဖွဲ့အစည်းများမှ အမျိုးသမီးများသည် တဦးနှင့်တဦးအကြား အပြန်အလှန်ဆောင်ရွက်နိုင်သည့် အခွင့်အရေးကို တန်ဖိုးထားသကဲ့သို့ ထိရောက်သော ပူးပေါင်း ဆောင်ရွက်မှုရှိရေး မည်သို့လုပ်ဆောင်ရမည်ကိုလည်း တန်ဖိုးထား လေ့လာကြသည်။

## နိုင်ငံရေးအဖွဲ့အစည်းများ၊ မဟာမိတ်အဖွဲ့ချုပ်များနှင့် ဆက်ဆံရေး

**"ကျမတို့ချည်းသက်သက်ပြောမယ်ဆိုရင် လှုပ်ရှားမှုထဲက အမျိုးသားတွေက ကျမတို့ ပြောတာကို ဘယ်တော့မှ နားထောင်မှာ မဟုတ်ပါဘူး။ ကျမတို့အားလုံး အတူတကွဆောင်ရွက်မယ်ဆိုရင်တော့ သူတို့နားထောင်လာအောင် ကျမတို့ ဆောင်ရွက်နိုင်မှာပါ။" – မြရာဇာလင်း**







အဖွဲ့ချုပ်တည်ထောင်အပြီး (၂) နှစ်အကြာတွင် WLB ကို မဟာဗျူဟာဆွေးနွေးပွဲများ၊ ကျယ်ပြန့်သော နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ရန် ပုံမှန်ဖိတ်ကြားခံနေရသည်။ WLB သည် အဆင့်မြင့် ဆွေးနွေးပွဲများတွင် ပါဝင်ခွင့်ရရန် တွန်းအားပေးခဲ့ရသလို ၎င်း၏ နိုင်ငံရေးအားကို ပြသရန်အတွက်လည်း အပတ်တကုတ် ကြိုးပမ်းခဲ့ရသည်။ WLB သည် နိုင်ငံတကာအဆင့်စည်းရုံးလှုံ့ဆော်မှုများတွင် ၎င်း၏ လုပ်နိုင်စွမ်းကို အထူးတလှယ် အောင်အောင်မြင်မြင်ဖြင့် ပြသနိုင်နေဆဲဖြစ်သည်။ WLB ကိုယ်စားလှယ်များသည် အစိုးရခေါင်းဆောင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ကိုယ်စားလှယ်များနှင့် ထိတွေ့ဆောင်ရွက်နိုင်သည်။ အချိန်ကာလကြာ လာသည်နှင့်အမျှ WLB ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံတွင် အမျိုးသမီးများ ခံစားနေရသော ချိုးဖောက်မှုများကိုသာ ဆွေးနွေးနိုင်သည်သာမကဘဲ မြန်မာနိုင်ငံ၏ နိုင်ငံရေးကိစ္စရပ်များ အားလုံးကိုပါ လိမ္မာပါးနပ်စွာ ပြောဆိုလာနိုင်အထိ တိုးတက်လာခဲ့သည်။ ထို့အပြင် အမျိုးသား နိုင်ငံရေးသမားများအနေဖြင့် အလှူရှင်နှင့် နိုင်ငံတကာ အသိုင်းအဝန်းသည် အမျိုးသမီးများ၏ ပါဝင်မှုကို ယေဘုယျအားဖြင့် မျှော်လင့်ထားကြသည်ကို သဘောပေါက်





နားလည်လာသည်။ ထိုအကြောင်းရင်း များစွာ၏ ရလဒ်အဖြစ် WLB သည် အဓိက ဆုံးဖြတ်ချက်ချသော လုပ်ငန်းစဉ်များတွင် မရှိမဖြစ်ပါဝင်ရမည့် အဖွဲ့အစည်း တခုအဖြစ် အသိအမှတ်ပြုလာရသည်။ သို့သော်ငြားလည်း အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုကို တန်ဖိုးမထားနိုင်သေးသည့် အမျိုးသားတချို့လည်း ရှိနေသေးသည်။ တချို့ဖြစ်ရပ်များတွင် WLB သည် အရေးကြီးသော နိုင်ငံရေး သဘောတူညီချက်များတွင် အမျိုးသမီးအခွင့်အရေးနှင့် သက်ဆိုင်သော ဘာသာစကား ထည့်သွင်းရန် အမျိုးသား နိုင်ငံရေးသမားများကို စည်းရုံးသိမ်းသွင်းနိုင်သော်ငြားလည်း တခါတရံတွင်အတင်းအကြပ်ဖိအားသုံးရသည်များလည်းရှိသည်။ WLB အဖွဲ့ဝင်များသည် အဖွဲ့ဝင်များ၏ စွမ်းရည်ဖွံ့ဖြိုးတိုးတက်လာစေရန် လုပ်ငန်းများ ဆထက်ထမ်းပိုး၍ ဆောင်ရွက်နေဆဲဖြစ်သည်။ ထိုမှသာ မြန်မာနိုင်ငံအတွင်း နိုင်ငံရေးအပြောင်းအလဲ ဖြစ်ပေါ်လာစေရေး၊ နိုင်ငံတော်အဆင့် ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းများနှင့် အသွင်ကူးပြောင်းရေး အစီအစဉ်များတွင် ၎င်းတို့ပိုင် အတွေးအခေါ်များကို မိတ်ဆက်ပေးနိုင်မည်ဖြစ်သည်။

## အောင်မြင်မှုများနှင့် စိန်ခေါ်ချက်များ

WLB တည်ထောင်ရန်အတွက် ဦးတည်နေသော ကာလများတွင် စိန်ခေါ်ချက်များ ရှိခဲ့သော်လည်း ဆယ်နှစ်တာ အကြာတွင် အဖွဲ့ဝင်အဖွဲ့အစည်းများအကြား ကျစ်လစ်ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်မှုနှင့်အတူ အဖွဲ့ချုပ်ကို အစီအစဉ်ကျစွာ တည်ဆောက်ထားနိုင်ပြီ ဖြစ်သည်။ WLB သည် မတူညီသော မျိုးဆက်သစ်များ၊ တိုင်းရင်းသား လူမျိုးများနှင့် ဘဝဖြတ်သန်းမှုမတူညီသော အမျိုးသမီးများစွာကို လက်တွဲခေါ်ယူ ဖေါ်ထုတ်နိုင်ခဲ့သည်။ အမျိုးသမီးများအကြား တဦးနှင့်တဦး အပြန်အလှန်နားလည်မှုနှင့် မည်သူတဦးတဖွဲ့က လွှမ်းမိုးချုပ်ကိုင်ခြင်း မရှိရစေရန် ပါဝင်သူ အမျိုးသမီးများက အပတ်တကုတ်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသဖြင့် WLB သည် အမျိုးသားများ ထိန်းချုပ်သော အဖွဲ့အစည်းများ အဖြစ်မှ သီးခြားလွတ်လပ်စွာ လည်ပတ်လာနိုင်ပြီ ဖြစ်သည်။

WLB သည် အမျိုးသမီးများ ပါဝင်လုပ်ဆောင်နိုင်သော အခင်းအကျင်းတခုကို ဖန်တီးထားသည်။ အမျိုးသမီးအဖွဲ့များသည် WLB တွင် ပါဝင်လိုကြသည်။ အဖွဲ့ချုပ်တွင် ပါဝင်ခြင်းဖြင့် တခြားအဖွဲ့ဝင်အဖွဲ့အစည်းများထံမှ အသိပညာများ၊ အတွေ့အကြုံများအပြင် စိတ်ဓာတ်ခွန်အားတက်ကြွသူ အမျိုးသမီးများဖြင့် အတူတကွ လက်တွဲ လုပ်ဆောင်ခြင်းဖြင့် ရရှိလာသော စွမ်းအားများအပါအဝင် အကျိုးကျေးဇူးများစွာ ရရှိသည်ကိုလည်း မြင်တွေ့လာကြသည်။

**"အားလုံးရဲ့ ကြိုးပမ်းအားထုတ်မှုတွေကို ကျမတို့ ချီးကျူးသင့်ပါတယ်။ တန်ဖိုးထားကြိုဆိုသင့်ပါတယ်။ WLB တည်ရှိမှုက အခုဆိုရင် လွယ်လွယ်နဲ့ ဖြိုခွဲလို့မရတော့တဲ့ ခိုင်မာအားကောင်းတဲ့အဆင့်ကို ရောက်နေပါပြီ။" – ခင်ဦးမွှာ**

အဖွဲ့ချုပ်၏ ပထမ (၁၀) နှစ်သက်တမ်းအတွင်း အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)သည် လုပ်ငန်းစဉ်သုံးရပ်ကို အာရုံစိုက် လုပ်ဆောင်ခဲ့သည်။ ၎င်းဦးစားပေးလုပ်ငန်းများကို ကိုင်တွယ်ရန်အတွက် လုပ်ငန်းအစီအစဉ်များ ဖော်ထုတ်ဆောင်ရွက်ခြင်းနှင့် စည်းရုံးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ ရည်မှန်းချက် (၃) ရပ်မှာ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးကို မြှင့်တင်ဆောင်ရွက်ရန်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို ရပ်တန့်ရန်နှင့် အမျိုးသမီးများနိုင်ငံရေး အခရ



လုပ်ပိုင်ခွင့်များ ပိုမိုရရှိလာစေရန်တို့ ဖြစ်ပါသည်။ အဖွဲ့ချုပ်သည် စိန်ခေါ်မှုရှိသော ၎င်းလုပ်ငန်းများ အားလုံးတွင် တိုးတက်မှုတချို့ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပြီး၊ အနာဂတ်တွင် ယင်းရည်မှန်းချက်များကို အမိအရဖမ်းဆုပ်ရန်အတွက် ဆက်လက်ဆောင်ရွက်သွားရန် ရည်ရွယ်ထားသည်။


မြန်မာနိုင်ငံမှ အမျိုးသမီးများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အဆင့်တိုင်းတွင် တက်တက်ကြွကြွ ပါဝင်နိုင်၊ ပါဝင်သင့် သည်ဟု WLB က ယုံကြည်သည်။ ရဝမ်ဒါနိုင်ငံနှင့် ဆူဒန်တိုင်းပြည်များတွင် ဆောင်ရွက်ခဲ့သော ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းများတွင် ပါဝင်ခဲ့ကြသော အမျိုးသမီး များ၏ အခန်းကဏ္ဍက အဖွဲ့ချုပ်ဝင် အမျိုးသမီးများကို အထူးတလှယ် ခွန်အားဖြစ်စေခဲ့သည်။ WLB အဖွဲ့ဝင် အမျိုးသမီးများသည် ထိုနှစ်နိုင်ငံစလုံးမှ ငြိမ်းချမ်းရေး တည်ဆောက်သူ အမျိုးသမီး များနှင့်ဆုံတွေ့နိုင်သည့် အခွင့်အလမ်းရရှိခဲ့သည်။ WLB တွင် ယခုအချိန်အထိ အဓိက အာရုံ စိုက်လုပ်ဆောင်နေမှုတခုမှာ လူမှုအသိုင်းအဝိုင်းအတွင်းတွင် ငြိမ်းချမ်းရေးတည်ဆောက်သူများ အဖြစ် အမျိုးသမီးများကို လေ့ကျင့်သင်တန်းပေးခြင်းဖြစ်သည်။ အနာဂတ်တွင် အဆင့်မြင့် ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းများတွင် ဦးဆောင်မှုနေရာ အရယူနိုင်ရန်အတွက် WLB သည်






အမျိုးသမီးများ၏ စွမ်းဆောင်ရည်များကို ဖွံ့ဖြိုးတိုးတက်လာစေရန် အားဖြည့်ပေးနိုင်မည် ဖြစ်သည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ရပ်တန့်စေရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်က ခွင့်ပြုထားသော အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ၏ စနစ်တကျရှိမှုနှင့် ကျယ်ပြန့်မှုသဘာဝကို မှတ်တမ်းတင်ထားသော အစီရင်ခံစာများစွာနှင့် မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ လိုအပ်ချက်နှင့် တန်းတူမှု မရှိခြင်းများအပေါ် သုံးသပ်ထားသော အစီရင်ခံစာများကိုလည်း ထုတ်ဝေခဲ့ပြီးဖြစ်သည်။ ကုလသမဂ္ဂအစည်းအဝေးများနှင့် တခြားဖိုရမ်အစည်းအဝေးများတွင် ကျယ်ပြန့်သော နိုင်ငံတကာအဆင့် စည်းရုံးလှုံ့ဆော်မှုများအတွက် အဖွဲ့ချုပ်သည် သက်ဆိုင်ရာဒေသများအလိုက် အလားတူဖြစ်ရပ်များကို မှတ်တမ်းတင်ထားသော အဖွဲ့ဝင်အဖွဲ့အစည်းများ၏ အစီရင်ခံစာများအပေါ် အားပြုလုပ်ဆောင်ခဲ့သည်။ မြန်မာနိုင်ငံတွင် နိုင်ငံတော်က ခွင့်ပြုသော အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ဆက်လက်ဖြစ်ပေါ်နေသည်နှင့်အမျှ ၎င်းပြဿနာဖြစ်ပေါ်နေခြင်းကို နိုင်ငံတကာ




က ယခုအချိန်တွင် ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြု လက်ခံထားပြီး ကျူးလွန်သူများကို တရားဥပဒေရှေ့မှောက် ခေါ်ယူနိုင်သော ဖြစ်နိုင်ချေများကို စဉ်းစားနေကြပြီ ဖြစ်သည်။ WLB ၏ အမျိုးသမီးများ အကြမ်းဖက်မှု ဆန့်ကျင်ရေးလုပ်ငန်းစဉ်မှ အိမ်တွင်းအကြမ်းဖက်မှု ပြဿနာကိုလည်း ကိုင်တွယ်ဖြေရှင်းပေးသည်။ အိမ်တွင်းအကြမ်းဖက်မှုကို ခံစားရသော အမျိုးသမီးများကို အကူအညီပေးမှုများလည်းရှိသည်။ WLB အဖွဲ့ဝင်များတည်ရှိသော လူမှုအသိုင်းအဝန်းရှိ အမျိုးသမီးနှင့် အမျိုးသားများသည် ၎င်းကိစ္စရပ်များနှင့် သက်ဆိုင်သော နိုင်ငံတကာ စံသတ်မှတ်ချက်များကို ယခုအချိန်တွင် ပိုမိုသိရှိနေကြပြီ ဖြစ်သည်။

အမျိုးသမီးများကို နိုင်ငံရေးအရ လုပ်ပိုင်ခွင့်ပေးခြင်းလုပ်ငန်းအစီအစဉ်တွင် အမျိုးသားနှင့် အမျိုးသမီးများ၏ အမြင်သဘောထားများ ပြောင်းလဲပစ်ခြင်း၊ နိုင်ငံရေးတွင် အမျိုးသမီး ပါဝင်နိုင်ရန် အတွက် အခင်းအကျင်းများ ဖန်တီးပေးခြင်းနှင့် အမျိုးသမီးများ၏ အသိပညာနှင့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ခြင်းတို့ ပါဝင်သည်။ အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)သည် ၎င်းတို့

လက်လှမ်းမှီသော လူမှုအသိုင်းအဝန်းအတွင်းရှိ အမျိုးသားနှင့် အမျိုးသမီးများကို အမျိုးသမီးများသည် အမျိုးသားများတန်းတူ နိုင်ငံရေးအဆင့်အားလုံးတွင် တန်းတူပါဝင်သင့်သည် ဟူ၍ စည်းရုံးမှုများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခဲ့သည်။ ကျွန်ုပ်တို့၏ အခွင့်အရေးများကို ရေးဆွဲခြင်း စာတမ်းငယ်တစောင်နှင့် ကျားမတန်းတူရေးအပေါ် သဘောထားရပ်တည်ချက် မူဝါဒစာတမ်းရှည်တို့ကို အဖွဲ့ချုပ်က ထုတ်ဝေခဲ့သည်။ ထိုမူဝါဒ စာတမ်းများတွင် အခြေခံဥပဒေဆိုင်ရာ လုပ်ငန်းယန္တရားနှင့် အတိအကျ သတ်မှတ်ထားသော ကိုတာစနစ်များက ကျားမတန်းတူရှိရေးအတွက် မည်သို့အထောက်အကူဖြစ်စေသည်ကို ရှင်းလင်းထားသည်။ မဆုတ်မနစ် အားထုတ်မှုများကြောင့် WLB သည် ကျားမတန်းတူရေးဟူသော ဝေါဟာရတရပ် ဖော်ပြလာနိုင်ခဲ့သည့်အပြင် မြန်မာနိုင်ငံအတွက် အတိုက်အခံများက မူကြမ်းရေးဆွဲထားသည့် အခြေခံဥပဒေတွင် အမျိုးသားပါလီမန်၌ အမျိုးသမီးကိုယ်စားပြုမှု အနဲဆုံး (၃၀) ရာခိုင်နှုန်းပါဝင်ရမည်ဟူသော ဥပဒေကို ထည့်သွင်းထားနိုင်ခဲ့သည်။

လုပ်ငန်းအစီအစဉ်အား အပြည့်အဝအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်နှင့် နိုင်ငံရေးလုပ်ငန်းများအတွက် အမျိုးသမီးများကို ပြင်ဆင်ပေးရန် WLB သည် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းတွင် အရင်းအမြစ်နှင့် အချိန်များစွာ စိုက်ထုတ်ခဲ့သည်။ ယနေ့ မြန်မာနိုင်ငံတွင် ပညာရေးစနစ်နိမ့်ကျနေသောကြောင့် တိုင်းပြည်အတွင်းရှိ အမျိုးသမီးများသည် အဆင့်မြင့်ပညာရေး (သို့မဟုတ်) တခြားသက်ဆိုင်ရာပညာရေး အခွင့်အလမ်းများ ရယူသင်ကြားနိုင်ခြင်း မရှိကြသဖြင့် စွမ်းရည်မြှင့်တင်ခြင်းလုပ်ငန်းကို အောက်ခြေအဆင့်မှစ၍ ဆောင်ရွက်ထားသည်။ WLB သည် အဖွဲ့ချုပ်ရုံးတွင် အလုပ်သင် အစီအစဉ်တခုကို အကောင်အထည်ဖော် ဆောင်ရွက်သည်။ ထိုအစီအစဉ်တွင် နိုင်ငံခြားသား လုပ်အားပေးများနှင့် လေ့ကျင့်သင်တန်းပေးသူများကို ခေါ်ယူ၍ အထူးစိတ်ဝင်စားသည့် အတတ်ပညာများ ရရှိရေး ကူညီပေးခြင်း၊ အဖွဲ့ဝင်အဖွဲ့အစည်းများမှ အမျိုးသမီးများအတွက် ခြောက်လတာ နိုင်ငံရေးစွမ်းရည်မြင့်မားရေး သင်တန်းများကို အခါအားလျော်စွာဆောင်ရွက်ပေးခြင်းနှင့် အဖွဲ့ဝင်အဖွဲ့အစည်းများအတွင်း ၎င်းတို့ကိုယ်ပိုင် အလုပ်သင်အစီအစဉ်များ ဆောင်ရွက်နိုင်ရန်အတွက် ဘဏ္ဍာငွေ ထောက်ပံ့ပေးခြင်းတို့ လုပ်ဆောင်ပေးသည်။ သက်ဆိုင်ရာအကြောင်းအရာတခုချင်းစီအလိုက် အတတ်ပညာ (သို့မဟုတ်) အသိပညာရရှိစေရန်အတွက်

WLB သည် အလုပ်ရုံဆွေးနွေးပွဲများစွာနှင့် ရက်တိုသင်တန်းများစွာကိုလည်း စီစဉ်ဆောင်ရွက်ခဲ့သည်။



WLB သည် အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အလေးပေးဆောင်ရွက်သည်။ အဖွဲ့ချုပ်သည် ၂၀၀၆ ခုနှစ်တွင် ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းတခု လုပ်ဆောင်ခဲ့သည်။ ထိုအချိန်မှစ၍ အဖွဲ့ချုပ်၏ စီမံခန့်ခွဲမှုများနှင့် စွမ်းဆောင်ရည်များ တဖြည်းဖြည်း တိုးတက် ကောင်းမွန်လာနေသည်။ အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်တခုတည်းကို ဦးတည်သော မဟာဗျူဟာအလုပ်ရုံဆွေးနွေးပွဲများကို (၄) ကြိမ်နှင့် (၅) ကြိမ်မြောက် ညီလာခံမတိုင်ခင် ကျင်းပခဲ့သည်။ အဖွဲ့ချုပ်သည် အဖွဲ့ဝင်အဖွဲ့အစည်းများ၏ အဆင့်နှင့် လုပ်နိုင်စွမ်းကို တန်းတူ ဖြစ်လာစေရေးအတွက် သံဓိဌာန်ချမှတ်ထားသည်။ သို့သော် ထိုသို့ ဖြစ်လာရန်အတွက် အချိန်နှင့် ဖွဲ့များစွာရှိရန်လိုအပ်သည်။ မည်သို့ ပင်ဆိုစေ အမျိုးသမီးများအဆင့်အတန်းတိုးတက်လာစေရန် သံဓိဌာန်ကပင် WLB ရှေ့ဆက်လှမ်းရန် ဆက်လက် သယ်ပိုးပေးထားဆဲ ဖြစ်သည်။

ကျမတို့မှာ အရင်းအမြစ် အကန့်အသတ်၊ လွတ်လပ်စွာ လှုပ်ရှားသွားလာနိုင်ခွင့် အကန့်အသတ်
တွေရှိပါတယ်။ ဒါပေမယ့် ကျမတို့ ဒီအထက် လျှောက်လှမ်းနိုင်ခဲ့ပါပြီ။

– နန်းလောဝ်လျှန်းဝမ်း (ငွေငွေ) SWAN




အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)သည် ၎င်း၏လုပ်ငန်းများအတွက် ဆု (၃) ဆု ချီးမြှင့်ခြင်း ခံခဲ့ရသည်။ ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း (SWAN) နှင့်အတူ တွဲဖက်၍ Peter Gruber Foundation အဖွဲ့၏ အမျိုးသမီး အခွင့်အရေးဆုကို ၂၀၀၅ ခုနှစ်တွင် ချီးမြှင့်ခံခဲ့ရသည်။ ၎င်းဆုသည် အမျိုးသမီးများနှင့် မိန်းကလေးများ၏ အခွင့်အရေးများ ရရှိစေရေးအတွက် ကြီးမားသော အားထုတ်မှု (သို့မဟုတ်) တခါတရံ အန္တရာယ် ကြုံတွေ့နိုင်သော အခြေအနေတခုတွင် စွမ်းဆောင်ကူညီပေးသော အဖွဲ့များသို့ အပ်နှင်းသည့် ဆုတခု ဖြစ်သည်။

၂၀၀၈ ခုနှစ်တွင် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် ကမ္ဘာ့တဝှမ်း ဒီမိုကရေစီမြှင့်တင်ပေးသော အမေရိကန်အခြေစိုက်အဖွဲ့အစည်းတခုဖြစ်သည့် National Democratic Institute မှ ပေးအပ်သော မဒရင်းကေ အောဗရိုက်ဆု (Madeleine K. Albright Award) ကို လက်ခံရရှိခဲ့သည်။ ၂၀၀၈ ခုနှစ်တွင်ပင် WLB သည် အမေရိကန် အခြေစိုက် International Repulbican Institutes အဖွဲ့၏ အမျိုးသမီး ဒီမိုကရေစီကွန်ယက်က ပေးအပ်သော Jeanne J. Kirkpatrick ဆုရှင် (၃) ဦးအနက် တဦးဖြစ်ခဲ့သည်။ ထိုဆုသည် နိုင်ငံရေးနှင့် လူထုလူ့အဖွဲ့အစည်းတွင် အမျိုးသမီးများ တိုးတက်လာစေရေးအတွက် စွမ်းစွမ်းတမံ အားထုတ်ပေးသော အမျိုးသမီးအတွက် ဂုဏ်ပြုပေးအပ်ခြင်း ဖြစ်သည်။ ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှား ဆောင်ရွက်ရေးအသင်း (SWAN) မှ ချန်တောင်းသည် ဆုရှင်များအနက် တဦးဖြစ်ခဲ့သည်။

WLB တည်ထောင်ရန်အတွက် အခက်အခဲဖြစ်စေခဲ့သော စိန်ခေါ်ချက်အများစုသည် ယခု အချိန်တွင် ကျော်လွှားနိုင်ခဲ့ပြီး အထူးတလည် မြင်တွေ့နိုင်သည်။ WLB တွင် ယခု တာဝန်ထမ်း ဆောင်နေသော လူငယ်အမျိုးသမီးများသည် ယုံကြည်မှုနှင့် အတွေ့အကြုံ တန်းတူရှိလာ စေရန် လေ့လာနေကြပြီး အမျိုးသမီးများ၏ နိုင်ငံရေး စွမ်းဆောင်မှုအပေါ်တွင်လည်း အပြည့်အဝ သံမိဌာန်ချထားကြသည်။ ဆက်သွယ်ရေး နည်းပညာ တိုးတက်လာခြင်းကြောင့် အမျိုးသမီးများ အကြား ပိုမိုလွယ်ကူစွာ ပုံမှန်ထိတွေ့နိုင်သဖြင့် ဆက်ဆံရေးတည်ဆောက်ခြင်းနှင့် ဆုံးဖြတ်ချက် များချရာတွင် ပို၍ လွယ်ကူသွားစေသည်။

အဖွဲ့ချုပ်သည် အတိုက်အခံလှုပ်ရှားမှုအတွင်း သိသာမြင်သာသော သက်ရောက်မှုများ လုပ် ဆောင်နိုင်သကဲ့သို့ နိုင်ငံတကာတွင်လည်း မြန်မာနိုင်ငံအကြောင်း ပိုမိုသိရှိလာအောင် ဆောင် ရွက်နေသော်လည်း မြန်မာနိုင်ငံအတွင်း သက်ရောက်မှုဖြစ်စေရန်အတွက် အဖွဲ့ချုပ်အဖို့ ပို၍ခက် ခဲလာနေသည်။ WLB ရည်မှန်းချက်များနှင့် ဆက်နွယ်သော သင်တန်းများ၊ အလုပ်ရုံ ဆွေးနွေး ပွဲများကို အဖွဲ့ဝင်အဖွဲ့အစည်းများက စစ်အစိုးရထိန်းချုပ်ခြင်းမရှိသော မြန်မာနိုင်ငံ၏ နေရာအ နှံ့အပြားတွင် လုပ်ဆောင်ထားနိုင်သည်။ ထို့အပြင် WLB ၏ စည်းရုံးရေး အားထုတ်မှုများ၊ လူ ထုအခမ်း အနားများနှင့် လုပ်ငန်းများစွာကို မြန်မာ့အတိုက်အခံမီဒီယာများတွင်ဖော်ပြနေကြ သည်။ သို့သော် WLB သည် ပိုမိုအတွင်းကျသော မြန်မာနိုင်ငံဒေသများသို့ လက်လှမ်းမမှီ သေးခြင်း (သို့မဟုတ်) တိုင်းပြည်အတွင်း နေထိုင်နေသော အမျိုးသမီး၊ အမျိုးသားများစွာတို့ ၏ စဉ်းစားချက်ကို လွှမ်းမိုးနိုင်သော လုပ်ငန်းများ မလုပ်ဆောင်နိုင်သေးပေ။ မြန်မာနိုင်ငံရှိ လွတ်လပ်သော တသီးပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက မီဒီယာများအပေါ် ကန့်သတ် ထိန်းချုပ်မှုများ ရှိနေခြင်းကြောင့် ယင်းစိန်ခေါ်ချက်ကို အလွယ်တကူ ကျော်ဖြတ်နိုင်မည်တော့ မဟုတ်ပေ။ သို့သော်ငြား ၎င်းကန့်သတ် ချုပ်ချယ်မှုများ အနာဂတ်တွင် ပြောင်းလဲလာမည်ကို တော့ WLB အဖွဲ့ဝင်များကများစွာ မျှော်မှန်းထားသည်။

# အနာဂတ်

မိမိတွေ့ဆုံမေးမြန်းခဲ့သော WLB တည်ထောင်သူ အဖွဲ့အစည်းများနှင့် အဖွဲ့ဝင်အသစ်များမှ အဖွဲ့ဝင်အားလုံးက WLB သည် ရှေ့နှစ်ပေါင်းများစွာကြာ ဆက်လက်တည်တန့်နေအုံးမည်ဟု မျှော်လင့်ထားကြသည်။ WLB သည် အတိုက်အခံလှုပ်ရှားမှုအတွင်း နိုင်ငံရေးတွင် အမျိုးသမီး ပါဝင်နိုင်မှုအတွက် နေရာတခုလမ်းဖွင့်ပေးခြင်းနှင့် လူငယ်အမျိုးသမီးလှုပ်ရှားတက်ကြွသူများ မွေးထုတ်ပေးရေးကို ဆက်လက်လုပ်ဆောင်နေမည်ဟု သူတို့အားလုံးက ယုံကြည်ကြသည်။ WLB သည် လုပ်ခွင့်ရလာသည့်အချိန်တွင် အဖွဲ့ချုပ်၏ လုပ်ငန်းခွင် နေရာဒေသ အကျယ်အဝန်းကို ချဲ့ထွင်သင့်သည်ဟု တော်တော်များများက ယုံကြည်ကြသည်။ မြန်မာနိုင်ငံတွင် ကြီးမားသော နိုင်ငံရေး အပြောင်းအလဲများ ဖြစ်ပေါ်လာချိန်တွင် WLB (သို့မဟုတ်) အလားတူ ရည်မှန်းချက်ရှိသော အဖွဲ့အစည်းတခုသည် အမျိုးသမီးများ နိုင်ငံရေးတွင် တန်းတူရည်တူ ကိုယ်စားပြုနိုင်ခြင်းနှင့် တန်းတူရည်တူ ဆက်ဆံခံရသည့်အချိန်အထိ အမျိုးသမီးများအတွက် အလုပ်လုပ်နိုင်သော အခင်းအကျင်းတခုကို ဆက်လက်ဖန်တီးနေရမည်ဟု တွေ့ဆုံမေးမြန်းခဲ့သူ အမျိုးသမီးများက မှတ်ယူခဲ့ကြသည်။ သူတို့၏ အမြင်များ တနေ့တွင် အကောင်အထည် ပေါ်လာမည်မှာ အမှန်ပင် ဖြစ်သည်။

**"ကျမအသက်ရှင်နေသမျှ ကာလပတ်လုံး WLB ဆက်ရှိနေအုံးမယ်လို့ ကျမမျှော်လင့်ပါတယ်။ လူငယ်အမျိုးသမီးတွေ ယုံကြည်ချက်အပြည့်နဲ့ နိုင်ငံရေးမှာ တက်တက်ကြွကြွလုပ်နေကြတာမြင်ရတာ ကျမ အားတက်မိပါတယ်။"**

**– တင်တင်ခိုင် (ထားဝယ်အမျိုးသမီးသမဂ္ဂ)**

## နောက်ဆက်တွဲ (က) အမည်အတိုကောက်များ စာရင်း

| | |
|---|---|
| ABDLWO | မြန်မာနိုင်ငံလုံးဆိုင်ရာဒီမိုကရက်တစ် လူ့ရှိုင်းအမျိုးသမီးများအဖွဲ့ |
| ABSDF | မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး |
| BWU | မြန်မာ့အမျိုးသမီးများသမဂ္ဂ |
| CWO | ချင်းအမျိုးသမီးများအဖွဲ့ |
| KIO | ကချင်လွတ်မြောက်ရေး အဖွဲ့ |
| KNLA | ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် |
| KNPP | ကရင်နီအမျိုးသားတိုးတက်ရေးပါတီ |
| KNU | ကရင့်အမျိုးသားအစည်းအရုံး |
| KNWO | ကရင်နီ အမျိုးသမီးအစည်းအရုံး |
| KWAT | ကချင်အမျိုးသမီးများ အစည်းအရုံး ထိုင်းနိုင်ငံ |
| KWHRO | ကူကီးအမျိုးသမီးများဆိုင်ရာ လူ့အခွင့်အရေး အစည်းအရုံး |
| KWO | ကရင်အမျိုးသမီးအစည်းအရုံး |
| LWO | လားဟူ အမျိုးသမီးအဖွဲ့အစည်း |
| MWO | မွန်အမျိုးသမီးအဖွဲ့ |
| PWO | ပလောင်အမျိုးသမီးအဖွဲ့အစည်း |
| PWU | ပအိုဝ်းအမျိုးသမီးသမဂ္ဂ |
| RWU | ရခိုင်အမျိုးသမီးများအစည်းအရုံး |
| SWAN | ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှား ဆောင်ရွက်ရေးအသင်း |
| TWU | ထားဝယ်အမျိုးသမီးများသမဂ္ဂ |
| WLB | အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) |
| WLC | ချင်းလဲန်းအမျိုးသမီးများအဖွဲ့ချုပ် |
| WRWAB | မြန်မာနိုင်ငံ အမျိုးသမီးရေးရာနှင့် အခွင့်အရေးများဆိုင်ရာအဖွဲ့ |

# နောက်ဆက်တွဲ (၁) တွေ့ဆုံမေးမြန်းခဲ့သူများ စာရင်း

| အမည် | အဖွဲ့အစည်း (၁၉၉၈ – ၉) | မေးမြန်းခဲ့သည့်နေရာ | ရက်စွဲ |
|---|---|---|---|
| အားမူဒို | KNOW | ချင်းမိုင် | ၂၀၀၉ ဒီဇင်ဘာ ၉ |
| ပေပါ ကာဝင် | BRC | ချင်းမိုင် | ၂၀၁၀ ဇန်နဝါရီ ၁၃ |
| Dr. စင်သီယာမောင် | မယ်တော်ဆေးခန်း | မယ်ဆောက် | ၂၀၁၀ ဇန်နဝါရီ ၁၅ |
| ခင်ဥမ္မာ | BWU (နောက်ပိုင်း NDD နှင့် BP) | မယ်ဆောက် | ၂၀၁၀ ဇန်နဝါရီ ၁၇ |
| နော်လေးဒီ | BWU | မယ်ဆောက် | ၂၀၁၀ ဇန်နဝါရီ ၁၅ |
| တင်တင်ခိုင် | TWU | မယ်ဆောက် | ၂၀၁၀ ဇန်နဝါရီ ၁၆ |
| နော်ဇီဖိုးရာစိန် | KWO (နောက်ပိုင်း KNU) | မယ်ဆောက် | ၂၀၁၀ ဇန်နဝါရီ ၁၆ |
| နော်ဇန္ဒာပိုင်း | KWO | မယ်ဆောက် | ၂၀၁၀ ဇန်နဝါရီ ၁၆ |
| သင်းသင်းအောင် | WRWAB | ချင်းမိုင် | ၂၀၁၀ ဇန်နဝါရီ ၂၁ |
| ဆိုင်နောင့် | WRWAB | ချင်းမိုင် | ၂၀၁၀ ဇန်နဝါရီ ၂၂ |
| ရှယ်လီဆိုင်း | KWAT | ချင်းမိုင် | ၂၀၁၀ ဇန်နဝါရီ ၂၂ |
| မိဆူးပွင့် | BWU | ချင်းမိုင် | ၂၀၁၀ ဇန်နဝါရီ ၂၅ |
| နော်ဘွိုးဖော | KNWO | ဖုန်းဖြင့် | ၂၀၁၀ ဇန်နဝါရီ ၂၅ |
| လင်ဒါ | KWAT | ချင်းမိုင် | ၂၀၁၀ ဇန်နဝါရီ ၂၆ |
| နန်းယဉ် | BWU | ချင်းမိုင် | ၂၀၁၀ ဇန်နဝါရီ ၂၆ |
| ဟန် ညောင်ရွှေ | EBO | အီးမေးလ်ဖြင့် | ၂၀၁၀ ဇန်နဝါရီ ၂၆ |
| လောဝ်လျှန်းဝမ်း (ဌေးဌေး) | SWAN | ချင်းမိုင် | ၂၀၁၀ ဇန်နဝါရီ ၂၇ |
| မိခွန်ချန်းနွန် | MWO | ဖုန်းဖြင့် | ၂၀၁၀ ဇန်နဝါရီ ၃၀ |
| ဆိုင်မွန်း | SWAN | ချင်းမိုင် | ၂၀၁၀ ဖေဖော်ဝါရီ ၁ |
| လွေးအေးနန်း | PWO | ဖုန်းဖြင့် | ၂၀၁၀ ဖေဖော်ဝါရီ ၁ |
| အက်စတာစောလုံ | EarthRighs | ဖုန်းနှင့် အီးမေးလ်ဖြင့် | ၂၀၁၀ ဖေဖော်ဝါရီ ၂ |

| အမည် | အဖွဲ့အစည်း (၁၉၉၈ – ၉) | မေးမြန်းခဲ့သည့်နေရာ | ရက်စွဲ |
|---|---|---|---|
| Debbie Stothard | Altsean | ဖုန်းနှင့် အီးမေးလ်ဖြင့် | ၂၀၁၀ ဖေဖော်ဝါရီ ၂ |
| Betsy Apple | EarthRighs | အီးမေးလ်ဖြင့် | ၂၀၁၀ ဖေဖော်ဝါရီ ၂ |
| Brenda Belak | Images Asia | ဖုန်းဖြင့် | ၂၀၁၀ ဖေဖော်ဝါရီ ၃ |
| အောင်မျိုးမင်း | HREIB | ဖုန်းဖြင့်မေးမြန်း | ၂၀၁၀ ဖေဖော်ဝါရီ ၃ |
| Jackie Pollock | MAP | ဖုန်းဖြင့် | ၂၀၁၀ ဖေဖော်ဝါရီ ၃ |
| စောမြရာဇာလင်း | RWU | ဖုန်းဖြင့်မေးမြန်း | ၂၀၁၀ ဖေဖော်ဝါရီ ၅ |
| Mary O’kane | BWU ၌ စေတနာ့ဝန်ထမ်းလုပ်ခဲ့သူ | ဖုန်းဖြင့်မေးမြန်း | ၂၀၁၀ ဖေဖော်ဝါရီ ၁၅ |
| အေးအေးမြင့် | LWO | ချင်းမိုင် | ၂၀၁၀ ဖေဖော်ဝါရီ ၁၈ |
| နန်းအိမ် | LWO | ချင်းမိုင် | ၂၀၁၀ ဖေဖော်ဝါရီ ၁၈ |
| စန်းပွီး | ABDLWO | ဖုန်းဖြင့်မေးမြန်း | ၂၀၁၀ ဖေဖော်ဝါရီ ၂၁ |

## နောက်ဆက်တွဲ (ဂ) အမြင့်ရေးသားထားသော ကိုးကားစာတမ်းများ စာရင်း

- Brenda Belak မှ စုစည်းရေးသားထားသည့် “အင်အားစုစည်းခြင်း – မြန်မာနိုင်ငံမှ အမျိုးသမီးများ၏ အခွင့်အရေးများ (Gathering Strength)” ၂၀၀၂ ခုနှစ် ဇန္နဝါရီလတွင် Images Asia မှထုတ်ဝေ၊ (အင်္ဂလိပ်ဘာသာ)
- ၁၉၉၈ နှောင်းပိုင်းနှင့် ၁၉၉၉ ခုနှစ်အစပိုင်းအတွင်း Burma Relief Centre မှ Pippa နှင့် ယူရို–မြန်မာရုံး (EBO) မှ ဦးဟန်ယောင်ဟွေ၊ Louisa Benson Craig နှင့် မြန်မာ့အမျိုးသမီး သမဂ္ဂမှ မိဆူးပွင့် ဆက်သွယ်သော အီးမေးလ် သုံးစောင် (အင်္ဂလိပ်ဘာသာ)
- Burma Relief Centre မှ Euro Burma Office သို့ပေးပို့သော မြန်မာနိုင်ငံမှ အမျိုးသမီးအဖွဲ့များဆုံရပ် စီစဉ်ခဲ့သည့် အစီရင်ခံစာ၊ ၁၉၉၈ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့ (အင်္ဂလိပ်ဘာသာ)
- မြန်မာ့အမျိုးသမီးသမဂ္ဂ၊ လှုပ်ရှားမှုအစီရင်ခံစာ၊ ၁၉၉၈ – ၂၀၀၁ ခုနှစ် (အင်္ဂလိပ်ဘာသာ)

- မြန်မာ့အမျိုးသမီးသမဂ္ဂ၏ ပထမညီလာခံမှတ်တမ်း၊ အစည်းအဝေးဆုံးဖြတ်ချက်နှင့် လုပ်ငန်းစီမံချက်များ၊ ၁၉၉၈ ခုနှစ် ဇန္နဝါရီလ (မြန်မာဘာသာ)
- မြန်မာ့အမျိုးသမီးသမဂ္ဂ၊ မြန်မာအမျိုးသမီးဆွေးနွေးပွဲ စီစဉ်ရန်အတွက် ၁၉၉၈ ခုနှစ်အစပိုင်းတွင် NED သို့တင်သော ငွေတောင်းခံလွှာ (ပထမညီလာခံနောက်ပိုင်) (အင်္ဂလိပ်ဘာသာ)
- မြန်မာ့အမျိုးသမီးသမဂ္ဂ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်၊ ၁၉၉၈ ခုနှစ် ဂျူလိုင်လ (မြန်မာဘာသာ)
- မြန်မာ့အမျိုးသမီးသမဂ္ဂ၊ မြန်မာအမျိုးသမီးဆွေးနွေးပွဲ အစီအစဉ်ပြောင်းလဲမှုကိစ္စနှင့်ပတ်သက်၍ National Endowment for Democracy မှ Brian Joseph အားဆက်သွယ်သည့် အီးမေးလ်၊ ၁၉၉၉ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ (အင်္ဂလိပ်ဘာသာ)
- မြန်မာ့အမျိုးသမီးသမဂ္ဂ၊ အမျိုးသမီးခေါင်းဆောင်ဖြစ်မှုသင်တန်းနှင့် နှစ်နှစ်တကြိမ် ဆွေးနွေးပွဲအတွက် ၁၉၉၉ ခုနှစ် ဧပြီလ ၂၅ ရက်နေ့တွင် National Endowment for Democracy အား ပေးပို့ခဲ့သော ပြန်လည်ပြုပြင်ထားသည့် ငွေတောင်းခံလွှာ (အင်္ဂလိပ်ဘာသာ)
- မြန်မာ့အမျိုးသမီးသမဂ္ဂ၊ ထိုင်း–မြန်မာနယ်စပ်ရှိ ဒုက္ခသည်အမျိုးသမီးများအတွက် သင်တန်းများ ပြန်လုပ်ရန် (၁၉၉၉–၂၀၀၀) National Endowment for Democracy အား ၁၉၉၉ ခုနှစ် ဂျူလိုင်လ ၁၆ ရက်နေ့တွင် ပေးပို့ခဲ့သော ငွေတောင်းခံလွှာ (အင်္ဂလိပ်ဘာသာ)
- မြန်မာ့အမျိုးသမီးသမဂ္ဂ၏ အလုပ်အမှုဆောင်ကော်မတီမှ အမျိုးသမီးအဖွဲ့ကြိုတင် အစည်းအဝေး စီစဉ်သူများအား ပို့ပေးသောစာ၊ ၁၉၉၉ ခုနှစ် ဂျူလိုင်လ ၃၀ ရက်နေ့ (မြန်မာဘာသာ)
- Christina Fink ၏ မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများဆိုင်ရာ လုပ်ငန်းများအပေါ် ပြန်လည် သုံးသပ်ချက်၊ ၂၀၀၀ ခုနှစ် မေလ (အင်္ဂလိပ်ဘာသာ)
- ကနေဒါ နိုင်ငံတကာ ဖွံ့ဖြိုးရေးအေဂျင်စီ (Canadian International Development Agency) မှ ထောက်ပံ့ပေးသည့် မြန်မာဒုက္ခသည်များအတွက် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းအစီအစဉ်များအပေါ် Christina Fink မှပြုလုပ်ခဲ့သည့်နှစ်ဝက်ပြန်လည်သုံးသပ်ချက်၊ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ (အင်္ဂလိပ်ဘာသာ)

- ၁၉၉၅ ခုနှစ်ထုတ် **Cultural Survival Quarterly** ယဉ်ကျေးမှုရှင်သန်ခြင်းစာစောင်ထဲတွင် **Edith T. Mirante** မှရေးခဲ့သည့် မြန်မာနိုင်ငံ၏ ဌာနေတိုင်းရင်းသူအမျိုးသမီးများအား စွမ်းရည်မြှင့်တင်ရေးအခြေအနေ (အင်္ဂလိပ်ဘာသာ)
- လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ **(Human Rights Watch)** မှ စီရင်တင်ပြသည့် မြန်မာနိုင်ငံ – မာနယ်ပလောကျဆုံးခဲ့ရမှုနှင့်ဆက်နွယ်သည့် ချိုးဖောက်မှုများ၊ ၁၉၉၅ ခုနှစ် မတ်လ ၁ ရက်နေ့
- **Images Asia** မှ ၁၉၉၉ ခုနှစ်အလယ်ပိုင်းတွင် ရေးခဲ့သည့် "အမျိုးသမီးလုပ်ငန်းစီမံချက်များ အကျဉ်းချုပ်" (အင်္ဂလိပ်ဘာသာ)
- **Ruth Jensen** နှင့် **Mary O'Kane** တို့မှ ပြုလုပ်ခဲ့သည့် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၏ ပြန်လည်သုံးသပ်ချက်အစီရင်ခံစာ၊ ၂၀၀၆ ခုနှစ် ဧပြီလ (အင်္ဂလိပ်ဘာသာ)
- မြန်မာ့အမျိုးသမီးသမဂ္ဂ **(BWU)** မှပို့လာခဲ့သည့်စာအပေါ် ကရင်အမျိုးသမီးအစည်းအရုံး **(KWO)**၊ ကရင်နီအမျိုးသမီးအစည်းအရုံး **(KNWO)** နှင့် ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှား ဆောင်ရွက်ရေးအသင်း **(SWAN)** တို့မှ "အမျိုးသမီးအဖွဲ့အစည်းများ၏ ကြိုတင်အစည်းအဝေးနှင့် ဆက်စပ်၍" ဆိုသည့်ခေါင်းစဉ်ဖြင့် ပြန်စာ၊ ၁၉၉၉ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့ (မြန်မာဘာသာ)
- ၁၉၉၅ ခုနှစ်ထုတ် **Cultural Survival Quarterly** ယဉ်ကျေးမှုရှင်သန်ခြင်းစာစောင်ထဲတွင် **Hazel J. Lang** မှ အမျိုးသမီး ဒုက္ခသည် – မြန်မာနိုင်ငံမှ ရှုထောင့် ဆောင်းပါး (အင်္ဂလိပ်ဘာသာ)
- ဆုံရပ်ဖြစ်မြောက်ရေးကော်မတီ၊ ဒုတိယအကြိမ် မြန်မာနိုင်ငံမှ အမျိုးသမီးအဖွဲ့အစည်းများ၏ ဆုံရပ်အပေါ် တိုင်းရင်းသား ပြန်လည်သင့်မြတ်ရေးလုပ်ငန်းအစီအစဉ် **(National Reconciliation Programme)** အားပို့သည့် အစီရင်ခံစာ (ရက်စွဲအတိအကျမရှိ၊ ၁၉၉၉ ခုနှစ် ဒီဇင်ဘာလတွင် ဆုံရပ်စီစဉ်ပြီးနောက်) (အင်္ဂလိပ်ဘာသာ)
- ဆုံရပ်ဖြစ်မြောက်ရေးကော်မတီ၊ ဒုတိယအကြိမ် မြန်မာနိုင်ငံမှ အမျိုးသမီးအဖွဲ့အစည်းများ၏ ဆုံရပ် အစီရင်ခံစာ၊ ၁၉၉၉ ခုနှစ် ဒီဇင်ဘာလ (အင်္ဂလိပ်ဘာသာ)
- တိုင်းရင်းသူအမျိုးသမီးအဖွဲ့များ၏ ကြိုတင်အစည်းအဝေးကိစ္စနှင့်ပတ်သက်၍ တိုင်းရင်းသူ အမျိုး

သမီး အဖွဲ့များ၏ ကိုယ်စားလှယ်များမှ BWU ၏ အလုပ်အမှုဆောင်ကော်မတီအားပေးပို့ခဲ့သည့်စာ၊ ၁၉၉၉ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့ (မြန်မာဘာသာ)

- ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း၊ SWAN – ၁၀ နှစ်တာခရီး၊ ၂၀၀၉ ခုနှစ် မတ်လ (အင်္ဂလိပ်ဘာသာ)
- ထိုင်း–မြန်မာနယ်စပ်တလျှောက် ကူညီစောင့်ရှောက်ရေးညွှန့်ပေါင်းအသင်း၊ “ထိုင်း–မြန်မာနယ်စပ် အခြေအနေ သမိုင်းအကျဉ်းချုပ်” http://www.tbbc.org/camps/history.htm၊ ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့ (အင်္ဂလိပ်ဘာသာ)
- အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၊ “ပထမဆုံး ကော်မတီအစည်းအဝေး သဘောတူညီချက်၊” ၁၉၉၉ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့ (အင်္ဂလိပ်ဘာသာ)
- အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၊ “လှုပ်ရှားမှုတခုအတွင်း လှုပ်ရှားမှုတခုတည်ဆောက်ခြင်း – WLB သည် ကျား၊ မ တန်းတူရေးလပ်ရှားမ၏ ဆယ်နှစ်တာကာလသို့ ဆိုက်ရောက်လာခြင်း” အစီရင်ခံစာ၊ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ (မြန်မာနှင့် အင်္ဂလိပ်ဘာသာ)
- အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၊ ညီလာခံ ဆုံးဖြတ်ချက်များ (၂၀၀၁ ခုနှစ် – ၂၀၀၉ ခုနှစ် (မြန်မာဘာသာ)
- အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၊ ဖွဲ့စည်းပုံ (မြန်မာနှင့် အင်္ဂလိပ်ဘာသာ)
- အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၊ သဘာပတိအစည်းအဝေးများ၏ ဆုံးဖြတ်ချက်များ (၂၀၀၁ – ၂၀၀၉ ခုနှစ်) (မြန်မာဘာသာ)
- အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၊ ပထမ လှုပ်ရှားမှုအစီအရင်ခံစာ၊ ၂၀၀၈ ခုနှစ် အောက်တိုဘာလ (မြန်မာနှင့် အင်္ဂလိပ်ဘာသာ)
- အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အင်တာနက်စာမျက်နှာ၊ “အဖွဲ့ဝင်များ” www.womenofburma.org၊ ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ဝင်ကြည့်ခဲ့